www.burmeseclassic.com

# ဝိုင်းကလေး

ဆင်းကတ်ပူးစာ

BURMESE CLASSIC .com

GRAPHIC - RK

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဦးအောင်မိုး (ခုနစ်ဝဲ့ကြယ်စာပေ)
အမှတ် - (၁၈၂)၊ (၃၁) လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြေသုံ့ပုံနှိပ်တိုက်)
အမှတ်- (၂၂၅)၊ (၃၂) လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ကွန်ပျူတာစာစီ
မြသီရိ
မျက်နှာဖုံးဒီဇိုင်း
ရဲလေး
အတွင်းဖလင်
ကိုကြီးပေါက် (၀၉-၄၂၀၂၄၃၃၂၇)
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၅ ခုနှစ်
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ခုနစ်ဝဲ့ကြယ်စာပေ
အမှတ် - (၁၈၂)၊ (၃၁) လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၇၃၀၅၁၈၆၄ ၀၉ ၇၃၀၂၆၃၅၀

၈၉၅.၈၃
မိန်းကလေး
ဆင်းကတ်ပွဲစား / မိန်းကလေး ။ - ရန်ကုန်။
ခုနစ်ဝဲ့ကြယ်စာပေ၊ ၂၀၁၅ ။
၂၅၆ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) ဆင်းကတ်ပွဲစား

## အခန်း (၁)

"အိုး ရှင်"

သူမ ရှေ့တိုးဝင်လာတဲ့ လူရွယ်ကြောင့် အစိမ်းဆင့် နေရခက်ခက်ဖြစ်သလို ထိုလူရွယ်ကိုလည်း မျက်စောင်းထိုး၏။

လူရွယ်က မမှုသလို တိုးဝင်လျှင် –

"ရှင် ဘယ်လိုဖြစ်နေလဲ"

"ဘာဖြစ်ရမှာလဲ၊ ကျုပ်နေရာ ကျုပ်ဝင်တာ"

"ဘာ ကျုပ်နေရာလဲ"

အစိမ်းဆင့် မျက်စောင်းရင့်ရင့်နှင့် ထိုးပြီး ပြော၏။ လူရွယ်က မျက်မှောင်ကြုတ်၍ ငဲ့ကြည့်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကျုပ်နေရာ။ မယုံရင် ရှေ့က ဦးလေးကြီးကို မေးကြည့်"

သူက သူ့ရှေ့က တန်းစီနေတဲ့လူကြီးကို မေးထိုးရင်း ပြောသည်။ သူ့ရှေ့ကလူကြီးကလည်း ငဲ့ကြည့်လာသည်။

"ဦးလေး ဒါ ကျွန်တော့်နေရာမဟုတ်ဘူးလား"

ငဲ့ကြည့်တဲ့လူကြီးကိုလည်း စစ်ကူတောင်းသလို ပြော၏။ လူကြီးက ခေါင်းဆတ်၍ –

"ဟုတ်တယ် တူမကြီး။ ဦးလေးနောက်က ဒီလူငယ်"

"ဟွန်း သမီး လာပြီးတန်းစီတုန်းက သူ မရှိဘူး။ ဦးလေးနောက်မှာ ဘယ်သူမှမရှိဘူး။ အဲဒါနဲ့ သမီး ကမန်းကတန်း စီထားတာ။ ခုမှ သူက ကြားဝင်တာ"

"မဟုတ်ဘူး တူမကြီးရဲ့၊ သူ ဦးလေးကိုပြောပြီး အပြင်ထွက်သွားတာ။ အခုပြန်လာပြီး သူ့နေရာသူ ပြန်စီတာ"

ထိုလူကြီးကလည်း သူ့နေရာလို့ တစ်ပြောတည်းပြောနေသည်။ ထိုလူကြီးရှေ့က တန်းစီနေကြတဲ့သူများလည်း အစိမ်းဆင့်ဘက်လှည့်ကြည့်ကာ –

"ဟုတ်တယ်လေ၊ ဒီကဦးလေးကြီးနောက်က ကောင်လေး။ ကောင်လေး အပြင်ထွက်သွားတုန်း သမီးရောက်လာပြီး တန်းစီတော့ ဦးလေးကြီးနောက်က ဖြစ်နေတာမျိုး။ အခု ကောင်လေးက သူ့နေရာသူ ပြန်စီတာ သမီးရဲ့"





အဒေါ်ကြီးတစ်ဦးဟာလည်း သူ့ဘက်က ပြော၏။

ထိုအခါ အစိမ်းဆင့် နှုတ်ခမ်းကိုက်ကာ၊ ပြောဆိုတဲ့ တွန်းပစ်ချင်တဲ့ သူ့ကို တွန်းပစ်ချင်မသာ။

သူမနောက်က တန်းစီနေတဲ့သူများလည်း ဝင်ပြော၏။

"ရှေ့ကလူတွေက ကောင်လေးနေရာ ပြောနေမှတော့ နေပါစေတော့ ညီမရယ်။ အဲဒီကောင်လေးပြီးရင် ညီမအလှည့်ပဲဟာ။ အစ်မတို့တောင် ညီမနောက်မှလေ"

"ကျွတ်"

အစိမ်းဆင့် သူ့နောက်ကျောကို ဘုန်းခနဲထုချချင်တော့သည်။ ဒါကြောင့် လက်သီးဆုပ်လေး ရှုယ်မိ၏။

အစိမ်းဆင့်နောက်မှ တန်းစီနေတဲ့ ထိုအစ်မကြီးက အစိမ်းဆင့် လက်သီးဆုပ်လေးကို ဆွဲယူကာ –

"ညီမရယ် စိတ်ပျည်ရှည်ထားမှပေါ့။ အားလုံးဘဝတူတွေပဲ တာ"

"အို အစ်မကလည်း ဖုန်းကတ်က ဘယ်လောက်ရောင်းမယ်မှန်း သေသိဘူး။ တော်ကြာ ညီမအလှည့်မှာ ဖုန်းကတ်ကုန်သွားပြီဆိုရင် ဘယ့်နှယ်လုပ်မလဲ"

"အားလုံး လိုချင်တာချင်းအတူတူပဲလေ"

"ကျုပ်က အတင်းတိုးပြီး နေရာလုတာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ထိုအစ်မကြီးနဲ့ အစိမ်းဆင့်ပြောနေတာကို သူ သည်းမခံနိုင်သလို လှည့်ပြော၏။ အစိမ်းဆင့်ကလည်း သည်းမခံချင်တာမို့ –

"ဟွန်း ထွက်သွားပြီးမှ နေရာလာပြန်ယူတာ နေရာလုတာနဲ့ အတူတူပဲ"

"ဘာလဲ မင်း မကျေနပ်ဘူးလား"

သူလည်း သည်းမခံချင်သလို လှည့်ပြောလျှင် အစိမ်းဆင့် ဒေါက်ခနဲ့ ထုတ်ပြောလိုက်သည်။

"မကျေနပ်ဘူး"

"ဟွန်း"

သူက နှာခေါင်းလေးရှုံ့၍ ပြော၏။

"မကျေနပ်ရင် လဲသေလိုက်"

"အောင်မာ"

"ကဲပါ တော်ကြပါတော့ တူမကြီးရယ်။ ဟိုမှာ ဖုန်းကတ်က စ,ရောင်းနေပြီ၊ အလှည့်ရောက်ဖို့ ဆုတောင်းကြ"

သူရှေ့က ထိုလူကြီးလှည့်ပြောလျှင် အစိမ်းဆင့် နှုတ်ဆိတ်လိုက်ရသည်။ ဒါပြင် ဖုန်းကတ်တွေ စရောင်းနေပြီဆိုတဲ့အသံက သူနဲ့ပက်ပြိုင်ရန်ဖြစ်ဖို့ စိတ်မဝင်စားနိုင်တော့ပါ။

သူ့ရှေ့မှ တစ်မျှော်တစ်ခေါ် တန်းစီထားတဲ့လူတန်းကြီးကို ကြည့်ရင်း သူမအလှည့် ရမှရပါ့မလား စိတ်ပူသွား၏။





ထို့ကြောင့် ရှေ့ကတန်းစီနေတဲ့သူကို အံကြိတ်ကြည့်ရင်း ဆုတောင်းနေရသည်။

ဆင့်အလှည့်ရောက်ပါစေ။

ဟုတ်တယ်လေ။

ဆင့်က ဖုန်းဆင်းကတ်ကို အရူးအမူးလိုချင်လို့ ဒုက္ခခံပြီး တန်းစီနေတာ မဟုတ်လား။

✿ ✿ ✿

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဒါ ဘယ်က သဝေထိုးပြီးပြန်လာတာလဲ မိဆင့်"

တိုက်ခန်းလေးထဲ လှမ်းဝင်သည်နှင့် မနှစ်မြို့စွာ မာမီ ဆီးမေးလေသည်။ အစိမ်းဆင့် ခြေလှမ်းလေးတန့်ကာ မာမီ့ကို မဝံ့မရဲကြည့်၍–

"အပြင်ခဏသွားတာပါ မာမီ"

"အပြင်သွားတယ်ဆိုတာ မာမီသိတယ်။ အပြင်သွားပြီး ဘာသွားလုပ်တာလဲ။ အဲဒါကို မာမီ မေးနေတာ"

မာမီက ခါးမထောက်ရုံတမယ် သူမကိုကြည့်၍ စစ်စစ်ပေါက်ပေါက် မေးခွန်းထုတ်၏။

အစိမ်းဆင့် ဒက်ခနဲမဖြေရဲ။





"ဟို ဟိုလေ စုစုတို့ဆီ"

"စုစုတို့ဆီသွားတယ်လို့ ညာဦးမလို့လား"

အစိမ်းဆင့် စကားလေးမဆုံးသေးပါ။ မာမီ ဒက်ခနဲမေးရင်း ရှေ့တိုးလာသည်။ ထိုအခါ အစိမ်းဆင့် ကိုယ်လုံးလေးကျုံ့မိသွားကာ–

"ဟိုလေ မာမီ"

"ဆင်းကတ်တန်းစီပြီး ပြန်လာတာမဟုတ်လား"

မာမီက တကယ်သိနှင့်သလိုမေးလျှင် အစိမ်းဆင့် ညာရခက်သွား၏။ မလုံတဲ့စိတ်နဲ့ မျက်တောင်လေးပုတ်ခတ်လုပ်ရင်း အခြေအနေက ခေါင်းညိတ်ရမလို ဖြစ်လေသည်။

"ညည်းကို ငါ မွေးထားတာပါ မိဆင့်ရယ်။ ညည်းလေး မာမီ့ကို ညာဖို့မကြိုးစားပါနဲ့။ ဆင်းကတ်လေးတစ်ကတ်ရဖို့ တိုးတိုးဝှေ့ဝှေ့သွားပြီး တန်းစီနေရတယ်လို့"

အစိမ်းဆင့် နှုတ်ဆိတ်နေလိုက်ရသည်။ နဂိုကတည်းက မာမီ ခွင့်မပြုတာ ဆင့်သိနှင့်သည်။

"ကဲ ခုသွားပြီး တန်းစီလာတာ၊ ညည်းလိုချင်တဲ့ ဆင်းကတ် ရခဲ့ရဲ့လား"

အစိမ်းဆင့် ခေါင်းလေးရမ်း၏။

"ကျွတ် အဲဒါကြောင့်ပြောတာ။ ခွေးတိုးဝက်တိုးတိုးပြီး တန်းမစီနဲ့ဆို။ ခေါင်းကြောမာမာနဲ့ သွားပြီးတန်းစီတယ်။ တကယ်ပါ ငါ



www.burmeseclassic.com

www.burmeseclassic.com



မပြောလိုက်ချင်ဘူး။ ပေးထားတဲ့ဖုန်းကိုတော့ မယူဘဲနဲ့"

အစိမ်းဆင့် မာမီ့ကို ပြန်မပြောသေးပေမယ့် မာမီပေးတဲ့ဖုန်းကိုတော့ လုံးဝမနှစ်သက်ပါ။

ထိုဖုန်းက မာမီဝယ်ပေးတာမှ မဟုတ်ထား။

ဟိုလူကြီးဖုန်းလေ။

ဒါကြောင့် အစိမ်းဆင့် လက်မခံခြင်း။ အဲဒါကိုပဲ မာမီက တင်းနေတာ။ ခုလို ဆင်းကတ်အတွက် သွားပြီးတန်းစီမှန်းသိသွားတော့ မာမီ ပေါက်သွားခြင်း။

ဆင့်စိတ်ကူးက ထိုလူကြီးဝယ်ပေးတဲ့ဖုန်းထက် ဆင့်ဘာဆင့်တိုးဝှေ့တန်းစီပြီးဝယ်လို့ရတဲ့ ဆင်းကတ်ကိုပဲ သုံးချင်သည်။

ဒါကြောင့် သွားပြီး တန်းစီကာမှ။

ဒင်းကြောင့်ပေါ့။

ဒင်းသာ ဆင့်ရှေ့ကဖြတ်ပြီး တန်းမစီရင် ထိုဆင်းကတ် ဆင့်ရပြီ။ ခုတော့ ဆင့်အလှည့်လည်းရောက်ရော ရောင်းချတဲ့ဆင်းကတ်က ကုန်သွားပြီတဲ့။

သူ့ကို မကျေမနပ် ရေရွတ်ရင်း။ ဆင့် ပြန်လာခဲ့ခြင်း။ ဟော ခုတော့ မာမီနဲ့တည့်တည့်တိုးပြီး အဆူခံနေရသည်။

အဲဒါ ဒင်းကြောင့်လေ။

ဒင်းကြောင့်။





ထိုဆင်းကတ်လေးသာ နောက်ဆုံးပိတ်အနေနဲ့ ဆင့်ရခဲ့ရင် မာမီ့ကို ခုနေခါ ပြန်ပြောနိုင်မည်။

ခုတော့ နှုတ်ဆိတ်နေရတဲ့အဖြစ်။

ဆင့် နှုတ်ဆိတ်ပြီး ငြိမ်ခံတော့ မာမီက ပိုပြီး စွတ်နှိပ်ပြောလေသည်။

"ဒီမှာ မိဆင့် ဘယ်ကိစ္စဖြစ်ဖြစ် မာမီပြောဆိုတာ နာခံတတ်အောင် လေ့ကျင့်စမ်းပါ။ ဒီတစ်ခါတော့ မာမီ ခွင့်လွှတ်လိုက်မယ်။ နောက်တစ်ခါဆို မာမီ့အဆိုးမဆိုနဲ့"

မာမီ ခပ်ကြိမ်းကြိမ်းလေးပြောတာကို ဆင့် သဘောမကျပေမယ့် လောလောဆယ် ဆက်နားထောင်ရသည်။

ရှေ့ဆက် မာမီပြောဆိုလာမှာ နားမဆင်ချင်တော့တာမို့ မာမီ့ရှေ့ကနေ အခန်းထဲဝင်အောင်းနေဖို့ ခြေလှမ်းလေးလှမ်းထွက်လျှင်–

"နေဦး"

မာမီ လက်ကာဟန့်တားၓ။ ထိုအခါ အစိမ်းဆင့် ခြေလှမ်းလေးတန့်သွား၏။

မာမီက နံရံကပ်ပန်းဆွဲဘောမှ မှန်အိမ်လှလှလေးထဲ ထည့်ထားတဲ့ အသုံးအဆောင်ပစ္စည်းတွေထဲမှ ငွေမှင်ရောင်ဟန်းဆက်ကို ယူပြီး တစ်းပေး၏။

"ရော့"



www.burmeseclassic.com

www.burmeseclassic.com



ထိုလက်ကိုင်ဖုန်းကို အစိမ်းဆင့် မလိုချင်ပါ။ တကယ်မလိုချင်ပါလေ။

ဆင်းကတ်ထည့်ထားပြီးသား အဲဒီဟန်းဆက်ကို ဆင့် တကယ်မလိုချင်တဲ့စိတ်နဲ့မို့ လှမ်းမယူဖြစ်ပါ။

ထိုအခါ မာမီက မျက်မှောင်ကြုတ်ကြည့်ပြီး ဖိခေါ်သည်။

"မိဆင့်"

"ကျွတ် မာမီ"

"ညည်း စကားမရှည်နဲ့၊ ရော့ ယူ"

မာမီက ဆင့်လက်ကိုဆွဲယူပြီး ထည့်ပေး၏။

"အဟင့်"

ဆင့် ငိုချင်လာသည်။

"မဟင့်နဲ့ ယူပြီးနားတော့။ မာမီ ဒီလောက်ပဲ ပြောမယ်"

အစိမ်းဆင့် ခြေထောက်လေးဆောင့်ကာ မာမီ့ရှေ့ကထွက်ခဲ့လျှင် မာမီ ထိုးထည့်ပေးတဲ့ လက်ကိုင်ဖုန်းလေး ဆုပ်မိလျက်သား ပါခဲ့ရတဲ့ အဖြစ်။

ဟင့်အင်း။

မလိုချင်ဘူး။

စိတ်ထဲဖြစ်တည်လာတဲ့အတိုင်း။ ဆင့် အခန်းထဲရောက်သည်နှင့် ထိုဖုန်းကို မွေ့ရာပေါ် ပစ်တင်လိုက်မိသည်။

ဝိတိုက်



"တီ တီ တီ"

မွေ့ရာပေါ်ရောက်သည်နှင့် ထိုဖုန်းက တတီတီ ထမြည်၏။

မြည်နေတဲ့ ထိုဖုန်းကို အစိမ်းဆင့် မျက်စောင်းထိုးကာ အခန်းအပြင်ပိတ်လိုက်၏။

ထို့နောက် မုန်းတီးစွာ ထိုဖုန်းကို ဝိတ်ချလိုက်သည်။

သွား။

မုန်းတယ်။

ဖုန်းပိုင်ရှင် ထိုလူကြီးကိုရော။

ပြီးတော့ သူ့ကိုရောပေါ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ပါးပြင်မို့မို့လေးမှာ ပန်းနုရောင်ရဲ့ဒိုးလေးတင်လိုက်လျှင် ဆင့် ပါးပြင်လေးက ခရမ်းချဉ်သီးလေးလို ရဲရဲလျက် ချစ်စရာကောင်းသွား၏။

နှုတ်ခမ်းကိုတော့ အနီရဲရဲ ဆေးဆိုးလိုက်သည်။

ဒါမှ ဆင့်ဝတ်မယ့် ဖက်ရှင်နဲ့လိုက်မှာလေ။

ဆင့်ဝတ်ထားတဲ့ ပေါင်လယ်စကတ်တိုလေးက သွေးရောင်ရဲ့ရဲညို နေသည်။ စကတ်တိုရဲ့ ဇာနားသတ်က အစိမ်းရင့်ရောင်။ ထိုဇာနား အရောင်အတိုင်း လည်ပင်းပတ်အကျီလေးက အစိမ်းရင့်။

ကိုရီးယားဖိတ်အကျီလေးက ပန်းပြွတ်လေးပေမယ့် ဇာနားလေး နဲ့မို့ တအားလှ၏။





ထိုဖက်ရှင်လေးက ဈေးတအားများ၏။ ဆင့် လိုချင်လွန်းလို့ နှိုး လုံးဝမသုံးဘဲ ခြစ်ကုတ်ဝယ်ထားရတဲ့ ဖက်ရှင်လေးမို့ အစိမ်းဆင့် ၍ မြတ်နိုးလှသည်။

ဒါကြောင့် ဘယ်ပွဲဖြစ်ဖြစ် ထုတ်မဝတ်ရက်ပါ။

အခုသွားမှာက တန်ဆောင်တိုင်ညပွဲမို့ အစိမ်းဆင့် မြတ်မြတ် နိုး ထုတ်ဝတ်သလို တယုတယနှင့်လည်း သူ့မျက်နှာလှလှလေးကို တ်ရှည်လက်ရှည် ကာလာခြယ်နေမိသည်။

"သမီးရေ ပြီးပြီလား"

မာမီက စိတ်လိုလက်ရ ရှိတဲ့အခါ သမီးဟု လိုက်လိုက်လှဲလှဲ ခေါ်တတ်သည်။ ခုလည်း လှိုက်လှိုက်လှဲလှဲခေါ်သံပြု၍ အခန်းတံခါးဖွင့် ည့်ပြီးမေး၏။

အစိမ်းဆင့်က အားရဝမ်းသာနှင့် ဆံပင်လိမ်ခွေခွေလေးကို နှံပေါ်ဖြန့်ချ၍ ဟဲစပရေးဖြန်းနေရင်းတန်းလန်းနှင့် ပြော၏။

"ပြီးခါနီးပြီ မာမီ"

"မြန်မြန်၊ စောင့်နေရတဲ့လူကို အားနာပါဦး"

"စိတ်ချပါ မာမီရဲ့၊ ပြီးပါပြီ။ ခဏလေးပါ"

"အင်း ပြီးရင် ထွက်ခဲ့တော့"

မာမီက ဒီတစ်ခါ စိတ်ရှည်နေဟန်တူသည်။ မျက်နှာလေး ၃ပြုံးလျက် အစိမ်းဆင့်ရဲ့အခန်းတွင်းမှ ပြန်ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဆင့်လည်း စိတ်တိုင်းကျပြင်ဆင်ပြီး ကိုယ်လုံးပေါ်မှန်မှာ ဆင့်ပုံရိပ်လေးကို ရှေ့နောက်လှည့်ကြည့်၏။

ဆင့်က သွယ်လှပေမယ့် အသားအရည်က ခြောက်သွေ့မနေ၊ စိုပြေလင်းဝင်းသလို ပြည့်ပြည့်လေးနဲ့မို့ ေးမဝအေဒ်င် ကြည့်ကောင်းသည်ဟု သူငယ်ချင်းများက ဆိုကြသည်။

အထူးသဖြင့် –

ဆင့်ရဲ့ ကိုယ်နေဟန်က ထင်ထင်ပေါ်ပေါ်လှ၏။

မျက်နှာနုနုလေးက အခြယ်အသမရှိရင် နဂိုပကတိ ငြိမ်ငြိမ်လေး လှ၏။

သို့သော် ကာလာခြယ်လိုက်ရင် အလှတွေက လှုပ်လှုပ်ကြွကြွဖြစ်လျက် မြင်သူတကာကို လည်ပြန်ငဲ့ကြည့်ရတဲ့အထိ ဆွဲအားရှိသတဲ့။

စုစုတို့က ပိုက်ဆံမကုန်တိုင်း ဆင့်ကို ပြောနေကြလေ။ အထူးသဖြင့် ဆင့် အခုပြောင်းထားတဲ့ ဆံပင်ခွေလိမ်လိမ်ပုံစံလေးနဲ့မှ ပို၍ပို၍ လန်းသွားသည်တဲ့။

အလကား။

ဆင့်ကိုမြှောက်ပြောပြီးရင် ပိုက်ဆံချေးမယ်လေ။

ဒါပေမဲ့ သူငယ်ချင်းတွေ ထုတ်ပြောသလို ဆင့် တကယ်လှနေ ဆွဲဆောင်မှုရှိနေမှန်း ခုမှပဲ ဆင့် ပိုသိလာသည်။





ဟုတ်တယ်လေ ကြည့်ပါဦးလား ဒီဖက်ရှင်လေးနဲ့။

အစိမ်းဆင့်ဆိုတဲ့ကောင်မလေးက တကယ်ကို ကြွကြွလန်းလန်းလေးရယ်။

အဲဒါကြောင့် ဟိုလူက ဆင့်ကို ဘုတောပြီး မကျေနပ်ရင် သေလိုက်တဲ့လေ။

ဟွန်း သူ့ကြောင့် ဆင့်က ဆင်းကတ်မရတာ။

အကယ်၍ သူ အဲဒီထက်နောက်ကျပြီးမှ ရောက်လာရင် ဘယ်လောက်ကောင်းမလဲ။ သူရတဲ့ဆင်းကတ်ကို ဆင့်ရမှာလေ။

ခုတော့။

တော်ပြီ။

ဒင်းကို မုန်းတယ်။

လောလောဆယ် အစိမ်းဆင့်ဆိုတဲ့သူမက ဒီည တန်ဆောင်တိုင်ပွဲကို ပျော်ပျော်ချည်းနွှဲလိုက်မယ်လေ။

ဟုတ်တယ်။

ဆင့် မှန်ကြည့်ပြီး စိတ်တိုင်းကျလျှင် ဆင့်ကိုယ်တိုင် ဖန်သီးလုံးနဲ့ အလှထိုးထားတဲ့ လက်ဆွဲအိတ်လုံးလုံးလေးကို ဆွဲကိုင်၍ အခန်းထဲက ထွက်ခဲ့၏။

ဧည့်ခန်းဆီသွားရင်း –

"စုစုရေ ... ဘရေဇီနဲ့ တွဲဝတ်တာနိုင်ပါလား။ ပန်းရိုင်းကော

www.burmeseclassic.com



ဘယ်နေရာက စောင့်နေမတဲ့လဲ ဟင်"

အစိမ်းဆင့် သွက်သွက်မြူးမြူးလေးမေးရင်း ဧည့်ခန်းထဲဝင်လာသည်။ ဆင့်စိတ်ထင် စုစုတို့ရောက်နေပြီအထင်နဲ့။

ခုတော့ ဧည့်ခန်းထဲမှာ ဘယ်သူငယ်ချင်းမှ ရှိမနေ။

မာမီနဲ့ ထိုလူကြီး စကားပြောနေရင်း ဆင့်ကို ပြိုင်တူလှည့်ကြည့်၏။ ထိုအခါ ဆင့်အသံလေး တိတ်သွား၏။ မာမီက ထိုလူကြီးနဲ့ မျက်နှာချင်းဆိုင် ထိုင်နေရာမှ ထလာပြီပြောသည်။

"လာ သမီး"

"ဟွန်း စုစုတို့ရောက်နေပြီဆို မာမီပြောတာ"

"စုစုတို့က ပွဲရောက်မှဆုံမယ်တဲ့၊ သမီးကို ရာဇာသစ် လိုက်ပို့ပေးမယ်။ ကဲ သွားတော့ သမီး"

"ဟွန်း"

အစိမ်းဆင့် ခြေထောက်လေး ဆောင့်၏။ ထိုလူကြီးက တောက်ရှန်းသောမျက်ဝန်းနဲ့ စိုက်ကြည့်ရင်း ထိုင်နေရာမှ ထကာခေါ်လေသည်။

"လာ စိမ်းလေး၊ သွားစို့"

"ဟင့်အင်း"

ရာဇာသစ်ဆိုတဲ့လူကြီးကို အစိမ်းဆင့် မနှစ်မြို့စွာကြည့်ရင်း ခေါင်းခါလိုက်သည်။





ရာဇာသစ်က မမှုသလို ပခုံးလေးပင့်ပြ၏။

"မမလှိုင် ကျွန်တော်တို့ သွားဦးမယ်"

"ဪ အေး"

မာမီ့ကို မမလှိုင်ဟုခေါ်ပြီး သူမကို စိမ်းလေးဟုခေါ်တဲ့ ဦးရာဇာသစ်ကို အစိမ်းဆင့် လုံးဝ မကြည်လင်ပါ။

မကြည်မှန်းသိသိချည်းနဲ့ ထိုလူကြီးက အရေးမထား။

"လာ စိမ်းလေး။ သွားကြရအောင်"

သူမကို ဖွတ်ခေါ်နေပြီ။ မာမီကလည်း သူ့နှယ်ပင် –

"ကဲ သွားကြ သမီး။ ပွဲရောက်တော့ သမီးသူငယ်ချင်းတွေနဲ့ ဆုံရမယ်လေ။ လိုက်သွား"

မာမီက ပြောဆိုရင်း ဆင့်ကို တွန်းလွှတ်၏။

သူကလည်း အားမနာ။ ဆင့်လက်တစ်ဖက်ကို ဆွဲ၏။

"အို ဖယ်လေ"

"လာစမ်းပါ"

သူက တကယ်ဆွဲ၏။ မာမီက မတားတဲ့အပြင် သဘောတကျ ရယ်မောရင်း –

"အဲဒါ ပြောတာပေါ့၊ သမီးလေးက ကလေးစိတ်ပါလို့"

"ဟွန်း မာမီနော်"

"ကဲ သွားပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"လာ စိမ်းလေး"

မာမီက နောက်က တွန်းလွှတ်သလို သူက တကယ်ဆွဲခေါ်တော့ အစိမ်းဆင့် ဘယ်လိုမှ ရှောင်လို့မရဖြစ်ကာ။

ပါတော်မူသွားသည်က ဆင့်မှုန်းတဲ့ ထိုလူကြီးနောက်။

✿ ✿ ✿

## အခန်း (၄)

ဆည်းဆာချိန်နေရောင်က မြူးမြူးလေး သာလျက်။

လေပြည်နုနုလေးမှာ တစ်သုန်သုန်နွဲ့နေသည်က သာမြူးနေသော ဆည်းရီညနေကို ပိုလှသလိုရှိ၏။

ထို့ကြောင့်ဟု ထင်ရသည်။

ကမ်းနားလမ်းတစ်လျှောက်ရှိ စကြံပလက်ဖောင်းပေါ်မှာ အညောင်းခံ လမ်းလျှောက်သူများ ပြေးပြေးလွှားလွှား ဆော့ကစားနေသော ကလေးငယ်များ၊ အုပ်စုလိုက် ဝိုင်းဖွဲ့စကားပြောနေသော လူငယ်များနှင့် စည်ကားလျက် ရှိသည်။

"စုစုရေ ညနေကျရင် ကမ်းနားလမ်းကို သွားကြစို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ ဆင့်၊ တွယ်တာတို့ကိုပါ အဖော်စပ်လိုက်မယ်လေ။ လေညှင်းလည်း ခံရင်း အသားကင်လည်း ဝယ်စားရင်းပေါ့"

"အဲ့ဒီကေ ညနေဆုံကြမယ်"

ဖုန်းနဲ့ အချိန်းအချက်ပြုထားတဲ့အတိုင်း ထိုညနေခင်းမှာ တက္က ငှားပြီး ကမ်းနားလမ်းသို့ သူမ လာခဲ့ခြင်းဖြစ်သည်။

သူငယ်ချင်းတွေ မရောက်သေးတာမို့ သူမ လေညှင်းခံ လမ်း လျှောက်နေလိုက်သည်။

သူမတို့သူငယ်ချင်းလေးယောက်က ဆယ်တန်းအောင်ပြီ အင်္ဂလိပ်စကားသင်တန်းမှာ စုံကာ၊ ငယ်ပေါင်းတွေလို ရင်းနှီးခဲ့သည် ဒါပြင် မကြာခင် ကျောင်းတက်ရတော့မှာမို့ တက်ကြွနေတာချင်းလည် တူသည်။

ကျောင်းမတက်ရသေးခင် သူငယ်ချင်းတွေ အချိန်းအချက်လု ပြီး shopping ထွက်လိုက်၊ လည်လိုက်ပတ်လိုက်၊ အချိန်တွေကို သုံးဖ နေကြသည်။

ဒီညနေလည်း ဆည်းဆာချိန်ကို ခံစားရင်း အသားကင် စားကြ မည်လေ။

ဆင့်ရောက်ပြီး နာရီဝက်လောက်ကြာတဲ့အထိ သူငယ်ချင်းတွေ မရောက်သေး။ ထိုအခါ ဆင့် စိတ်မရှည်ချင်ဖြစ်လာသည်။

အစိမ်းဆင့်က စောင့်ရတာထက် တစ်ခုခုစားရင်း စောင့်





တာက ပိုကောင်းမည်။ ဒါကြောင့် လူဝကြီးဟု ဆိုင်းဘုတ်တင်ထားသည့် အသားကင်ဆိုင်မှာ ဝင်ထိုင်လိုက်၏။

သူငယ်ချင်းတွေ လာရာလမ်းကို မျှော်ငေးရင်း ကြက်တောင်ပံ ကင်တစ်ခု မှာစားနေလိုက်သည်။

ထိုစဉ် –

"မမ"

"ဟင်"

ဆိုင်ရှင်လူဝကြီး၏သား ဆယ်နှစ်အရွယ် စားပွဲထိုးကလေး။ သူမ စားပွဲနားလာရပ်ပြီးခေါ်သည်။

ဆင့်က ကြက်တောင်ပံကိုဝါးရင်း –

"ပြော ကလေး"

"ဒီမှာ မမကို စာပေးခိုင်းလို့"

ကလေးက ပြောရင်း စာခေါက်လေးတစ်ခေါက် ဆင့်ကို ကမ်းပေး၏။ စာခေါက်လေးကို ဆင့် လှမ်းမယူသေးဘဲ –

"စာပေးခိုင်းတယ်"

"ဟုတ်တယ် မမ"

"ဘယ်သူလဲ"

"ဟိုထောင့်စားပွဲမှာထိုင်နေတဲ့ အစ်ကို"

ကလေးက ပြောဆိုရင်း လက်ညှိုးထိုးပြ၏။ အစိမ်းဆင့် ချက်



www.burmeseclassic.com

www.burmeseclassic.com



ချင်း လှမ်းကြည့်လျှင် –

“ဟင်”

သူမကို လှမ်းကြည့်နေတဲ့လူရှယ်။

အသားဖြူဖြူ၊ မျက်နှာသွယ်သွယ်၊ ဖော့ကပ်သောမျက်ဝန်း အစုံနဲ့ စိုက်ကြည့်နေတဲ့သူ။ အဲဒီသူ။

ဆင့် ဒက်ခနဲသိသွားပေါ့။

ဆင်းကတ်တန်းစီတုန်းက ဆင့်ရှေ့က ဝင်တိုးပြီး နေရာယူတဲ့ လူ။ ထိုသူဖြစ်နေမှန်းသိတာနဲ့ ဆင့်မျက်ဝန်းမှာ အစိမ်းရောင်တောက်ပ သွားပေါ့။

ရင်ထဲမှာလည်း ခံပြင်းသွားကာ။

“အောင်မာ ဒင်းက”

“ဟုတ်တယ် မမ ရော့”

ကလေးက ဘာမှနားလည်ပုံမရပါ။ သူလက်ကလွှတ် သီတင်း ကျွတ်ပုံစံမျိုးနဲ့ စာခေါက်ကို သူမလက်ထဲ ထည့်ပေးပေါ့။

“တောက်”

လက်ထဲရောက်နေတဲ့စာခေါက်ကို ဆင့် မနှစ်မြို့စွာကြည့်ရင်း အနားမှာရှိနေတဲ့ အမှိုက်တောင်းထဲ ပစ်ထည့်လိုက်ပေါ့။

“ကဲဟာ” –

ထိုအခါ –

မိန်းကလေးစာအုပ်တိုက်



ငေးကြည့်နေတဲ့ သူ့မျက်နှာ ကွက်ခနဲပျက်သွားပေါ့။

ဆင့်က မျက်နှာလေးကို မာနလေးနှင့် မော့်တင်၍ ထထွက်ခဲ့ သည်က ချက်ချင်း။

“မမ ကြက်တောင်ပံကင်ဖိုး ပေးသွားဦး”

အရေးထဲ ဒင်းလေးက တစ်မျောင့်။

“ရော့ ရော့”

အစိမ်းဆင့် ပိုက်ဆံအိတ်ထဲက တစ်ထောင်တန်နှစ်ရွက် ထုတ်ပြီး ကလေးလက်ထဲ ထည့်ပေးလိုက်သည်။

“ပိုတာမအမ်းနဲ့တော့”

ပြောပြီး ချာခနဲ လှည့်ထွက်ခဲ့သည်က ခံပြင်းစွာ။ သူကများ ဆင့်ကို စာပေးခိုင်းရတယ်လို့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"တီ တီ တီ"

ကျွတ်။

ဒီဖုန်း မြည်နေပြန်ပြီ။

မာမီပေးထားတဲ့ ထိုလူကြီးဖုန်းကို အစိမ်းဆင့် လုံးဝမကိုင်ချင်ပါ။ ဒါကြောင့် မှန်တင်ခုံထဲက အံဆွဲထဲ ထည့်ပစ်ထားတာ။ မာမီပေးတာကို လက်ခံလိုက်ရကတည်းက။

သူငယ်ချင်းတွေနဲ့ ဖုန်းပြောချင်ရင်တောင် ထိုဖုန်း ထုတ်မသုံးဖြစ်ပါ။ မာမီ့အလစ်မှာ မာမီ့လက်ကိုင်ဖုန်းသာ ခိုးသုံးဖြစ်သည်။

မာမီ့ဖုန်းနဲ့ မဟုတ်ရင်လည်း အောက်ထပ်မှာ ဖွင့်ထားတဲ့





အများသုံးဖုန်းဆိုင် ဆင်းပြီး ဖုန်း စကားပြောလိုက်သည်သာ။

"တီ တီ တီ"

ကျွတ်။

ဒီဖုန်းက မြည်လို့ကောင်းနေသည်။ ဖုန်းကို စက်ပိတ်ထားလိုက်ချင်သည်။ မာမီဆူမှာစိုးလို့လား။ နားညည်းခံရနေတာ။

အခုခေါ်နေတာလည်း ထိုလူကြီးပဲဖြစ်မယ်။ ထိုဖုန်းမြည်တိုင်း သူမ မကိုင်တာ အကြိမ်ရေများလှပြီ။

သူမကို ဖုန်းပေးထားလျက် ဖုန်းလာတာ မကိုင်ဘဲ ပစ်ထားသယ်လို့ ထိုလူကြီး မာမီ့ကို တိုင်ပြောနေမှာလည်း စိုးသည်။

ဒါကြောင့် –

ဒီတစ်ခါ အစိမ်းဆင့် စိတ်လျှော့လိုက်ရ၏။ ထို့ကြောင့် မြည်နေတဲ့ထိုဖုန်းကို အံဆွဲထဲမှထုတ်ယူ၍ စိတ်မပါစွာ ဖုန်းထူးရလေသည်။

"ဟယ်လို"

"ဟင် ဒါ ကိုကို့ဖုန်း မဟုတ်ပါလား။ အခု ဘယ်သူကိုင်ထားတာလဲ"

အမျိုးသမီးတစ်ယောက်ရဲ့ မနှစ်မြို့တဲ့မေးသံ။ သေချာတာက ဦးသစ်ရဲ့အဆက်ပဲဖြစ်မယ်။

သူမ ထိုသို့ နားလည်တာမို့ ခပ်ဆတ်ဆတ်ပဲ ဖြေလိုက်သည်။

www.burmeseclassic.com



"ဘယ်သူမှမဟုတ်ဘူး၊ အစိမ်းဆင့်ပဲ မမ"

"ဘာ အစိမ်းဆင့် ဟုတ်လား။ ဘယ်က အစိမ်းဆင့်လဲ။ နေပါဦး အစိမ်းဆင့် ညည်းနဲ့ကိုကို ဘယ်လိုပတ်သက်လဲ"

အစိမ်းဆင့် နှာခေါင်းလေးရှုံ့တွပြုံး၍ –

"ဘာမှမပတ်သက်ပါဘူး။ မာမီနဲ့ ဦးသစ်က လုပ်ငန်းတူလုပ်တဲ့ ပါတနာပါ။ ဆင့်က မာမီ့သမီး။ ဒါပဲ မဟုတ်လား"

"နေ နေပါဦး၊ ဆင့် ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ။ သေချာပြီ ညည်းလေးနဲ့ကိုကို"

"ဘာ ဆင့်နဲ့ဦးသစ် ဟုတ်လား"

"ဟုတ်တယ်"

"ဘာဟုတ်တာလဲ"

အစိမ်းဆင့် အော်ဟစ်မေးမြန်းလိုက်၏။ ထိုအခါ ထိုမမ သွေးရူး သွေးတန်းပြောနေရာမှ ငြိမ်ခနဲဖြစ်သွားသည်။

ဆင့်ကလည်း သည်းမခံတတ်တာမို့ ပက်ခနဲ ပြန်ပြော၏။

"ဒီမှာ ရှင်ကြီးခေါ်နေတဲ့ ကိုကိုဆိုတာ ဦးသစ် မဟုတ်လား။ ရှင် သေချာမှတ်ထား။ ဦးသစ်က ဆင့်နဲ့ ဘာမှမဆိုင်ဘူး။ ဒီဖုန်းက မာမီ့ကို ဦးသစ်ပေးထားတာ။ မာမီက ဒီဖုန်းမသုံးဘဲ ထားခဲ့လို့ ဆင့်တို့ အိမ်မှာ ရှိနေတာ။ မကျေနပ်ရင် ဦးသစ်ကို ဒီဖုန်းပြန်ယူလိုက်ပါလို့





ပြောပေးပါ။ ဆင့်ကလည်း ဒီဖုန်းကိုင်ချင်နေတာ မဟုတ်ဘူး၊ ဒါပဲ"

အစိမ်းဆင့် မြန်မြန်သွက်သွက် ပြောလိုက်သလို ပြောပြီးသည်နှင့် ထိုမမ ဘာပြန်ပြောမလဲဆိုတာ စောင့်ပြီး နားမထောင်တော့ပါ။

ချက်ချင်းပဲ ဖုန်းပိတ်လိုက်၏။

"အရှုပ်"

ဖုန်းကိုကြည့်ရင်း အစိမ်းဆင့် အော်ဂလီဆန်ချင်စဖွယ် ရေရွတ်လိုက်သည်။

တကယ်ပါ။

ရှုပ်လွန်းလို့။

ဒီဖုန်း အမြန်ဆုံးနည်းနဲ့ ပြန်ယူပါတော့ ဦးသစ်ရယ်လို့သာ အော်ပစ်လိုက်ချင်တော့သည်။

တကယ်ရယ်လေ။

ဖြစ်သင့်တာက ဒီဖုန်းက ဦးသစ်လက်ထဲ ရှိနေဖို့။ အခုဆင့် လက်ထဲရှိနေတာက နေရာလွဲပြီး ရှိနေတာမို့အကျိုးမဲ့လျက်။

နောက်ပြီး ဦးသစ်ကို ထိုမမက ကိုကိုတဲ့။

အစိမ်းဆင့် မျက်နှာလေး မနှစ်မြို့စွာ တကယ်ရှုံ့မဲ့သွား၏။

ဟွန်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဟင် စုစုပါလား"

"ဟုတ်ပါတယ် အန်တီ၊ ဆင့်ဆင့်ရှိလား"

"ရှိတာပေါ့ သမီးတို့ရဲ့ ဝင်လာကြလေ"

ဒေါ်ဖွားလိုင်ပွင့် စာရွက်စာတမ်းတွေ ဖိုင်ထဲထည့်နေရင်း သမီးရဲ့ သူငယ်ချင်းတွေကို လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လိုက်၏။

စုစုတို့လေးယောက်စလုံး အပြုံးကိုယ်စီနှင့် ဧည့်ခန်းထဲ ဝင်လာကြပြီး –

"ဟုတ်ကဲ့ အန်တီ"

"ဆင့်ဆင့်နဲ့ မတွေ့တာကြာနေလို့"





"ကဲ ထိုင်ကြ၊ မိဆင့်ရှိတယ်။ အန်တီခေါ်ပေးမယ်"

ဒေါ်ဖွားလိုင်ပွင့် ပြောဆိုရင်း လိုအပ်တဲ့စာရွက်စာတမ်းတွေကို ဖိုင်ထဲ အပြီးသတ်ထည့်ရင်း။

"အန်တီလည်း အပြင်သွားစရာရှိတာနဲ့ အတော်ပဲ။ သမီးတို့ အဆင်လွတ်လပ်လပ် နေခဲ့ကြလေ"

အန်တီ အခန်းထဲဝင်သွားတော့ စုစုတို့တွေလည်း ဆက်တီ ခုံနုံအိအိကြီးတွေမှာ ဝင်ထိုင်ကြသည်။

"ဟဲ့ သမီး ဆင့်ဆင့်"

"ဟင်"

အခန်းထဲအောင်းနေတဲ့သမီးက အိပ်နေတာကိုး။ ဒေါ်ဖွားလိုင်ပွင့် သမီးကိုယ်လေးကို လှုပ်ခါရင်းနှိုးရလေသည်။

"သမီး ထ ထ၊ သမီးသူငယ်ချင်းတွေ ရောက်နေတယ်။ ဘာတယ်တည်း နေ့ခင်းကြောင်တောင် အိပ်နေရတယ်လို့။ ထ မျက်နှာ သစ်၊ စုစုတို့ရောက်နေတယ်။ မာမီအပြင်သွားတော့မယ် မိဆင့် ထတော့"

မာမီ တတွတ်တွတ်ပြောနေတာတွေက ဆင့်နားထဲ မကြား တစ်ချက် ကြားတစ်ချက်ရယ်။

မာမီအပြင်သွားတော့မှာမို့ အိပ်မှုန်စုံမွှားနှင့် ဆင့်ဆင့် ထရလေသည်။

"သမီးက အိပ်နေတာစုစုရဲ့။ ကဲ ကိစ္စလေးရှိလို့ အန်တီသွားဦး



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ဟုတ်ကဲ့ အန်တီလှိုင်"

အန်တီလှိုင်ထွက်သွားတော့ စုစုတို့ လွတ်လပ်ပေါ့ပါးသွား၏။ ထို့ကြောင့် အစိမ်းဆင့်ရှိနေတဲ့အခန်းထဲ တန်းဝင်ကြ၏။

"ဆင့်ရေ ဟေ့ဆင့်"

"ရှင်က နေခင်းချည်း အိပ်ပုတ်ကြီးနေတာ အံ့ပါ့ဟယ်"

သူငယ်ချင်းတွေရဲ့အသံစာစာကြောင့် အစိမ်းဆင့် မျက်လုံးအိမ် ကျယ်လာသည်။ အိပ်ချင်နေသေးတဲ့မျက်လုံးကို လက်ခုံနဲ့ပွတ်ကြည့်ရင်း–

"ရှင်တို့လာကြတယ်"

"အခုမှ ရှင်တို့လာကြတယ်နဲ့။ ရောက်နေတာ ငါးမိနစ်ကျော်နေ ပြီ ဆင့်ဆင့်ရဲ့"

ဘရဏီက ခုတင်ပေါ်ဝင်ထိုင်ရင်းပြော၏။ ပန်းရိပ်ကလည်း အားကျမခံ ဝင်ပြော၏။

"ဟုတ်ပ့ါ၊ ညည်းသည်က အိပ်ခန်းထဲအထိရောက်နေမှ အိပ်ရှုက် အိပ်ယာကထရတယ်လို့"

"ဆင့်လည်း ပျင်းတာနဲ့ လှဲနေတာ။ ကဲ ပြော ဘာကိစ္စ"

"အံမယ် ဘာကိစ္စလဲတဲ့"

တွယ်တာနိုင်က မျက်စလေးနဲ့ဆို၏။ စုစုက နှုတ်ခမ်းလေးဆူ ထားရင်းပြော၏။





"ဆင့်ဆင့် မေ့နေပြီထင်တယ်"

"ဘာလဲ စုစုရဲ့"

"ဟဲ့ ကမ်းနားလမ်းမှာ ချိန်းထားလျက်နဲ့ မလာတာလေ။ အဲဒါ ...ို့ စုစုတို့ တင်းနေတာပေါ့"

စုစုပြောတော့ ဆင့်ဆင့် မျက်နှာလေး ရှုံ့မဲ့သွား၏။ သူ့ကြောင့် ...ို့ ရှင်းမပြချင်တော့ပါ။

"ဆိုစမ်းပါဦး ဘာလို့ မလာရတာလဲ"

"ထားလိုက်ပါတော့ဟယ်"

ဆင့်ဆင့်က မပြောပြလိုစွာ ထိုကိစ္စကို လျှော့ပစ်လိုက်၏။ ...ါကိုပဲ သူငယ်ချင်းတွေ သဘောတွေ့ပုံမရပါ။

"အံမယ် ထားလိုက်လို့ရမလား ဆင့်ဆင့်ရဲ့၊ ရှင် ခုတလော ...ဝင်ကိုင်နေတာ သိပ်သိသာနေပြီ"

"အလို ဆင့်က ဘာဝင်ကိုင်တယ်"

"တုတ်တယ်လေ"

တွယ်တာနိုင်က အစိမ်းဘေး ကပ်ထိုင်ရင်း ဆက်ပြော၏။

"ခုတလော အချိန်းအချက်တိုင်းကို ပျက်ကွက်နေတာ ဘာ ...ကြောင့်လဲ"

"ဟုတ်တယ် စုစုလည်း အဲဒါပဲသိချင်နေတာ။ ဟိုညက တ... ...ဆောင်တိုင်ပွဲ အတူတူသွားကြမယ်ဆိုတာလည်း ရှင်က ဦးသစ်...ောက်



www.burmeseclassic.com

www.burmeseclassic.com



ပါသွားတယ်''

''အဲ''

စုစုပြောကာမှ ဆင့်သတိရ၏။

''မာမီက ရှင်တို့ ပွဲကစောင့်နေသတဲ့။ အဲဒါနဲ့ ဦးသစ်ကို လိုက်ပို့ပေးပါတဲ့။ အဲဒါနဲ့ ဦးသစ်နဲ့ပါသွားတာ။ ပွဲမှာ ရှင်တို့ကို ရှာပါသေးတယ်။ ဘယ်နေရာမှာမှ ရှာမတွေ့ဘူး''

''အံမယ် အဲဒါတော့မဟုတ်သေးဘူး''

''ဘာလို့မဟုတ်ရမှာလဲ ပန်းရိပ်ရဲ့''

မှန်တင်ခုံရှေ့က ထိုင်ခုံပေါ်ထိုင်နေရာမှ လှမ်းပြောတဲ့ ပန်းရိပ်ကို ဆင့် မျက်မှောင်ကြုတ်ကြည့်နေလိုက်သည်လေ။

ပန်းရိပ်က မေးဖျားလေး တဆိုးဆိုးနှင့်ပြော၏။

''ဟုတ်တယ်လေ၊ သေချာချိန်းထားတာက ဆင့်ကို ပန်းရိပ်တို့ လာခေါ်မယ်။ ပြီးရင် အတူတူသွားကြမယ်။ အဲဒါနဲ့ လာခေါ်တော့ အန်တီနဲ့တွေ့တယ်။ အန်တီက ဦးသစ်နဲ့ပါသွားပြီတဲ့။ ပန်းရိပ်တို့လည်း စိတ်ဆိုးပြီး အိမ်ပြန်ကြတာပေါ့''

''ဟောတော့''

''ဘာ ဟောတော့လဲ''

အစိမ်းဆင့် တကယ်အံ့သြကာ ဟောတော့ဖြစ်သွားခြင်း။ အဲဒါကိုပဲ သူငယ်ချင်းတွေက မျက်လုံးပြူးနဲ့ ဝိုင်းကြည့်ကြသည်။





''ဘာအခုမှ ဟောတော့ဖြစ်နေရတာလဲ''

''တကယ်ပါ၊ မာမီက ရှင်တို့ ပွဲဈေးမှာစောင့်နေမယ်တဲ့၊ အဲဒါနဲ့''

''အဲဒါတော့ မဟုတ်သေးဘူး ဆင့်''

''တစ်ခုခုလွဲချော်တာလည်း ဖြစ်နိုင်တယ်''

သူငယ်ချင်းတွေ တစ်ယောက်တစ်ခွန်း ဝင်ပြောကြသည်က ပြုံးစားစရာ။ စုစုက တွေးတွေးဆဆနှင့် ပြော၏။

''အန်တီက ဘာလို့ အဲလိုပြောရတာလဲ။ ဦးသစ်နဲ့ လိုက်သွားတယ်လို့''

''မာမီကလည်း ရှင်တို့ပွဲမှာစောင့်နေမယ် ပြောလို့ ဆင့်က''

''အေး အဲဒါပဲ လွဲတယ်ဆိုတာ။ ဒီကိစ္စမှာ ဆင့်မာမီ သိပ်မရိုးဘူး''

''အဲ''

မာမီ့ကို ထိုလိုပြောတော့ ဆင့်မျက်နှာလေး မကောင်းဖြစ်ရသည်။

''ဆောရီး ဆင့်၊ အန်တီ့ကို အဲလိုပြောမိလို့ ပန်းရိပ်ကို စိတ်မဆိုးပါနဲ့''

ဆင့် မျက်နှာမပျက်အောင်ထိန်း၍ –

''ဟို ဆင့်က စိတ်ဆိုးလို့မဟုတ်ပါဘူး။ မာမီက ဘာလို့ အဲလို စီစဉ်ရတာလဲနော်''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်၊ ဒါပေါ့၊ ရှင်လည်း သတိနဲ့နေဦး။ ဦးသစ်ကို လျှော့မတွက်နဲ့''

''အို ဒီလူကြီးကို ဆင့် ကြည့်တာမဟုတ်ဘူး''

''မကြည့်ပေမယ့် ရှင့်မာဇီစီစဥ်သလို ဆင့် လှုပ်ရှားနေရတာ မဟုတ်လား''

''အဲဒါက ပွဲဈေးတန်းမှာ ရှင်တို့နဲ့ ဆုံရမှာပဲဆိုတဲ့အတွေးနဲ့ လိုက်သွားမိတာ''

''ဘာပဲဖြစ်ဖြစ် ဦးသစ်နောက် ရှင်ပါရတာပဲမဟုတ်လား''

''အဲဒီလို ပါသွားရတဲ့အဖြစ်ကို ဆင့်မုန်းတယ်''

''ဟွန်း ဘာဖြစ်လို့လဲ''

''ရှင်တို့နဲ့မတွေ့ရလို့ ပြီးတော့''

အစိမ်းဆင့် ရှေ့ဆက်မပြောရဲတော့။ လွှတ်ခနဲထွက်သွားတော့မယ့်စကားကို ချက်ချင်းရပ်ပစ်လိုက်၏။

ထိုအခါ သူငယ်ချင်းတွေက ပိုပြီး စိတ်ဝင်တစားဖြစ်ကာ-

''ဆင့် ပြီးတော့ ဘာဖြစ်လဲ''

''ပြောဦးလေ''

သူငယ်ချင်းအားလုံး စိတ်ဝင်တစားမေးကြလျှင် ဆင့်မျက်နှာ အရောင်အသွေး ပြောင်းလဲသွား၏။

ဒါ့ပြင် တစ်ကိုယ်လုံးလည်း ရှိန်းခနဲဖြစ်ကာ –



''အို ဘာ ဘာမှ မဖြစ်ပါဘူး''

ဆင့် မလုံမလဲပြောရင်း ခုတင်ပေါ်မှဆင်းကာ ဘောဇင်ဆီသွားပြီး မျက်နှာသစ်ဖို့ ပြင်ဆင်လိုက်၏။

''ဟဲ့ ပြောလေ''

ဟင့်အင်း။

အစိမ်းဆင့် ခေါင်းလေးရမ်းလိုက်သော်လည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဟေ့ ညလေး"

"အို"

ဆင့်နောက်ကလိုက်လာတဲ့ လူရွယ်အုပ်စုအားလုံးက ပုံမှန်မဟုတ်ကြပါ။

အနံ့အသက်တွေကလည်း ဟောင်ထနေသည်။

အရက်နဲ့ဘီယာတို့ ဘယ်လောက်တောင် သောက်ထားသည် မသိပါ။ ဆင့်က သူငယ်ချင်းတွေကို စောင့်ကြည့်မယ်ဆိုပြီး ဦးသစ်အပါးမှာ မနေဘဲ ပွဲဈေးတန်းဘက်ကို လျှောက်ခဲ့ခြင်း။

စည်ကားနေတဲ့ ပွဲဈေးတန်းတစ်လျှောက်မှာ ထိုသို့ မူးနေသူများ





နှင့်ပေမယ့် မိန်းကလေးတွေကို အနှောင့်အယှက်မပေးပါ။ ထိုအုပ်စုက ဆင့်ကိုမြင်သည်နှင့် အနားကပ်လာပြီး ဆွဲလွဲတော့မလိုလိုနဲ့ ခေါ်၏။

အစိမ်းဆင့် ရှောင်သော်လည်း ဒင်းတို့တွေ လက်မလျှော့ပါ။ ဘဟဲဟဲရယ်ရင်း။

"ညလေး ကိုကိုတို့နဲ့ ပွဲဈေးတန်း လျှောက်ကြစို့လေ၊ လာပါ ညလေးရဲ့"

"အို ရှင်တို့ဘာရှင်တို့ သွားစမ်းပါ"

"ညလေးနဲ့လည်ချင်လို့ပါ"

"လာပါ ညလေးရယ်"

"ဟဲ ဟဲ ဟဲ"

ပြောရင်းဆိုရင်း ကဲသရမ်းလာတဲ့ ထိုလူစု။ အစိမ်းဆင့် ရှောင်လွှဲလေ သူတို့က တကယ်ရမ်းကားလေ။

"အို ရှင်တို့ ဖယ်စမ်းပါ"

အစိမ်းဆင့် နီးရာလူကို တွန်းထိုးရင်း ရှောင်ဖယ်သော်လည်း ပိုဆိုး၏။ သူတို့က အုပ်စုနဲ့။

ပြီးတော့ မျက်လုံးတွေကလည်း ဆင့် တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်နေတာက၊ အသည်းဖိုစရာ။

ဂျာကင်အနက်ဝတ်ထားတဲ့တစ်ယောက်က လက်မြန်လှ၏။

"လာ ညလေး"



www.burmeseclassic.com

www.burmeseclassic.com



ဆင့်လက်မောင်းကို ပိုင်စိုးပိုင်နင်းဆွဲ၍ ဖက်ဖို့ကြိုးစားလျှင် အစိမ်းဆင့် ကိုယ်လုံးလေးတုန်ခါသွား၏။

"အို ရှင်တို့နော်၊ ဖယ် လွှတ်"

အစိမ်းဆင့် ငိုသံလေးပါလာ၏။ ထိုအုပ်စုလက်မှ လွတ်မြောက်ဖို့ တစ်စုတစ်ယောက်ကို ရှာမိ၏။

ထိုစဉ် –

"စိမ်းလေး"

ဦးသစ်ရဲ့ခေါ်သံကြားလျှင် ဆင့် ဘာကိုမှ တွေးမနေတော့ပါ။ လူအုပ်ကြားမှ တိုးဝှေ့လမ်းလာတဲ့ ဦးသစ်ကို အားကိုးတကြီး ခေါ်လိုက်မိသည်။

"ဦးသစ် ဟင့် ဟင့် ဟင့်"

"ဟာ ညလေး၊ ဒီမှာ ကိုကိုတို့ရှိတယ်လေ"

"ဟိုဘဲကြီးက ဘာလဲ"

ဦးသစ်ကိုမြင်ရတော့ ရမ်းကားချင်တဲ့ထိုလူရွယ်တို့ မကျေမနပ် ဖြစ်သွား၏။

ဆင့်ကလည်း ဦးသစ်ရင်ခွင်ထဲ ပြေးဝင်ရင်း ငိုချ၏။

"ကျွတ်"

ဒါတောင် ထိုလူရွယ်တွေ လက်လျှော့ချင်ဟန်မတူ။

"လာ စိမ်းလေး"





ဦးသစ်က ဆင့်ကို ပွေ့ဖက်ခေါ်လျှင် ထိုလူရွယ်တွေ ဦးသစ် နောက်မှာ ပိုင်းအုံနေသေးသည်။

ရှုပ်ထွေးလောက်အောင်စည်ကားနေတဲ့ ပွဲဈေးတန်းထဲမှာ ဆင့်က ရှေ့က တိုးသွားသလို ဦးသစ်က ဆင့်နောက်က ကာကွယ်ပေးသလို ပါလာသည်။

ဒါတောင် ဆင့်ကို တိုးတိုက် လက်သရမ်းသွားသေးသည်။

ကျွတ်။

ဆင့် အခံရခက်ကာ တစ်ကိုယ်လုံး ရှိန်းဖိုသွား၏။ အရေးထဲ ဦးသစ်ရင်ခွင်ကြီးက နွေးနေသလို ဦးသစ်လက်ချောင်းတွေကလည်း ဆင့် လက်မောင်းသားဖွေးဖွေးလေးကို အကြင်နာပိုသလို ပွတ်သပ်လျှင်။

✿

"ဟဲ့ ဘာဖြစ်လို့ အသံတိတ်သွားရတာလဲ"

စုစု အသံကျယ်ကျယ်နှင့်မေးကာမှ ထိုအဖြစ်အပျက်ထဲမျောနေတဲ့ ဆင့်စိတ် အသိဝင်လာသည်။

"ဆင့် ရှင် ဘာတွေ တွေးနေတာလဲ"

"ဘာမှမဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း မဟုတ်ဘူးလို့သာဆိုတယ် ရှင့်ပုံက တွေးနေမှန်း သိသာတယ်။ ဘာတွေးနေတာလဲ၊ စုစုတို့ကို ပြောစမ်းပါ"

"ဟုတ်သားပဲ၊ ပန်းရိပ်တို့ကိုပြောပြမှ ပန်းရိပ်တို့ အကြံကောင်းပေးနိုင်မယ်လေ"

သူငယ်ချင်းတွေ ဖွတ်မေးနေသော်လည်း ဆင့် ထုတ်ပြောဖို့ မဝံ့မရဲဖြစ်တာမို့ နှုတ်ခမ်းလေးသာ စေ့ထားရင်း ခေါင်းလေးရမ်းမိပြန်သည်။

"ကဲပါ မပြောရင်လည်းနေ။ ဆင့်ပုံစံကြည့်ရတာ မလန်းလိုက်တာ။ တစ်နေရာသွားကြစို့လား"

ဘရဏီက မပြောလျှင် တွယ်တာနိုင်ကလည်း အားတက်သရောပြော၏။

"ဟုတ်တယ် တစ်နေရာရာ သွားကြမယ်လေ။ ဒါဆို ဆင့်အာရုံ လန်းသွားမယ်။ ကဲ မျက်နှာသစ်ပြီးရင် အလှပြင်တော့လေ ဆင့်ရဲ့"

အစိမ်းဆင့် သက်မပြောလေးချကာ သူငယ်ချင်းတွေအလိုကျ ခေါင်းလေးညိတ်မိလေသည်။

ဟုတ်တယ်။

ထိုအဖြစ်အပျက်ကြောင့် ဆင့် ရင်မောနေရပါသည်။ ပြီးတော့ ရင်ဖိုနေပါသည်။

— —မိန်းကလေးစာအုပ်တိုက်



ဒါ့ပြင် ဦးသစ်နဲ့ရင်ဆိုင်ရမှာ ရှက်နေသလို မာမီရဲ့စိတ်ကိုလည်း အံ့ညြနေရသည်။

ထိုခံစားမှုတွေကြောင့် ဆင့် အာရုံရှုပ်ရှုပ်ထွေးထွေး ဖြစ်ရလေပြီ။ ထိုအရှုပ်အထွေးတွေကို ရှင်းထုတ်ချင်ပါသည်။

ထို့ကြောင့်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟယ် ဟဲ့တော် ကြည့်စမ်း၊ တကယ်လှတယ်တော့"

ထိုရှုမျှော်ခင်းကိုမြင်လိုက်ရသည်နှင့် ဆင့်ရင်ထဲမှာ လှိုက်မြူး သွား၏။ ထိုအခါ ဆင့်ကိုယ်လုံးလေး မြောက်ခနဲလွင့်မတတ် ခုန်မိလေသည်။

ကြည့်စမ်းပါဦးကွယ်တို့ရယ်။

မြင်ကွင်းလေးက ချိုလိုက်တာ။ ရှုမောဖွယ်ပန်းနိုကားတစ်ချပ် နှယ် တစ်ငေးတည်း ငေးစရာဖြစ်အောင် ဆွဲဆောင်နိုင်စွမ်းသည်။

ဒါ့ပြင် မြင်ကွင်းကျယ်ကျယ်မို့ ဟိုနေရာကြည့်လဲ လှ၊ ဒီနေရာ ရှုလည်း အမောပြေနေသလို၊ ပန်းရနံ့တို့ကလည်း ထုံထုံသင်း၏။





ရောင်စုံလိပ်ပြာလေးများမှာ ဟိုပန်းခင်းမှ ဒီပန်းခင်း ကူးလူး ပျော်မြူးနေကြသည်က ဆင့်တို့ကိုလည်း သူတို့နှယ် ကူးလူးပျော်ပါးကြပါ သားလို့ ဆွယ်နေသယောင်။

"ဘယ်လိုလဲ ဆင့်ဆင့်၊ သဘောကျနေလား"

စုစု အားတက်သရောမေးလေသည်။ အစိမ်းဆင့် ဟန်မဆောင် နိုင်တော့ပါ။ အကွက်ကျကျ စိုက်ပျိုးထားတဲ့ ရောင်စုံပန်းခင်းကြီးကို ဝတ်လျှောက်ရင်း ပြော၏။

"သဘောကျတာပေါ့ဟဲ့၊ ကြည့်စမ်း ပန်းတွေက အမျိုးစုံရယ်၊ ပြီးတော့ ပန်းခင်းတစ်ခုနဲ့တစ်ခုကြားက မြက်ခင်းစိမ်းကလည်း အဝိုင်းပုံ ချည်း မဟုတ်ဘူး။ လေးထောင့်ပုံတို့ ကြိုးပုံတို့ဆိုတော့ တစ်မျိုးလှတာပေါ့။ နောက်ပြီး မြက်ခင်းတွေပေါ်မှာ နားနေစရာထိုင်ခုံလေးတွေ ခင်းထားသေး တယ်။ ခင်းထားတဲ့ ထိုင်ခုံလေးတွေကလည်း ဒီဇိုင်းလှလှလေးတွေလေ"

"ဟိုဘက်ခြမ်းက စိုက်ခင်းတွေကိုလည်း ထည့်ပြောပါဦး ဆင့်ဆင့်ရဲ့"

ဘရဏီ ပြုံးရွှင်စွာဝင်ပြောလျှင် အစိမ်းဆင့် သဘောတကျ ဖြစ်လေသည်။

"ဟုတ်တယ် ဘရဏီရဲ့။ ဟိုဘက်က စိုက်ခင်းစိမ်းစိမ်းလေးတွေ ကလည်း တကယ်ချစ်ဖို့ကောင်းတယ်"

"အံမယ် ရှင်က ချစ်တတ်နေပြီပေါ်လေ"



www.burmeseclassic.com

www.burmeseclassic.com



စုစု နောက်ချင်စိတ်နဲ့ ပြောလေသည်။ ဆင့်ကလည်း မျက်နှာ မော့မော့လေးပြု၍ –

"ဟဲ့ မြင်ကွင်းက ဒီလောက်သာနေတဲ့ဥစ္စာ၊ ချစ်စရာမြတ်နိုး စရာပေါ့ဟဲ့"

"အဲဒါဆိုလည်း ဒီဥယျာဉ်ခြံပိုင်ရှင်ကို ချစ်လိုက်လေ"

"အလိုလေ"

တွယ်တာနိုင်ပြောတော့ အစိမ်းဆင့် မျက်မှောင်လေးကြုတ်ကြည့်၏။ စံပယ်ပန်းရုံတန်းဘက်မှာရပ်ပြီး စံပယ်ဖူးတွေ ခွတ်ခူးနေတဲ့ ပန်းရိပ် က ဆင့်ဘက်လှည့်လာရင်း ပြောပြန်သည်။

"ဟုတ်တယ် ဆင့်ရဲ့၊ ဆင့်စိတ်တွေ ရှုပ်ထွေးပြီး ရှေ့စ်လို နောက်နေတယ် မဟုတ်လား"

"အဲဒါက ဦးသစ်နဲ့မာမီကြောင့်"

"အေးလေ အဲဒါကြောင့် နောက်ကျိနေတာတွေ ဒီဥယျာဉ် မြင်ကွင်းလေးကြောင့် ကြည်လင်လန်းဆန်းရတယ် မဟုတ်လား"

"အဲဒါက သဘာဝဝန်းကျင်ရဲ့ ဆွဲဆောင်မှု"

"အေး အဲလို ဆွဲဆောင်နိုင်တဲ့ သဘာဝဝန်းကျင်ကို ဖန်တီး ထားတဲ့သူရှိတယ်လေ။ အဲဒီသူကြောင့် ဆင့် ခုလို ခံစားရတာမဟုတ်လား"

"အို မဆိုင်တာတွေ မပြောပါနဲ့"

"ဟင့် ဟင့် ဟင့်၊ ရှင်က မဆိုင်ဘူးလို့သာပြောနေတယ်။





တ်ထဲက ဒီဥယျာဉ်ခြံလေးကို ညွှတ်နေပြီ မဟုတ်လား"

"ဟွန့်"

အစိမ်းဆင့် မျက်စောင်းလှလှပလေးထိုး၏။ သူငယ်ချင်းတွေက ဘာတကျ ရယ်မောရင်း –

"မျက်စောင်းမထိုးပါနဲ့ သူငယ်ချင်းရယ်။ ပန်းရိပ်က ဆင့် နေရတာတွေကို ပြေပျောက်စေချင်တယ်။ ဒါကြောင့် ဒီဥယျာဉ်ခြံလေး အလည်ခေါ်လာတာ။ ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ ပန်းရိပ်ရဲ့။ ဆက်ပြောလေ"

ပန်းရိပ်က ပြောရင်းဆိုရင်း စိုက်ခင်းရဲ့တစ်ဖက်မှာရှိတဲ့ တဲငယ် လေးဆီ လှမ်းကြည့်၏။ ကြည့်ရင်းလည်း စကားစဖြတ်လိုက်၏။

ထိုအခါ တွယ်တာနိုင်တို့တစ်တွေ အားမလို အားမရ ဖြစ်ပြီး ပြောခိုင်း၏။ အစိမ်းဆင့်ကလည်း ပန်းရိပ် ဘာဆက်ပြောမလဲဆိုတာ င်လာသည်။

ထို့ကြောင့် ပန်းရိပ်ရှိရာ စံပယ်ရုံတန်းဆီသို့ စိတ်လှုပ်ရှားစွာ သွားမိသည်။ ပန်းရိပ်က ဆင့်ကို ရယ်ရယ်မြူးမြူးကြည့်၍ ဆက်

"အင်း ဆက်ပြောရမယ်ဆိုရင် ဒီဥယျာဉ်ဖန်တီးရှင်ဖြစ်တဲ့ ရဲ့ သုံးဝမ်းကွဲအစ်ကိုကလည်း ခုလို သဘာဝကိုချစ်တတ်တဲ့သူမျိုး မျှော်မှန်းတာလေ။ အဲဒါကြောင့် ဆင့်ကို"



www.burmeseclassic.com

www.burmeseclassic.com



"အိုး ပန်းရိုပ်"

"တကယ်ပြောတာ ဆင့်ရဲ့၊ လာလေ ကိုကြီးမင်းကေန်နဲ့ မိတ်ဆက်ပေးမယ်"

"အလိုလေ"

အစိမ်းဆင့် ရှက်ရှက်လေးနဲ့ ရှောင်ဖယ်ရင်း စံပယ်ပင်ချုံတန်း တစ်လျှောက် ထွက်ခဲ့မိသည်။

"ဟဲ့ ဆင့် လာလေ။ ဟိုတဲအိမ်လေးသွားပြီး ခဏနားကြရင်း စားသောက်ကြမယ်လေ"

"ဟင့်အင်း ရှင်တို့ဘာရှင်တို့ နားရင်းစားသောက်ကြ။ ဆင့် ဒီပန်းခင်းထဲမှာပဲနေမယ်"

ဆင့်က ပန်းရိုပ်ရဲ့အစ်ကိုကြီးဆိုသူနဲ့ အတွေ့မခံချင်တာ ပြောဆိုလိုက်ခြင်းဖြစ်သည်။

"ရှင်တစ်ယောက်တည်း၊ နောက်ပြီး ဆာနေဦးမယ်"

"ရတယ် စုစု၊ ရှင်တို့ဘာသာရှင်တို့ သွားနားပြီးစားကြ"

"ဘာလဲ ကိုမင်းကေန်နဲ့ ပန်းရိုပ် မိတ်ဆက်ပေးမှာစိုးလို့လား"

ဘရဏီက ဆင့်ဆင့်နောက်လိုက်လာရင်း မေး၏။ ထိုအခါ ဆင့် ခေါင်းလေးဆတ်၍ အာဆီယံသပြေပန်းခင်းဘက် လျှောက်ထွက် ၏။

"ဆင့် သဘောအတိုင်းနေပါစေ လွှတ်ထားလိုက်"





"ကောင်းတယ် ပန်းရိုပ်ရဲ့၊ လာ တဲအိမ်လေးဆီသွားပြီး နားပြုံ းသောက်ကြတာပေါ့"

"အိုကေ"

ဆင့်ကလွဲ၍ သူငယ်ချင်းအားလုံး ထိုအစီအစဉ်ကို သဘောကျ တာ ပြောဆိုတဲ့စကားလေးမဆုံးခင် တဲအိမ်လေးဆီ ခြေဦးလှည့်ကြလေ သည်။

"ဆင့်ရေ ဗိုက်ဆာရင် လာခဲ့နော်။ ပန်းရိုပ်တို့ တဲအိမ်လေးမှာ နေမယ်"

ပန်းရိုပ်က ထိုသို့အော်ပြောသေးသည်၊

ဟွန်း။

ဆင့်မဆာဘူး။

ရှင်တို့ဘာသာရှင်တို့ ဆာရင်စားကြ၊ နားကြ။

ဆင့်ကတော့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"သမီးရေ"

"ရှင် မာမီ"

"လာပါဦးလား သမီးရယ်"

"ဟွန့်"

အစိမ်းဆင့် မျက်နှာလေးရှုံ့မဲ့လိုက်မိသည်။ ဘာကြောင့်လဲဆိုတော့ မာမို့ခေါ်သံလေးက ချိုနေသည် မဟုတ်လား။

မာမို့အသံချိုနေပြီဆိုရင် ဆင့် သတိထားနေရသည်။ တစ်ခုခုနိုင်းဖို့၊ ဒါမှမဟုတ် မာမို့အလိုအတိုင်း ပြောဆိုရင်နာခံဖို့ စသည်ဖြင့် မာမီအလိုသို့ပါအောင်ပြုတော့မယ်ဆိုရင် မာမို့အသံနှင့်ဟန်က တကယ်





ချိုနေသည်လေ။

ဆင့်က မာမို့သမီးမို့ မာမို့အသံကို ခွဲခြားသိနေပြီ။

ဒါကြောင့်မို့ မျက်နှာလေးရှုံ့မဲ့လိုက်ခြင်းပါ။

"လာပါဦး သမီးရဲ့"

"ဟုတ်"

အစိမ်းဆင့် အသံပြတ်ကလေးနဲ့ပြောရင်း ဝယ်လာတဲ့ဖက်ရှင်တွေကို ဖြန့်၍ မှန်ရှေ့ကြည့်နေတာကို လက်စသတ်လိုက်ရသည်။ ထို့နောက် မာမို့အသံကြားရာ မီးဖိုခန်းဘက် ခြေဦးလှည့်သည်။

"လာ လာ သမီး"

ဒေါ်ဖူလိုင်ပွင့်က ခရမ်းသီးနဲ့ ငါးရံ့ခေါင်းဟင်းအိုးလုံးပြီး မီးဖိုပေါ်တင်၍ လှိုက်လှိုက်လှဲလှဲခေါ်၏။

ဆင့်က ပြုံးစူစူအမူအရာလေးနှင့်။

"ဘာလုပ်ဖို့လဲ မာမီ"

ဒေါ်ဖူလိုင်ပွင့်က သမီးချောလေးကို ပြုံးပြုံးလေးကြည့်ပြီး–

"ဩော် မာမို့သမီးလက်ရာ ဟင်းပွဲလုပ်ပေးပါလို့ သမီးလက်ရာကြက်သားမဆလာချက် မွှေးမွှေးလေးလေ"

"ဟွန်း"

"ဘာဖြစ်လို့လဲ သမီးရဲ့"

"မာမီချက်လိုက်ရင်လည်း ပြီးတဲ့ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"မာမီချက်ရင် မာမို့လက်ရာဖြစ်သွားမယ်လေ။ သမီးလက်ရာ စားချင်လို့ပါ သမီးရယ်၊ လာပါ မာမီက အားလုံးချက်ပြီးပြီ၊ ငါးသလောက် ပေါင်း ပေါင်းပြီးပြီ။ အခု ခရမ်းသီးနဲ့ငါးရဲ့ခေါင်း မီးဖိုပေါ်တင်ထားတယ် ပုစွန်အကြွပ်ကြော်လည်းကြော်ပြီးပြီ၊ အစိမ်းကြော်လည်းပြီးပြီ သမီးနဲ့ သမီးချက်ရမယ့် ကြက်သားမဆလာချက်လေးပဲ ကျန်တယ်၊ လာသမီး"

"မာမီကလည်း ဒီကြက်သား နောက်နေ့မှချက်လည်း ရသားနဲ့ ဟင်းပွဲတွေ များနေပြီလေ"

"အို မများပါဘူး။ ချက်ပါ သမီးရယ်၊ မြန်မြန်လေး ချက်ပေး မာမို့သမီးလေး လိမ္မာပါတယ်"

"ကျွတ်"

မာမီက ဖွတ်ခိုင်းနေတာမို့ အစိမ်းဆင့် ငြင်းရခက်လေသည် ဒီနေ့မှ မာမီက ဟင်းလေးငါးမျိုးချက်နေသည်။

ခါတိုင်းဆို ဟင်းတစ်မျိုး နှစ်မျိုးနဲ့ပြီးသည်။

ခုတော့ ကြည့်ပါလား။

ငါးသလောက်လည်း ပေါင်းထားသည်။

ပုစွန်အကောင်ကြီးတွေကို အကြွပ်ကြော်ပြီး ကြက်သွန်ကြော် လေး ဖြူးထားသော ရနံ့လေးမွှေးကာ စားချင်စရာကောင်းနေသည်။

အစိမ်းကြော်ကလည်း တစ်မယ်။

ငါးရဲ့ခေါင်းနဲ့ ခရမ်းသီးချက်လည်း ပါသေး။





ဒီလောက် ဟင်းအမယ်များနေတာတောင် မာမီက ကြက်သား ဆလာချက် ချက်ခိုင်းနေပြန်သည်။

ဒီနေ့မှ ဟင်းအမယ်စုံအောင် ချက်နေတာ အံ့ဩဖို့ကောင်းနေ သည်။

"ကဲ ရော့ ဒီမှာ စဉ်းတီတုံးနဲ့ဓား"

မာမီက လိုတာထက် ပိုနေပြန်သည်။ မာမီထိုးပေးတဲ့ စဉ်းနှီးတုံး ဓားကိုယူပြီး ကြက်သားကို သားရေည်နှာပြီး အရွယ်တော်အတုံးလေးများ လိုက်သည်။

"မရမ်းသီးသုပ်လေးပါ သုပ်လိုက်ရင် ကောင်းမယ်နော် သမီး လေး"

"မာမို့သဘော"

အစိမ်းဆင့် စိတ်မပါစွာဘဲ ပြောလိုက်မိသည်။ ထိုအခါ မာမီက သဘောတကျရယ်မောဏ်။

"သမီးကတော့လေ ဘယ်တော့မဆို မာမီသဘောချည်းပဲ၊ ဒါကြောင့် သမီးလေးကို မာမီက ချစ်ရတာလေ၊ ဟင့် ဟင့် ဟင့်"

မာမီ ဘာရည်ရွယ်ချက်နဲ့ ပြောဆိုနေမှန်း ဆင့် မတွေးတော့ချင် တော့ပါ။ လုပ်စရာရှိတာကို တိတ်တိတ်ဆိတ်ဆိတ်ပင် လုပ်နေလိုက်သည်။

ကြက်သားတုံးပြီးတော့ ရေစင်အောင်ဆေး၏။

ကြက်ညှီနံ့ပျောက်အောင် ဆားနယ်ပြီး တစ်ပြန်ဆေး၏။ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ကြက်သွန်နီနှစ်ဥနဲ့ ဂျင်းတက်တစ်တက်၊ ကြက်သွန်ဖြူဥလေးများ
ရောနှောထောင်းထည့်သည်။

ဆီဆား မဆလာထည့်ပြီး ကြက်သားနဲ့ သမအောင် ကြက်သား
တုံးလေးများကို တန်ဆာပလာတွေဖြစ်တဲ့ ထောင်းထားတဲ့ကြက်သွန်
ညက်ညက်နဲ့ ဆုပ်နယ်ပြီး ရေအနည်းငယ်ထည့်ပြီး ဂက်စ်မီးဖိုပေါ်
လိုက်သည်။

"သမီးရေ မရမ်းသီး၊ ဂေါ်ဖီနဲ့ကြက်သွန် လှီးထားပါဦး။
စားခါနီး သုပ်စားဖို့ အဆင်သင့်ဖြစ်အောင်လေ"

"စိတ်ချပါ"

အစိမ်းဆင့် စောဒကမတက်တော့ပါ။

"ခရမ်းသီးဟင်းအိုးနဲ့ ကြက်သားဟင်းအိုးကို သမီးပဲ လ
သတ်ကြည့်လိုက်တော့၊ မာမီ ရေချိုးထွက်ပြီး ညှော်သည်စောင့်လိုက်မယ်

"အလို ညှော်သည်၊ ဟုတ်လား မာမီ"

"ဟုတ်ပါ့"

"ဟွန်း ဘယ်က ညှော်သည်လဲ"

"လာတဲ့အခါကြည့်ပါတော့ သမီးရယ်၊ ဟင့် ဟင့် ဟင့်"

မာမီက မြူးမြူးလေးပြောဆိုရင်း ထွက်သွားလေသည်။
မီးဖိုထဲ အလုပ်တွေနဲ့ ကျန်ရစ်ခဲ့သည်။

ခုမှပဲ သဘောပေါက်တော့သည်။





ညှော်သည်ဖို့တဲ့။

ဟွန်း။ ဘယ်က ညှော်သည်လဲ။

မာမီက ပဟေဠိဝှက်နေပြန်သည်။

အိုး။

ဘယ်က ညှော်သည်ဖြစ်ဖြစ်၊ မာမီခိုင်းတာလေးလုပ်ပေးပြီးရင်
ဆင့်နားလို့ရပြီလေ။

ဟော ပြောရင်းဆိုရင်း ကြက်သားဟင်းအိုးလေး ဆူလေပြီ။
ထိုအခါ မဆလာရနံ့လေးသင်းသင်းမွှေးနေလျှင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဟေ့ စိမ်းလေး"

"ဟင်"

ခေါ်သံလွင်လွင်လေးကြောင့် ဂျာနယ်ဖတ်နေရာမှ အစိမ်းဆင့် ခေါင်းလေး ဆတ်ခနဲဆောင်သွား၏။

ဝင်ပေါက်မှန်တံခါးဘက်ကြည့်လိုက်တော့ ဦးသစ်။ ထိုအခါ အစိမ်းဆင့် ဟင်ခနဲဖြစ်ကာ။

ဦးသစ်က မျက်လုံးရွဲကြီးဖြင့် ကြည့်ကြည့်ရွှင်ရွှင်စိုက်ကြည့်နေရင်း –

"တံခါးဖွင့်ပေးဦးလေကွာ"





"ဟို မာမီ့ဆီလာတာမဟုတ်လား။ မာမီ ခုလေးတင် အောက်ဆင်းသွားတယ်။ လိုက်သွားရင် မီလိမ့်မယ်။ လမ်းထိပ်က ဖိုးလမင်း စတိုးဆိုင်ကိုသွားတာ ဦးသစ်ရဲ့"

"ဟုတ်ပါတယ်၊ ကိုယ်နဲ့မလျှင် တွေ့ပြီးပြီ။ စိမ်းလေးမာမီက အိမ်က စောင့်နေပါဆိုလို့"

"ဟွန်း မာမီကလည်းနော်"

အစိမ်းဆင့် ညည်းတွားရင်း တံခါးဖွင့်ပေးရလေသည်။ စမတ်ကျအောင် ပြင်ဆင်ထားတဲ့ ဦးသစ်က ကိုရီးယားမင်းသား ရှုံးလောက်သည်။ ဆံပင်ကိုထောင်ထားသလို ဝတ်ထားတာကလည်း ကိုယ်ကျပ်တီရှပ်၊ ဘောင်းဘီရှည်ကပ်ကပ်နှင့်၊ တစ်ကိုယ်လုံးလည်း မွှေးမြနေသည်။

လူငယ်တွေလို နားကွင်းသေးသေးလေး ဆင်ထားသလို လက်ကောက်ဝတ်မှ ပလက်တီနမ်လက်ပတ်က ဖိတ်ဖိတ်လဲ့၏။

လက်ထဲမှာဆွဲလာတဲ့ ထိုင်းနိုင်ငံရှိ စူပါမားကတ်တစ်ခု၏ တံဆိပ်ပါသော အိတ်ထဲမှာလည်း ဘာတွေမှန်းမသိပါ။

အိတ်က ဖောင်းနေသည်။

"ရော့ စိမ်းလေး"

ထိုအိတ်ကို ဆင့်ကိုကမ်းပေးနေပြန်သည်။

"ဟို မာမီ့အတွက်လား"

"စိမ်းလေးအတွက်"



www.burmeseclassic.com

www.burmeseclassic.com



"ဆင့်အတွက်"

"ဟုတ်တယ်လေ"

"ဘာတွေလဲ"

ဆင့် လုံးလုံးထွေးထွေး မေးလိုက်လျှင် ပြုံးမြုံးမြုံးလေး စိုက်ကြည့်နေတဲ့ ဦးသစ်က ဆင့်ပခုံးလေးကို ဖတ်ခနဲပုတ်ရင်း ဆိုသည်။

"ကိုယ် ဘန်ကောက်သွားတာ သိတယ်မဟုတ်လား"

ဆင့် ခြေလှမ်းလေးနောက်ဆုတ်ကာ ခေါင်းလေးညိတ်ရသေးသည်။ မာမီပြောလို့ ဆင့်သိနေသည်။ ဦးသစ်က ဘန်ကောက်မှာ အထည်ချုပ်စက်ရုံရှိ၏။ ထိုစက်ရုံကိစ္စ ဦးသစ် ဘန်ကောက်သွားသတဲ့။ နှစ်ပတ်လောက် ကြာမလားပဲ။

ဟော နှစ်ပတ်ပြည့်ရုံရှိသေး ပြန်ရောက်လာပြီ။ ပြန်ရောက်လာတော့လည်း လက်ဆောင်းပစ္စည်းတွေ လာပေးပြန်သည်။

ဆင့်က လက်ဆောင်ပစ္စည်းတွေ မလိုချင်ပါ။ ဒါကြောင့် –

"ဦးသစ်ရယ် ပင်ပန်းခံပြီး ဘာလို့ သယ်လာရတာလဲ"

"စိမ်းလေးကို သတိရလို့"

"ဟွန်း မာမီ့ကိုသတိရလို့ ဟုတ်သေးတယ်"

အစိမ်းဆင့် ထိုသို့ပြောလိုက်တော့ ဦးသစ် ဟက်ဟက်ပက်ပက် ရယ်မောလေသည်။ ဆင့်မျက်စောင်းထိုးရင်း ထိုအထုပ်ကို စားပွဲပေါ်တင်လိုက်သည်။





"ထိုင် ဦးသစ်၊ မာမီ့ကို ဖုန်းဆက်ခေါ်ပေးမယ်"

ဆင့် ပြောဆိုရင်း မာမီပေးထားတဲ့ ဦးသစ်ရဲ့လက်ကိုင်ဖုန်း ခြည်လာသည်။

"တီ တီ တီ"

ဖုန်းခေါ်လာတာက မာမီရယ်လေ။ ဆင့် အားရဝမ်းသာနှင့် အယ်လိုထူးရင်း ပြောလိုက်သည်။

"မာမီရေ ဒီမှာ ဦးသစ် ရောက်နေတယ်။ မြန်မြန်လာပါဦး"

"အေး မာမီ အဲဒါပဲပြောမလို့၊ ဒီမှာ မာမီ့သူငယ်ချင်း ဒေါ်ဝေမာနဲ့ တွေ့နေလို့။ အဲဒါ သမီးရဲ့ဦးသစ်ကို သမီးပဲ နေ့လယ်စာ ထမင်းပွဲလေး ပြင်ပြီး ကျွေးခံထားလိုက်၊ ဒီမှာ သမီးရဲ့အန်တီ ဒေါ်ဝေမာ အရေးကြီးနေလို့ ဘဲ့ ဒါပဲနော် သမီး"

"မာမီ ကျွတ်"

အစိမ်းဆင့် ဘာမှပြန်ပြောချိန်မရလိုက်ပါ။ မာမီ ခပ်သောသော ပြောပြီး ဖုန်းချသွားလေသည်။

ဖုန်းကို အလိုမကျစွာ ဖိပိတ်မိရင်း အစိမ်းဆင့် မျက်နှာလေး ရှုံ့မဲ့သွား၏။

ဦးသစ်ကိုလည်း အမြင်မကြည်စွာကြည့်မိသွားသည်။ လက်စသတ်တော့ ချေ့သည်ဆိုတာ ဦးသစ်ကိုး။

"စိမ်းလေး ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသစ်က မျက်ခုံးလေးပင့်၍ ဟန်ပါပါမေး၏။

"ဦးသစ်ကို မာမီ နေ့လယ်စာစားဖို့ ဖိတ်ထားတာလား"

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"

"ဟွန်း မာမီက ဘာဟင်းမှလည်း ချက်မထားဘူး"

အစိမ်းဆင့် အားမနာတမ်း ညာပြောလိုက်၏။ ထိုအခါ ဦးသစ် ပခုံးလေးဟန်ပါပါပင့်ပြီး –

"ကောင်းသားပဲ၊ ကိုယ်တို့ အတူတူ ဟင်းချက်ရအောင်လား"

"အိုး မချက်ဘူး"

"ကိုယ် ချက်တတ်ပါတယ်၊ စိမ်းလေး ကူညီရုံပဲလေ"

"ကျွတ်"

အစိမ်းဆင့် ခြေထောက်ကလေး ဆောင့်မိသွားသည်။ လွှတ်လမ်းရှာပေမယ့် ဦးသစ်က ဝိုပြီး စိတ်ရှည်နေသည်။

"ဘာဖြစ်လို့လဲ စိမ်းလေး"

"ဆင့် မကူချင်ဘူး"

"အဲဒါဆိုလည်း ရတယ်လေ။ ကိုယ့်ဘာသာကိုယ် ချက်မယ်"

"တော်ပါတော့"

အစိမ်းဆင့် အသံကျယ်ကျယ် ထုတ်ပြောလိုက်၏။ မာမီ့ကိုလည်း ဒေါသဖြစ်နေမိသည်။

ဦးသစ်ကိုလည်း လျှော့တွက်လို့မရမှန်း သိလာသည်။





ဒါကြောင့် –

"ဦးသစ်စားချင်ရင် အပြင်မှာလိုက်ကျွေးမယ်"

"အိုကေ သိပ်ကောင်းတဲ့အစီအစဉ်ပဲ။ လာ သွားကြစို့ စိမ်းလေး"

ဦးသစ်က သဘောအကျချည်းကျကာ ချက်ချင်းပဲ သွားစို့ပြောလေသည်။

ဆင့်က ဆင့်ချက်ပြုတ်ထားတဲ့ ဟင်းပွဲတွေနဲ့ ဦးသစ်ကို ညှော်မခံရရင်ပြီးရော သဘောနဲ့ ဦးသစ်နဲ့ အပြင်ထွက်ခြင်း။

ထိုအခါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဟင်"

မင်းကေန်နှင့် ထိပ်တိုက်ဆုံတွေ့လျှင် အစိမ်းဆင့် ခြေလှမ်းလေး တန့်သွားသလို ရင်ထဲမှာလည်း အနွေးလှိုင်း ဖြတ်သန်းသွား၏။

ဒါ့ပြင် မလုံမလဲ ဖြစ်ပေါ်လာသော စိတ်ဖြင့်လည်း ဦးသစ်နှင့် ယှဉ်လျှောက်နေရာမှ ဆင့် ခြေလှမ်းလေးနောက်ဆုတ်လိုက်မိသည်။

"စိမ်းလေး"

ဦးသစ်က သတိထားမိဟန်နှင့် ငုံ့ကြည့်ရင်း ခေါ်သည်။

"ဘာဖြစ်လို့လဲ"

ခေါ်ရင်း ဂရုတစိုက်မေးတဲ့ ဦးသစ်ကို ဆင့်မကြည့်မိဘဲ





တည့်တည့်ကြီး စိုက်ကြည့်ရင်း ဆုံတွေ့လာသည့် မင်းကေန်ကိုပဲ ငေးကြည့်ဖြစ်သွားသည်။

"ဟို ဆင့် တို့"

အစိမ်းဆင့် ဘာပြောလို့ပြောရမှန်းမသိတော့။ နှုတ်က ထွက်ချင်သလို ထွက်သွားသလို ထွက်သွားတဲ့စကားလုံးကလည်း အဆုံးထိမရောက်လိုက်ပါ။

ထိုအခါ မင်းကေန်က ဆင့်ဘေးမှ မျက်နှာအမူအရာ ပြောင်းကာ ဖြတ်ကျော်သွားလေသည်။ သူ့အမူအရာက ဆင့်ကို တစ်ခုခု မှတ်ချက်ပေးချင်သလို အမူအရာမျိုး။

"သူ ဘယ်သူမို့လဲ စိမ်းလေး"

ဦးသစ်က တစ်ခုခုကို ရိပ်မိဟန်နှင့်မေး၏။ ဆင့်က သူ ထွက်သွားရာကို ကြည့်နေရာမှ –

"ပန်း ပန်းရိပ်အစ်ကိုပါ"

ဆင့် တိုးတိုးလေးပြောလိုက်သော်လည်း ဆင့်အသံ ပုံမှန်ဖြစ်မနေပါ။ ဦးသစ်က မျက်မှောင်ကြုတ်ကြည့်၍ –

"ပန်းရိပ်အစ်ကိုနဲ့ စိမ်းလေးက ဘာပတ်သက်လို့လဲ"

"အို ဘာမှမပတ်သက်ပါဘူး"

"မပတ်သက်ဘူးဆိုရင် ပြီးရော။ ကဲ လာ သွားမယ်"

ဦးသစ်က ပြီးပြီးရောနှင့် ဆင့်လက်ဖျားလေးကို ပိုင်စိုးပိုင်နင်း



www.burmeseclassic.com

www.burmeseclassic.com



ဆွဲခေါ်သွားလေသည်။

"အဲ ဦးသစ်"

ဆင့် ရင်ကလေးဖိုကာ ဦးသစ်ဆွဲခေါ်သွားတဲ့နောက် ပါခဲ့ရသည်။

"ကျွတ်"

ဆင့်ရင်ထဲ နေရခက်ခက် ဖြစ်သွားလေသည်။

ဒီလောက် လူအများကြားထဲမှာ ဆင့်လက်ကို ပိုင်ပိုင်စိုးစိုး ဆွဲထားလေတော့ လူများ ဘယ်လိုထင်ကြမလဲ။

ဆင့်နဲ့ဦးသစ်က တစ်ခုခုပဲလို့ ယူဆနိုင်တယ်လေ။ မင်းကျော်လည်း ထိုအယူအဆမျိုးနဲ့ ကြည့်သွားတယ် မဟုတ်လား။

ဒါကြောင့် ဆွဲခေါ်သွားနေတဲ့ ဦးသစ်လက်ကို ဆင့်ဖယ်ရှားပစ်ဖို့ ကြိုးစား၏။ ဦးသစ်က ဆင့်လက်ကလေးကို မြဲနေအောင် ဖျစ်ညှစ်ကိုင်ထားတာမို့ ဆွဲဖယ်လို့လည်းမရ ဖြစ်နေလေပြီ။ ဒါကြောင့် –

"ဦးသစ်"

ဆင့် ဝမ်းနည်းစွာ ခေါ်မိသွားသည်။ ဦးသစ်က ငဲ့မကြည့်ဘဲ–

"လာလေ စိမ်းလေး။ သီးသီးသန့်သန့်လေးဖြစ်အောင် ဟိုဘက်က အအေးခန်းမှာ စားကြတာပေါ့"

ဦးသစ်က သူဖြစ်တာပဲပြောကာ သီးသန့်မှန်ခန်းလေးထဲ ဦးဆောင်ခေါ်သွင်းသွားလေသည်။





ဆင့်မှာ ပြောလို့လည်းမရ၊ ရုန်းလို့လည်းမရဖြစ်ကာ ဒီလိုနဲ့ပဲ ဦးသစ် ဆွဲခေါ်တဲ့အတိုင်း ပါခဲ့ရတဲ့အဖြစ်။

"ထိုင်လေး စိမ်းလေး"

အနီရောင်ဆိုဖာထိုင်ခုံနှင့် စားပွဲဝိုင်းအလွတ်မှာ ဝင်ထိုင်ဖို့ ပြောရင်း ဆင့်လက်ကလေးကို ဖြေလွှတ်ပေး၏။

ဆင့်မျက်နှာလေးဆူကာ ထိုင်လိုက်ရသည်။

ဦးသစ်လည်း ဆင့်နဲ့ မျက်နှာချင်းဆိုင်မှာဝင်ထိုင်ရင်း မီနူးကြည့် [illegible] ဝိတ်တာလေးအနားလာရပ်လျှင် –

"စိမ်းလေး ဘာစားမလဲ"

ဦးသစ် ဂရုတစိုက်မေးနေသည်က ဆင့်စိတ်ထဲ ပို၍ မကြည့်လင်ဖြစ်ရလေသည်။ ဒါကြောင့် ရှုံ့ထားတဲ့မျက်နှာလေးနဲ့အတူ တစ်ပါတည်း ခေါင်းခါ၍ –

"ဆင့် ထမင်းစားခဲ့ပြီးပြီ"

"ဒါဆိုလည်း ကိုယ်မှာတာ ဝိုင်းစားရမယ်၊ အိုကေနော်"

ဆင့် ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါ ငူငူချည်း ထိုင်နေလိုက်သည်။ ဦးသစ်က စိတ်ကြိုက်မှာနေသည်။

မှာပေါ့။

သူ့ပါးစပ်နဲ့သူ စားဖို့ပဲ။

ဆင့်ကတော့ ဆောရီးပဲ။



www.burmeseclassic.com

www.burmeseclassic.com



မင်းကေါ်နဲ့ ဒီလိုကြုံရမယ်မှန်း ကြိုသိရင် အပြင်မထွက်ခဲ့ပါဘူး

မာမီစီစဉ်ထားတဲ့အတိုင်း ဦးသစ်ကို ထမင်းပွဲပြင်ပေးလိုက်မှာပေါ့။

ခုတော့။

နေပါဦး။

ဆင့်က မင်းကေါ်နဲ့ တော့တော့ဆိုင်ဆိုင် ဆုံလိုက်မှ ဘာဖြစ်လို့

ခုလိုတွေ တွေးနေရတာလဲ။

ဆင့်ကိုယ်ဆင့် မေးမိလျှင် မင်းကေါ်နဲ့ ဆုံခဲ့ရတဲ့ ထိုနေ့လေးကို

ဆင့်မြင်ယောင်လာသည်။

✿ ✿ ✿

## ခန်း (၁၂)

နီညိုရင့်ရောင် ရွက်ညွန့်အခက်လေးတွေက လေပြည်လေး

တိုက်သွားတိုင်း လှုပ်လှုပ်လေးနဲ့ကာ သူ့အနားလာကြကွယ်လို့ ဖိတ်ခေါ်နေ

သယောင်ရှိ၏။

သို့မို့ကြောင့်ဟုထင်ရသည်။

ဆင့်ခြေလှမ်းတွေ ရွက်ညွန့်လေးများ ဖြာဝေနေတဲ့ အာဆီယံ

သပြေပန်းခင်းဘက် ရောက်သွား၏။

သပြေပင်တွေက ပိုင်းပိုင်းကလေးဖြစ်ကာ ဆင့်ပခုံးနီးပါးမြင့်၏

အပင်ရေထောင်ချီရှိသော ထိုသပြေပင်များက တောအုပ်လေးနှယ် ချစ်

စရာကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဆင့် စိတ်အစဉ် ပျော်မြူးကာ သပြေတောထဲ လိပ်ပြာလေးများလို ပျံဝဲနေမိသည်။

သပြေတောအလှကြောင့်လား ဘာကြောင့်လား ဆင့် မသိပါ။ ပျော်မြူးနေတဲ့ ဆင့်စိတ်က သီချင်းမြူးမြူးလေးဆိုရင်း သပြေခက်ညွန့်လေးကို တယုတယ ချိုးယူမလို့လုပ်၏။

ထိုစဉ် –

''ဟင်''

ဆင့် ချိုးယူမလို့လုပ်နေတဲ့ သပြေပင်နောက်မှ ဘွားနဲ ပေါ်လာတဲ့မျက်နှာ။ ဆင့် ပါးစပ်အဟောင်းသားလေး ဖြစ်သွားသည်။

ဆင်းကတ်တန်းစီတုန်းက ဆင့်ရှေ့က တိုးဝင်ပြီး နေရာယူတဲ့သူ။ နောက်ပြီး ကမ်းနားလမ်းမှာတုန်းက သူငယ်ချင်းတွေကို ဆင့် စောင့်မျှော်နေတုန်း စားပွဲထိုးကောင်လေးနဲ့ စာတစ်စောင်ပေးခိုင်းတဲ့သူ။

ထိုသူက သပြေပင်တွေနောက်မှာ တကုန်းကုန်းနဲ့ အပင်ရင်းက မြက်တွေရှင်းနေရာမှ ခါးဆန့်သလို ထလိုက်လျှင် ဆင့်နှင့် တန်းခနဲဆုံသွားခြင်းဖြစ်သည်။

ခမောက်ပိုင်းဆောင်းထားတဲ့ သူ့မျက်နှာမှာ ချွေးစတွေနဲ့။ လက်မှာလည်း ညစ်ပတ်နေသည်။

ပုဆိုးနွမ်းနွမ်း၊ ဝတ်ထားတဲ့ စွပ်ကျယ်လက်ပြတ်ကလည်း





ညစ်ထပ်ထပ်။

ဒီလူက ဘာလဲ။

''ရှင်က ဘာလဲ၊ ဒီခြံရဲ့အလုပ်သမားလား''

ဆင့် လွှတ်ခနဲ ထုတ်မေးလိုက်သည်။ သူက စူးစူးလေးစိုက်ကြည့်ပြီးမှ ခေါင်းလေးညိတ်၏။

ဆင့် နှုတ်ခမ်းလေး မသိမသာမဲ့ကာ –

''အဲဒါဆို ရှင့်အလုပ် ရှင်လုပ်လေ။ ဘာဖြစ်လို့ ရပ်ကြည့်နေရတာလဲ''

''ဆောရီး''

သူက ခပ်တင်းတင်းလေးပြောကာ ဆင့်နဲ့ဝေးရာ အာဆီယံ သပြေတန်းထောင့်ဘက် ထွက်သွားလေသည်။

ထိုအခါ ဆင့်လည်း နောက်ပြန်လှည့်လာမိသည်။

ဒီလူနဲ့ ဒီသပြေတောထဲမှာ နီးနီးလေး မနေချင်ပါ။ ဒါကြောင့် သူငယ်ချင်းတွေရှိရာ တဲအိမ်လေးဆီ ပြန်လာခဲ့သည်။

တဲအိမ်းလေးထဲမှာ သူငယ်ချင်းတွေက ဝိုင်းဖွဲ့စားသောက်လို့ ဆောင်းနေကြသည်။

''ဟော့ဆင့် လာလေ''

''ဟင်းတွေက စုံနေရောပဲ။ ပန်းရိပ်တို့လာမယ်ပြောထားလို့ ကိုကိုက ဟင်းပွဲစုံအောင် ချက်ပေးထားတယ်။ ဆင့်အကြိုက် ရှမ်းသီး



www.burmeseclassic.com

www.burmeseclassic.com



အစာသွပ်နုပ်လည်း ပါတယ်ဟ''

ပန်းရိပ်က ရွှင်ရွှင်လေးလှမ်းပြောရင်း ထမင်းဝိုင်းထဲ တန်းဝင်မို့ ဆင့်အကြိုက်ဟင်းအမယ်ကို ရှာပြလေသည်။

ဆင့်အကြိုက်ဟင်းအမယ်ပါတော့လည်း ဆင့် လျှာရည်လေး စိုလာသည်။

''လာ ထိုင် ဆင့်''

''ဒီမှာလာထိုင်''

သူငယ်ချင်းတွေအားလုံး ဆင့်ကိုနေရာရွှေ့ပေးကြသည်။ ဆင့်လည်း ပန်းရိပ်နဲ့ ဘရဏီကြားမှာ ဝင်ထိုင်လျှင် တွယ်တာနိုင်က လက်ဆေးရေဖလားလေး ထိုးပေး၏။

ဆင့်လည်း အလိုက်သင့် လက်ဖဝါးလေး နှစ်ဆေးရင်း ထမင်းစားပွဲကို ငေးကြည့်၏။

''ဒါက ကြက်သားအာလူးချက်၊ ဒီမှာက သီးစုံသနပ်ချဉ်၊ ဒီမှာက ဝက်သားဆီပြန်၊ ဒါကတော့ ဆင့်အကြိုက် ခရမ်းသီးအစာသွပ်နုပ်လေ။ စိမ့်နေတာပဲ။ စုစုတောင် ခရမ်းသီးအစာသွပ်နုပ်ကို ကြိုက်သွားပြီး ငါးပိတို့စရာပါသေးတယ်။ ကဲစား''

စုစုက ပြောရင်း ဆိုရင်း ခရမ်းသီးအစာသွပ်နုပ်ပန်းကန် ဆင့်ကို ကမ်းပေး၏။

''စားနော် ဆင့်၊ ကိုကိုက ပန်းရိပ်တို့ ထမင်းမြိန်အောင်





ရှယ်ချက်ထားပေးတာ။ လုံးဝ အားမနာနဲ့၊ ဆွဲသာဆွဲ''

ပန်းရိပ်က ပြောရင်းဆိုရင်း ဝက်သားဆီပျံဟင်းခွက်ကို ဆွဲယူဆိုသည်။ တွယ်တာနိုင်က သီးစုံသနပ်၊ ဘရဏီက ကြက်သားအာလူးချက်။ အားလုံး ကြိုက်ရာ ကြိုက်ရာ ဆွဲယူပြီး စားကြတော့ ဆင့်လည်း အားနာမနေတော့ပါ။

ခရမ်းသီးအစာသွပ်နုပ်နဲ့ အားရပါးရ စား၏။

ဒါ့ပြင် ငါးကောင်လုံးကြော်နဲ့ကလည်း သင်းနေတာမို့ ဆင့်ပြောင်းတွေ့သွားလေသည်။

ထို့ကြောင့် သူငယ်ချင်းတွေနည်းတူ စကားတပြောပြောနဲ့ စားနေကြတာလေ။ ဆင့် ထမင်းနှစ်ပန်းကန်နဲ့တစ်ဝက် စားဖြစ်သွားလေသည်။

ထမင်းစားပြီးတော့ လက်ဖက်သုပ်ပွဲလေး စားကြပြန်သည်။

ဆင့်တို့ လက်ဖက်သုပ်ဝိုင်းဖွဲ့စားနေစဉ်မှာ စုစုက ပန်းရိပ်ကို လှမ်းပြောသည်။

''ဟဲ့ စုတို့တော့ စားလား သောက်လားနဲ့ ရှင့်ကိုကိုကို ခေါ်လိုက်ဦးလေ''

''နေပါစေ၊ ကိုကိုက သူ့အချိန်နဲ့သူစားမှာ။ ဒီအချိန်က ကိုကို အလုပ်ချိန်''

''အလုပ်ချိန်''



www.burmeseclassic.com

"ဟုတ်တယ်လေ၊ ဒီနေ့ ကိုကို့ခြံအလုပ်သမားတွေ ခွင့်ယူထား လို့ ကိုကိုကိုယ်တိုင် အလုပ်သမားလုပ်နေတာ"

"ဟင်"

ဆင့် မျက်လုံးလေးပြူးသွားသည်။

"အလုပ်သမားလုပ်နေတာ"

"ဟုတ်တယ်လေ၊ ဟိုမှာတွေ့လား"

ပန်းရိပ်က တဲအိမ်လေးရဲ့အပြင်ဘက်ကို ညွှန်ပြ၏။ အာဆီယံ သမြေပြင်တောင်၏ ဘေးဘက်ရှိ ပန်းဂန္ဓမာပန်းခင်းဘက်မှ ရေဖြန်းပိုက်ဖွင့် နေတဲ့ သူ့ကို ညွှန်ပြလေသည်။

"အလို"

ဆင့်ရင်ထဲမှာ တစ်မျိုးလေးဟာသွားသည်။

"အဲဒါ ပန်းရိပ်ကိုကို"

"ဟုတ်တယ် ဆင့်ရဲ့၊ ကိုကို မင်းဇေကန်လေ"

ဆင့်မျက်နှာလေးပျက်မသွားအောင် အနိုင်နိုင်ထိန်းလိုက်ရ သည်။ သူ့ကိုလည်း ဧေးမကြည့်ရက်အောင်ဖြစ်ကာ မြင်လွှာရုပ်သိမ်းရှင် ဆင့် ရင်အခုန်မြန်နေသည်။

ဒါပြင် သူက တဲအိမ်လေးဘက် လှမ်းလာနေတာဖြစ်ရလျှင် ဆင့် ရင်မဆိုင်ရဲတော့ပါ။

ထို့ကြောင့် –





"ဆင့်ပြန်တော့မယ်"

"ဟဲ့ ညနေစောင်းမှ ပြန်ကြမယ်လေ"

"ဟင့်အင်း"

ဆင့်ခေါင်းလေးရမ်းရင်း ချက်ချင်းပဲ ထပြန်ခဲ့မိတာလေ။

အဲဒါ ဘာကြောင့်ပါလဲ။

ပြောကြပါကွယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

''သမီး အစိမ်းလေး''

''ရှင် မာမီ''

''ဒီမှာ ပါဆယ်ရောက်နေတယ်။ သမီးနာမည်နဲ့''

''ဟင်''

ဆင့် အံ့သြသွားကာ ဖြောင့်စက်ဆွဲထားလို့ ပျောင်းနွဲ့နေတဲ့ ဆံပင်ရှည်ကို တယုတယပြီးသပ်နေတဲ့ ဆင့်လက်ကလေး တန့်သွားသည်။

ထို့ကြောင့် မှန်တင်ခုံရှေ့က ခွာခဲ့သည်။

''လာယူလေ''

''ဟုတ်ကဲ့ မာမီ''





ဆင့်အခန်းထဲက ကမန်းကတန်း ထွက်ခဲ့သည်။ မာမီက ဖုန်းပြောရင်းတန်းလန်းနှင့်မို့ သိပ်စိတ်ရှည်ဟန်မတူ။ ဆင့်ကိုပြောပြီး ဖုန်းဆက်ပြောနေလိုက်သည်။

ဆင့်ဧည့်ခန်းထဲ အပြေးကလေးဝင်သည်။ စားပွဲခုံပေါ်တင်ရှိသော ပန်းဖျော့ရောင်ပါကင်ပေပါနဲ့ထုတ်ထားတဲ့ ချစ်စဖွယ်ပါကင်ငယ်လေးကို စိတ်လှုပ်ရှားစွာ ဆင့် လှမ်းယူလိုက်၏။

ထို့နောက် ဖုန်းပြောလို့ကောင်းနေတဲ့ မာမ့်အခြေအနေကို တစ်ချက်ငဲ့ကြည့်သည်။ မာမီက မာမီမိတ်ဆွေ အမျိုးသားကြီးတစ်ဦးနဲ့ စကားလှိုင်လှိုင်ချည်းပြောနေတာမို့ ဆင့်ကို စိတ်ဝင်တစားမရှိပါ။ ဒါကြောင့် ဆင့်အခန်းထဲ သုတ်သုတ်ကလေး ပြန်ဝင်ရင်း တံခါးကို ဂျက်ကျအောင် ပိတ်လိုက်လေသည်။

ပြီးမှ မှန်တင်ခုံရှေ့ထိုင်ချရင်း ပါကင်ထုတ်လေးကို တယုတယကိုင်၍ ဘယ်သူပေးတာလဲ၊ ဘာကြောင့်ပေးတာလဲ။ သိချင်စိတ်ကလေး ဆက်သန်စွာ ပါကင်ခွာကြည့်လျှင် –

''ဟင်''

ဆင့် မျက်လုံးလေးဝိုင်းစက်သွား၏။ ပါကင်ထဲမှာ ဆင်းကတ်အသစ်ကလေးရယ်၊ ပြီးတော့ ဟန်းဆက်လှလှလေးတစ်လုံးနှင့် စာတစ်စောင်။

ဆင်းကတ်အသစ်စက်စက်ကလေးနဲ့ ဟန်းဆက်လှလှလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဆင့် တစ်လှည့်စီကိုင်ကြည့်ပြီး စာခေါက်လေးကို ဖြန့်ဖတ်၏။

ဆင့်

ပန်းရိပ်ခေါ်သလိုပဲ ကျွန်တော်လည်း ဆင့်လို့ပဲ ခေါ်လိုက်တယ်။ ဒီဆင်းကတ်လေး တန်းစီရင်း ဆင့်နဲ့ဆုံတွေ့ခွင့်ရတဲ့အတွက် ကံကြမ္မာကို ကျေးဇူးတင်ပါတယ်။

ကျွန်တော်က အပျော်သဘော တန်းစီမိတာပါ။ ဆင့်က တကယ်လိုအပ်နေလို့ တန်းစီတဲ့အတွက် ဒီဆင်းကတ်လေးက တကယ်လိုအပ်နေတဲ့ ဆင့်လက်ထဲမှာရှိနေတာ ပိုအသုံးကျပါတယ်။ ဒါကြောင့် ဒီဆင်းကတ်လေး ဆင့်လက်ထဲ ပြန်ထည့်ပေးချင်မိတယ်။ ဒါကြောင့် စားပွဲထိုးကောင်လေးနဲ့ စာပေးခိုင်းမိတာပါ။ အဲဒီအတွက် ဆင့်စိတ်ကို အနှောင့်အယှက်ဖြစ်စေတယ်ဆိုရင် ကျွန်တော့်ကို ခွင့်လွှတ်ပါ။

ပြီးတော့ ကျွန်တော် တစ်ခုတောင်းဆိုချင်ပါတယ်။ ကျွန်တော် တန်းစီပြီး ပင်ပင်ပန်းပန်း ကြိုးစားဝယ်ယူလို့ရခဲ့တဲ့ ဒီဆင်းကတ်လေးက ငွေအားဖြင့် ဘာမှမတန်ပါဘူး။ ဒါကြောင့် အဲဒီဆင်းကတ်လေး အသုံးပြုလို့လွယ်အောင် ဟန်းဆက်





အသစ်ကလေးပါ ဝယ်ထည့်ပေးလိုက်တယ်။

ကျွန်တော့်ကို နားလည်တယ်ဆိုရင် ဒီစာဖတ်ပြီး ဆင်းကတ်နဲ့ ဟန်းဆက်ကို လက်ခံအသုံးပြုပေးပါ။ ကျွန်တော့်လက်ကိုင်ဖုန်းနံပါတ် ရေးပေးလိုက်တယ်။ ဆင်းကတ်အသစ်ကလေးနဲ့ ဆင့် ဖုန်းဆက်မယ့်အချိန်ကို ကျွန်တော် မျှော်နေပါ့မယ်။

မင်းကေန်

စာလုံးလေးများဆုံးလျှင် ဆင့်ရင်မှာ ရင်ခုန်လှိုင်းရိပ်ကလေး …မှာ အသောမတတ် ဖြစ်တည်သွားသည်။

စာခေါက်လေးကို တယုတယပြန်ခေါက်ရင်း ဆင်းကတ်အသစ်…ကို မြတ်နိုးစွာကိုင်ကြည့်၏။

ထို့နောက်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

''တီ တီ တီ''

ဖုန်းမြည်သံကြားလျှင် မင်းကေန် ရေချိုးရင်းတန်းလန်း ပြေ သွားမိသည်။ စိတ်အစဉ်လည်း လှုပ်ရှားကာ ခေါင်းလျှော်လက်စနှ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေတဲ့ကိုယ်ကိုလည်း မမှုနိုင်တော့ပါ။

ဘူးသီးပင်ခြေရင်းပိုင်းမှာ အပင်ရေလောင်းတဲ့ ရေပိုက်နဲ့ ရေချိ ရင်းတန်းလန်းနှင့် နားနေတဲ့ကွပ်ပျစ်လေးပေါ်တင်ထားသည့် သူ့ဖုန်းလေ ဆီ အပြေးအလွှား သွားမိလေသည်။

''ဟဲ့ ကေန် ရေချိုးရင်းတန်းလန်းကြီးနဲ့။ နေ နေ ဒေါ်ဒေ ကိုင်လိုက်မယ်''





သူ့အဒေါ် ဒေါ်စောမေက တဲအိမ်လေးမှထွက်လာရင်း ပြော ...။

''ရတယ် ဒေါ်ဒေါ်၊ ကျွန်တော်ပဲ ကိုင်မယ်''

''အိုအေ ဒီကလေးနှယ်။ ခေါင်းတစိုစိုနဲ့ အအေးမိနှာစေး ...တော့မှာပဲ''

ဒေါ်ဒေါ် စိုးရိမ်စိတ်ကလေးနဲ့ပြောတာကို သူ သတိမထားနိုင် ...တော့ပါ။ ဆင့်ကို ဆင်းကတ်ပါတဲ့ ပါဆယ်ထုပ်ကလေး ပို့ခိုင်းပြီးကတည်း ...ဖုန်းမြည်သံကြားတိုင်း ဆင့်ခေါ်သလားဆိုတဲ့အသိနဲ့ ရင်ခုန်နေရသည်။

ထိုရင်ခုန်ခြင်းကို ဘာနဲ့မှ တားလို့မရနိုင်စွာ။ မြည်နေတဲ့ လက် ...နှန်းလေး လှမ်းယူပြီး ပေဂျာမှာထင်ပေါ်နေတဲ့ ဖုန်းနံပါတ်လေးကို ...န်းကတန်း ကြည့်၏။

ပေါ်နေတဲ့နံပါတ်က သူပို့ပေးလိုက်တဲ့ ဆင်းကတ်အသစ်စက် ...ာ်လေးရဲ့ ဖုန်းနံပတ်မဟုတ်လျှင် သူ့ရင်ခုန်လှုပ်ရှားမှုတွေ ဝုန်းခနဲ ...ကျသလို ခံစားရ၏။

''တီ တီ တီ''

ဖုန်းက မြည်နေဆဲ။ ဒီဖုန်းနံပါတ်က ပန်းမြတ်ဟိုတယ်က ...တ်နေမှုန်း မင်းကေန်သိ၏။

ပန်းမြတ်ဟိုတယ်က သူ့ခြံထွက် အော်ဂဲနစ်ဟင်းသီးဟင်းရွက် ...ာ်ဒါယူနေကျလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဖုန်းကိုင်ထားပြီး ဘာကြည့်နေတာလဲ။ မြန်မြန်ပြောလေ"

ဒေါ်ဒေါ် လှမ်းအော်ပြန်သည်။

"ဒေါ်ဒေါ်ပဲ ပြောပေးလိုက်ပါ။ မှာထားတဲ့ဟင်းသီးဟင်းရွက်တွေ အချိန်မီလာပို့ပါမယ်"

မင်းကေနီ ဒါပဲပြောကာ ဒေါ်ဒေါ့်လက်ထဲ ဖုန်းထည့်ပေးလိုက်သည်။ ဒေါ်ဒေါ်က ဘာမှနားမလည်စွာ။

"ဒီကလေးနှယ် တကယ်ရယ်ကွယ်၊ နားကိုမလည်နိုင်တော့ဘူး သွားသွား ရေအမြန်ချိုး။ ဒေါ်ဒေါ် ပြောလိုက်မယ်"

ဒေါ်ဒေါ် တတွတ်တွတ်ပြောရင်း ဖုန်းပြောလေသည်။ သူက မျှော်နေတဲ့ ဆင့်ဖုန်းမဟုတ်မှန်း သိနေတော့ ရင်ထဲမှာ ဟာခနဲဖြစ်ကာ ခံစားမှုတွေက ပုံမှန်နဲ့မတူသလို ဖြစ်ချေသည်။

ဆင့်ရယ်။

ဆင့်လေးက သူ့ကို ပြုစားနိုင်လွန်းတယ်နော်။

ဘာကြောင့် ပြုစားနိုင်လွန်းတာလဲ။

ပြောပါဆင့်ရယ်။

✿ ✿ ✿



## အခန်း (၁၅)

"ကေနီ့ရောဂါက မသေးဘူးကွ"

"ဒါဆို တော်တော်ကြီးတာပေါ့။ ဟုတ်လား ဗညား"

"ကြီးတာမှ တော်တန်ရုံမဟုတ်ဘူး ရောမလောက်ကိုကြီးတာ"

"ဟား ဟား ဟား"

ဗညား၊ ဇင်ကိုနဲ့ သုတကျော်တို့သုံးယောက် သူ့ကိုမြင်တာနဲ့ [illegible]သလို ပြောရင်းလည်း ရယ်မောကြလေသည်။

သူငယ်ချင်းတွေရဲ့ ပြောဆိုရယ်မောသံက သူ့မျက်နှာ ထားရခက် [illegible]တာ ရှက်ရကောင်းနိုးနိုး၊ ပြန်ချေပရကောင်းနိုးနိုးနဲ့ မလုံမလဲ [illegible]သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူငယ်ချင်းတွေ ဝိုင်းဖွဲ့နေတဲ့ စားသောက်ဝိုင်းလေး ဆီ ဦးတည်လာတဲ့ သူ့ခြေလှမ်းလေး တန့်မလိုဖြစ်သွား၏။

"လာလေကွာ"

သက်တန့်က ဝိုင်းမှထလာရင်း သူ့ကိုဆွဲခေါ်လေသည်။

"မင်းကလည်း ဒီရောဂါရတာ ရှက်စရာမှမဟုတ်တာကွ ရင်ထဲရှိသမျှ ဖွင့်ထုတ်လိုက်ကွ။ အိုကေနော်၊ ဖွင့်ထုတ်"

ဗညားကလည်း ရယ်ရှိန်သတ်ရင်း မြူးမြူးလေးပြော၏။

"ကိုယ်တို့ကောင်တွေတုန်းကလည်း ဒီလိုပဲ ရင်ဖွင့်ကြတာ ကွ။ ကဲ ထိုင် မင်းရင်ထဲ ဘာတွေရှိလဲဆိုတာ ဟင်းလင်းပွင့်သွားအောင် လုပ်ပေးဖို့ ကိုယ်တာဝန်ယူတယ် ဟဲ ဟဲ ဟဲ"

ဖင်ကိုက ပြောင်စပ်စပ်မျက်နှာနှင့်ပြောဆိုကာ သူ့ကိုဆွဲ၍ ဖင် ဘေးမှထိုင်ခုံမှာ ထိုင်စေသည်။

"ဒီဝိုင်းလေးက မင်းအတွက် ရည်ရွယ်တာကွ"

သုတကျော်ပြောရင်း ဘီယာတစ်ခွက် ငှဲ့ပေး၏။ ကျန်သူငယ်ချင်း ငါးယောက်လည်း ဘီယာခွက်ကိုယ်စီကိုင်လျက် –

"ချီးယားစ်"

ဖန်ခွက်တွေ ကိုင်မြှောက်ကြတော့လည်း မင်းကောန် လက် နေသည်။

"ချီးယား"





ဗညား ဒုတိယအကြိမ် ချီးယားစ်ပြောကာမှ ဖန်ခွက်ချင်း တိုက်မိကာ သူငယ်ချင်းတွေအလိုကျ သူပြုမိသွားသည်။

ဘီယာရနံ့ရှိန်းရှိန်းမွှေးမွှေးလေးကို တစ်ရှိုက်ရှူမိသလို သူငယ် ချင်းတွေ ကျေနပ်စေဖို့ ဘီယာတစ်ငုံ ငုံလိုက်ရသည်။

"ဒီလိုမှပေါ့ကွ"

"ဟား ဟား ဟား"

ဘာမှန်းမသိဘူး၊ သူငယ်ချင်းတွေဝိုင်းရယ်ကြပြန်သည်။ ထိုအခါ သူ့ရင်ထဲ ဆူဆူဝေဝေ ဖြစ်သလိုခံစားရလေသည်။

"မင်းတို့က ရယ်ပဲရယ်နေကြတယ်"

"ဟာ မြူးလို့ပေါ့ကွ"

သူငယ်ချင်းလေးယောက် ပြိုင်တူပြော၏။ သူကမကြည်လင် ည့်နေလျှင် ဖင်ကဲ့က ပခုံးချင်းတိုက်၍ပြောသည်။

"မင်းလည်း မြူးစမ်းကွာ"

"ဟုတ်သားပဲ ဇကန့်ရာ။ မင်းပုံစံက အချစ်နဲ့တွေ့တာတောင် မှိုင်းမှုန်မှုန်ဖြစ်နေရတယ်လို့။ အံ့တယ် တကယ်ကွ"

သုတကျော်ကလည်း ဘီယာလေး စိန်ပြေနပြေ စုပ်သောက် း ဝင်ပြောပြန်သည်။

"ဒီမှာ အချစ်နဲ့တွေ့ရင် လန်းရတယ်၊ ရင်ထဲမှာ မြူးနေရမယ်၊ ကိုယ့်ချစ်သူကို ချစ်ခြင်းတွေနဲ့ လှုပ်ဆွနိုင်မှာကွ"



www.burmeseclassic.com

www.burmeseclassic.com



ဗညားက ဝါရင့် သမ္မာရင့်အချစ်ဗေဒပညာရှင်စတိုင်လ်နဲ့ 
ပြောလေသည်။

"နေဦး မင်းက ဘာကိုစိုးရိမ်နေတာလဲ"

မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့သက်တန့်က ရင်ထဲ ခံကျ
တဲ့ သူ့ခံစားချက်ပေါ်ထွက်လာအောင် ဂရုတစိုက် မေးလေသည်။

"ဟုတ်သားပဲ ဇင်ကို ကိုယ်တို့တွေက မြှောက်ပေးဖို့ပဲ အား
နေကြတာမဟုတ်သေးဘူး။ သက်တန့်မေးသလို မေးရမှာကွ"

"ဟုတ်တယ်၊ ကဲပြော သူငယ်ချင်း။ မင်းရင်ထဲမှာ ဘာလှိုင်း
ပြီနေလဲ"

သက်တန့်မေးခွန်းနောက်မှာ ဗညားလည်း တကယ် အ
အနက် ဝင်မေးလေသည်။

သူငယ်ချင်းတွေမေးတာကို သူ ဘယ်လိုပြောရမလဲ။

ဘီယာခွက်ကိုင်ထားတဲ့ လက်ကလေးက ရင်ထဲက လှုပ်
အတိုင်း သိသိသာသာ လှုပ်ခါသွားတာမို့ ဘီယာခွက်ပြန်ချကာ မျက်
လေး အသာလွှဲလိုက်မိသည်။

"ဟာ ကောန်၊ မင်းရင်ထဲမှာ ဘာတွေလဲ။ ထုတ်ပြောလေကွ"

သူ့အမူအရာကို သုတကျော် အားမလို အားမရ ဖြစ်
သည်။

"ကဲ မပြောချင်လည်းနေကွ။ သောက်ပွဲလေး အရှိန်တင်မ





ဗညားက ဘာရည်ရွယ်ချက်နဲ့မှန်းမသိပါ။ ဘီယာဘူးအသစ်
ထပ်ဖောက်ကာ ခွက်တွေထဲ ငှဲ့ထည့်ပေးရင်း သူငယ်ချင်းတွေကို မျက်ရိပ်
ပြလေ၏။

ကောန့်ရင်ထဲမှ ခံစားချက်တွေ အံ့ပွင့်ထွက်လာဖို့ ဗညားဖန်တီး
တဲ့နည်းက အကောင်းဆုံးရယ်။

ဒါကြောင့် –

"ကဲ ချကွာ"

အားလုံး ခွက်တွေပြန်ကိုင်ကြသည်။ အမြည်းကလည်း လှိုင်း
နေသည်မဟုတ်လား။ ဘဲကျောင်လုံးကင်ရန့်ကလည်း မွှေးပြံ့နေလေတော့
သူငယ်ချင်းတွေဆွဲဆောင်တဲ့အတိုင်း မင်းကောန်ပါရလေသည်။

"ချီးယားစ်"

ထို့နောက်မှာ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

အလျှားခွေလိမ်နေသောဆံပင်ပုံစံလေးနှင့် သူမလေးကို မြင်မှ တင် သူ့နှလုံးသားလေး ဝေးမောမော ဖြစ်ရလေပြီ။

မျက်နှာနုနုလေးက ဖူးကြွနေသော ပန်းနုရောင်နှင်းဆီပွင့်လေး နယ်။ ရှင်မြူးဟန်မျက်နှာလေးက မြင်သူ့စိတ်ကို ခြူငင်စွမ်းတယ်။

သို့သော်လည်း နှုတ်ခမ်းပါးပါးလေးက စားသွားလို ထက်ထက် ရှတယ်။

သူနေရာသူတိုးပြီး ဖုန်းကတ်တန်းစီတာကို သူမ ကက်ကက် လန် ပြောဆိုလာသည်။

လူအများကြားမှာမို့ သူလည်း စိတ်ကို တင်းထားကာ သူမလေး





ရန်တွေ့သလိုပြောဆိုနေသည့်ကြားထဲက သူနေရာသူရအောင် တန်းစီ လိုက်၏။

ဖုန်းကတ်လေးက သူ့အလှည့်အထိရပြီး သူမအလှည့်မှာ ကုန် သွားလျှင် ထိုမိန်းကလေး သူ့ကို မျက်စောင်းတဒိုင်းဒိုင်းထိုးပြီး လှည့် ထွက်သွား၏။ ထိုပုံရိပ်က သူ့မျက်ဝန်းမှာသာမက သူ့နှလုံးအိမ်အထိ အကယ်စွဲကာ။

ထိုညက သူ အိပ်မပျော်နိုင်ပါ။

အသစ်စက်စက် ဆင်းကတ်လေးကို တစိမ့်စိမ့်ကြည့်ရင်း သူမ မျက်နှာလေးသာ လွှမ်းမိုးနေတဲ့အဖြစ်။

ထိုအဖြစ်နောက်မှာ' သူ့ဘက်က တစ်ခုခုပြန်လည်ပေးချင်နေမိ သည်။ ဘယ်လိုပေးရမလဲ။ သူ ဒါပဲ စဉ်းစားနေသည်။

သူကပဲ စဉ်းစားနေလို့လား။ ကံကြမ္မာကပဲ ကူညီလေလား မသိပါဘူး။ သိပ်မကြာခင် သူမနဲ့ ပြန်ဆုံလေသည်။

ကမ်းနားလမ်းရှိ အသီးကင်နဲ့အသားကင်တွေရောင်းတဲ့ ဆိုင် တန်းမှာ ဖြစ်သည်။ ထိုလမ်းရှိ အသီးကင်ဆိုင်တိုင်းက သူ့ခြံထွက်သီးနှံ တွေနဲ့ ကျွေးမွေးဖောက်သည်တွေ။

နေ့တိုင်း လိုအပ်တဲ့အသီးတွေကို သူ့ခြံဝန်ထမ်း မောင်သက်က သွားပို့၏။ တစ်လတစ်ခါ ငွေရှင်းရင်တော့ သူကိုယ်တိုင် လာရောက်ခြင်း။

ထိုညနေက ငွေရှင်းဖို့ သူရောက်ခဲ့ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်တွေကိုစောင့်နေတုန်း သူမလေးကိုတွေ့လျှင် ကမ်း ကတန်း စာတိုလေးရေးပြီး စားပွဲထိုးချာတိတ်လေးနဲ့ ပေးခိုင်းလိုက်သည်

သူမက ထိုစာလေးကို ဖတ်ပြီး လှည့်ထွက်သွားတော့ သူ့ရင်ထဲ မှာ နင်သွားလေသည်။

ဆင်းကတ်လေး သူရသွားတာနဲ့ပတ်သက်ပြီး သူ့အပေါ် သူမ လေး မကျေမနပ်ဖြစ်နေသေးဟန်တူသည်။

ဒါကြောင့် သူမ ကျေနပ်အောင် သူ တစ်ခုခုလုပ်ပေးချင်မိသည် ထိုသို့ လုပ်ပေးချင်စိတ်ကလေး ဖြစ်တည်နေချိန်မှာ သူ့ရဲ့ ဝမ်းကွဲညီ ပန်းရိပ်တို့အုပ်စု အသားကင်ဆိုင်လေးဆီရောက်လာကြသည်။

"ဟွန်း ကိုကိုရောက်နေတယ်"

ပန်းရိပ် တအံ့တဩမေးလျှင် သူ ဣန္ဒြေဆည်လိုက်ရသည်။

"ဟုတ်တယ်၊ အသီးအနှံဖိုး ငွေလာရှင်းတာပါ။ ဆိုင်ရှင်ရှ ကျန်နေသေးလို့ စောင့်နေရတယ်"

"အဲဒါဆို အိုကေပဲ၊ ပန်းရိပ်တို့ကို အကင်ဝယ်ကျွေးတော့"

"စိတ်ကြိုက်စားပါ ပန်းရိပ်ရယ်။ ကိုကို ရှင်းပေးပါ့မယ်"

"ဟေး"

"ကိုကို ဘရဏီတို့လည်း စားမှာနော်"

"စိတ်ကြိုက်စားကြ၊ ဘယ်ဆိုင်မှာ စားမလဲ"

"ဦးလူဝကြီးဆိုင်ပဲလေ"





"အိုကေ၊ အားမနာနဲ့ စားကြ။ ကိုကို ရှင်းပေးမယ်"

ညီမလေးပန်းရိပ်သူငယ်ချင်းတွေနဲ့လည်း သူ ဆုံဖူးနေတာမို့ ဘရဏီတို့ကလည်း ပန်းရိပ်နည်းသူ သူ့အပေါ် အစ်ကိုလို သဘောထား ရင်းပြောဆိုလာသည်။

ထိုအခါ သူကလည်း ညီမလိုသဘောထားကာ ဒင်းတို့လေး တွေကို စိတ်ကြိုက် စားခွင့်ပေးလိုက်၏။

သူတို့ဝိုင်းဖွဲ့စားသောက်နေတုန်း ပန်းရိပ်က တစ်ယောက် ယောက်ကို မျှော်ရင်း တတွတ်တွတ်ပြောနေသည်။

"ဟွန်း လာမယ်ဆိုပြီး ခုထိရောက်မလာသေးဘူး"

"ဟုတ်ပါ့။ နောက်ကျမှ ရောက်လာတဲ့သူငယ်ချင်းကို ဒဏ်ပေး ကြမယ်လေ"

စုစုက ဝင်ပြော၏။ ဦးလူဝကြီးသားငယ် စားပွဲထိုးကောင်လေး က –

"မမတို့သူငယ်ချင်း ဟိုမမ ပြန်သွားပြီ"

"ဟင် ဘယ်သူ့ကို ပြောတာလဲ"

"ဆံပင်ခွေခွေလေးနဲ့ ဟိုမမ ချောချောလေး"

"ဆင့် ဆင့်လား"

"ဟုတ်တယ်"

"အဲ့တော့ ဆင့်က ပြန်သွားပြီတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဘာလို့ပြန်သွားရတာလဲ၊ တွယ်တာတို့ရှိန်းထားလျက်နဲ့ နေဦး ဆင့်နဲ့ရန်တွေ့ရမယ်"

တွယ်တာနိုင်က ရုံးပဒေသီးကင်အတံလေးကိုင်ထားရင်း ပြောဆဲ။ ထိုအခါ ဦးလူဝကြီးသားတော်လေးက သူ့ဘက် တစ်ချက် ငဲ့ကြည့်ပြီးတော့ ခပ်တိုးတိုးလေးပြောလျှင် ပန်းရိပ်တို့သုံးယောက် ခေါင်းချင်းဆိုင်၍ နားထောင်ကြလေသည်။ ထိုအခါ –

"ဟင်"

ခနဲဖြစ်ကာ ပန်းရိပ်တို့ မျက်နှာလေးတွေ အံ့ဩလွန်း၍ သူ့ဘက် ဝိုင်းကြည့်ကြ၏။

သူက ဦးလူဝကြီးဆိုင်နှင့်ဘေးချင်းကပ်ရှိ ဒေါ်စာဥဆီမှ ငွေ လက်ကျန် ရှင်းနေသည်။ ထိုအခါ ပန်းရိပ်က လှမ်းခေါ်လေသည်။

"ကိုကို"

သူ ခေါင်းလေးထောင်ကာ မေးလေးထိုးရင်း အသံတိတ်မေး လိုက်သည်။ ဘာလဲပေါ့၊ ပန်းရိပ်က –

"ပြီးရင် လာဦး၊ မေးစရာရှိလို့"

သူ့ခေါင်းလေးညိတ်ကာ ဒေါ်စာဥနဲ့ တစ်လစာ စာရင်းရှင်းတမ်း လုပ်ပြီး ပန်းရိပ်တို့စားဝိုင်းဆီ ပြန်လှည့်ခဲ့သည်။

ပန်းရိပ်က ကိုကို့ကိုကြည့်ရင်း ဒဲ့မေး၏။

"ကိုကိုက ပန်းရိပ်သူငယ်ချင်းဆင့်ဆင့်ကို စာပေးခိုင်းတယ်ဆို၊





ဒီမှာ ကောင်လေးပြောတာ"

"ဟုတ်တယ်လေ"

ကောင်လေးကလည်း ထောက်ခံလျှင် မင်းကေန် မျက်မှောင် လေးကြုတ်၍ ကောင်လေးကိုကြည့်၏။

"ဟိုမမလေ အစ်ကို စာပေးခိုင်းတာ။ ပန်းရိပ်သူငယ်ချင်း။ နက လှည့်ပြန်သွားတာလေ။ အကောင်ဖိုးပေးသွားတာ ငါးရာတောင်ပိုနေ သေးတယ်။ အဲဒီမမက မမပန်းရိပ်တို့ရဲ့ သူငယ်ချင်းအသစ်၊ မမချောချော လေးပေါ့"

ထိုကောင်လေးရှင်းပြကာမှ သူ ကောင်းစွာနားလည်သွား၏။ သို့သော်လည်း မျက်နှာလေးက ရှက်ရိပ်ဖြင့် ရေပ်ဆီရောင်ရဲသွား၏။

"ပန်းရိပ် သူငယ်ချင်း"

"ဟုတ်တယ် ကိုကိုရဲ့၊ အဲဒါ ပန်းရိပ်သူငယ်ချင်း အစိမ်းဆင့်တဲ့။ ဆင့်နဲ့ ပန်းရိပ်တို့ ခင်တာ သိပ်မကြာသေးဘူး။ သင်တန်းတစ်ခုမှာ တွေ့ပြီး ခင်လာတာလေ။ ကိုကိုက စာပေးတော့"

"နေ နေ ကိုကိုပြောပြမယ်"

ရှက်ရှက်နဲ့ပဲ သူမလေးနဲ့ဆုံတွေ့ပုံကို ပြောပြလိုက်မိသည်။ ထို အခါ ပန်းရိပ်တို့ အံ့ဩဝမ်းသာသွားကာ –

"ကိုကိုရယ် အစကတည်းက ပြောပါတော့လား၊ နေဦး ပန်းရိပ် စီစဉ်ပေးမယ်။ ကိုကိုနဲ့ဆင့် နောက်တစ်ကြိမ် ဆုံရအောင်လေ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းရိပ် ထိုသို့ပြောလျှင် သူ့ရင်မှာ တလှိုက်လှိုက် တဖိုဖို ခံစားရလေသည်။

"ကဲ ကိုကို ငွေရှင်းစရာရှိတာတွေ သွားရှင်းလိုက်ဦး။ စုစုတို့ တိုင်ပင်လိုက်မယ်။ ပြီးတော့ ကိုကို့ကို အကြောင်းကြားပေးမယ်"

စုစုကလည်း ဝင်ပြောလျှင် သူတခြားဆိုင်တွေဘက်၊ ငွေရှင်းဖို့ ထွက်လာခဲ့ပေမယ့် ရင်ထဲမှာ လှုပ်ရှားလျက်။

✿ ✿ ✿

## အခန်း (၁၇)

ပန်းရိပ်ရဲ့အစီအစဉ်ကြောင့် သူခြံရိပ်မြုံဆီရောက်လာတဲ့ ဆင့် ...ကို သူ မမှိတ်မသုန် ငေးကြည့်နေမိသည်။

ဥယျာဉ်ခြံထဲ ပျော်ပျော်မြူးမြူးဖြစ်နေတဲ့ သူမလေးကို မြင်လိုက် ...တော့ သူ့ရင်မှာ ကြည်နူးစိတ်ချမ်းမြေ့သွား၏။

ဒင်းလေးဟာ ဥယျာဉ်ခြံရဲ့ သဘာဝဝန်းကျင်ကို မြတ်နိုးတဲ့စိတ် ...င်း ရှိနေတယ်ဆိုတဲ့အသိက သူ့နှလုံးသားကို ဖမ်းဆုပ်ထားသည့်နှယ်။

ဘာဖြစ်လို့လဲဆိုတော့ သူလိုချင်တာ သူမြတ်နိုးတာက သူ့လိုပဲ ...ဥယျာဉ်ခြံလေးကို မြတ်နိုးတတ်တဲ့သူ။

တစ်သက်လုံး ဒီဥယျာဉ်ခြံမြေတွင်း၌ ပျော်မွေ့နိုင်သူ။ သူ့



www.burmeseclassic.com

www.burmeseclassic.com



တစ်သက် သူ့ဥယျာဉ်ခြံမှာ ပျော်မွေ့နိုင်သူကို မြင်ရလိမ့်မယ်ဟု ထင်မှတ်မထားခဲ့ပါ။

ခုလိုမြင်ရပြန်တော့လည်း သူ ရင်ခုန်သံမမြန်ဘဲမနေသာ။

သူမလေး စိတ်ကြိုက်ပျော်မြူးနေတာကို ငေးကြည့်ရင်း ကျေနပ်နေမိတဲ့ သူ့စိတ်ဟာ သူမလိုပဲ ရွှင်မြူးနေခဲ့သည်။

ဒါကြောင့် သူမလေး စိတ်ကြိုက် ပျော်ခွင့်ရစေဖို့ သူရှောင်ဖယ်ရင်း ခြံထဲကအလုပ်တွေ သိမ်းကျုံးလုပ်နေမိသည်။

ထိုစဉ် အာဆီယံသပြေတောထဲ အလုပ်လုပ်နေရင်း သူမလေး၏ တန်းခနဲ ဆုံသွားတဲ့ဖြစ်စဉ်။

သူ့ကို ခြံအလုပ်သမားလားတဲ့။

"အင်း"

သူ ခေါင်းညိတ်လိုက်တာက သူမလေးအလိုကျရယ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ပထမဦးဆုံးကြုံစဉ်ကလို သူမလေးနဲ့ စကားတင်းဆိုမှုတွေ မဖြစ်စေချင်ပါ။

ပြီးတော့ သူ့ရိပ်မြုံလေးထဲမှာ ပျော်ပျော်မြူးနေတဲ့ သူမလေး စိတ်ကို အနှောင့်အယှက် မဖြစ်စေချင်တာလည်းပါသည်။

သို့သော်လည်း သူဟာ ခြံအလုပ်သမားမဟုတ်ကြောင်း သူမလေး သိသွားလျှင် သူ့ရိပ်မြုံထဲက ရှောင်ခွာသွားတဲ့ သူမလေးရယ်။

ထိုအခါ သူ့ရင်ခုန်သံတွေ သူမနောက် ပါတော်မူသွားသည်





ခံစားရလေသည်။

ထို့ကြောင့် ဆင့်နဲ့သူ ဆုံတွေ့ခြင်းအထိမ်းအမှတ် ဆင်းကတ်လေးကို ပါဆယ်ထုတ်၍ ပို့ပေးလိုက်သည်အထိ သူ့ဘက်က ခံစားမှုတွေ များသွားခဲ့သည်။

သူ့စာလေးဖတ်ပြီး သူ့ကို ဖုန်းဆက်လာမယ့်အချိန်ကို မင်းကေန် အမျှော်မျှော်နဲ့ စောင့်စားနေခဲ့တာလေ။

ဖုန်းမြည်သံကြားတိုင်း ဆင့်လေလားဟု ထင်မှတ်ကာ အပြေးအလွှား ဖုန်းကိုင်ရတာအမောပဲ။

အဲသလို ခံစားနေရတာ ဘာကြောင့်လဲ။

ဆင့်လေး သူနဲ့ အဆက်အသွယ်မပြုချင်လို့လား။

အဆက်အသွယ်မပြုချင်လို့ဆိုရင်ကော။ ဒါလည်းဖြစ်နိုင်ပါသည်။ ဆင့်နဲ့သူ ခြံရိပ်မှာဆုံပြီးမကြာခင် ဆင့်နဲ့ တခြားတစ်ယောက်ကိုတွဲလျက် တွေ့လိုက်ရတယ် မဟုတ်လား။

ထိုသူက သူနဲ့ဘာမှမဆိုင်။

အရှိန်အဝါကြီးသလို စမတ်လည်းကျ၏။ မိန်းကလေးတွေ စိတ်ကျသွားလောက်တဲ့အထိ စွမ်းဆောင်အားတွေရှိနေပါသည်။

ဒါကြောင့်လည်း ဆင့်က သူနဲ့ဆုံတွေ့ခြင်း အထိမ်းအမှတ် ဖြစ်တဲ့ ဆင်းကတ်အသစ်စက်စက်ကလေးကို အသုံးမပြုခြင်း ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်။

မင်းကေန် တစ်ထစ်ချယူဆလိုက်လျှင် ရင်ထဲမှာ နက်နက်ရှိုင်း ရှိုင်း လပ်ဟာသွားသလို ခြည်တမ်းသံလေး ပေါ်ထွက်ချေသည်။

ဆင့်ရယ်။

✿

"ဘာလဲ မင်းက ဟိုဘဲကြီးကို ရှိန်နေတာလား"

ဗညားက ဖြစ်နိုင်ချေကို တွက်ဆပြီးမေးလာသည်။ မင်းကေန် ချက်ချင်းမငြင်းသာသလိုဖြစ်၏။

ထိုအခါ သူငယ်ချင်းတွေ အားမလိုအားမရ ဖြစ်ကြပြီး –

"မဆိုင်တာတွေ ဆွဲမတွေးနဲ့ကွာ"

ဇင်ကိုက ထိုသို့ပြောလျှင် သုတကျော်ကလည်း နှုတ်ဆိတ်မနေ နိုင်တော့ပါ။ ဒက်ခနဲပြောချလေသည်။

"ဒီမှာ ကေန် ဆင့်က မင်းကို ကြွေမနေရင် ဟိုဘဲကြီးနဲ့ တွဲ ထွက်သွားမှာကွ။ မင်းကို ငေးကြည့်ဖို့အချိန်တောင် ရမှာမဟုတ်ဘူး"

"ဟုတ်တယ် မင်းကလည်း ဆင့်စိတ်ကို ဖတ်ကြည့်ဦး။ သေချာ တာက ဟိုဘဲကို ကြွေနေတဲ့ သဏ္ဌာန် မဟုတ်ဘူး"





သက်တန့်လည်း အားမာန်အပြည့်ဝင်ပြောလျှင် သူ့စိတ်မှာ ခွဲရခက်တာတွေ ရောထွေးသွား၏။

"ဘာပဲဖြစ်ဖြစ် ဆင့်ဘက်က မဆက်သွယ်တာက ကိုယ့်ကို ဝင်မလာလို့ပဲကွ"

"ဟား ဟား ဟား"

သူ့စကားဆုံးသည်နှင့် သူငယ်ချင်းအားလုံး အားပါးတရ ရယ် ကြလေသည်။ သူငယ်ချင်းတွေရဲ့ ရယ်မောသံက သူ့ရင်ကို ပြေးဆောင့် သလို ဖြစ်ကာ ခံစားရခက်ခဲသွား၏။

"ကျုတ် ဘာတွေ ရယ်စရာပါနေလို့လဲကွာ"

"ဟ ရယ်စရာပေါ့ကွ"

ဗညားက သူ့ပခုံးကိုဖက်ရင်းပြော၏။

မင်းကေန် နေမထိထိုင်မသာဖြစ်ကာ ဖန်ခွက်ထဲက လက်ကျန် ယာတချို့ကို စုပ်သောက်နေလိုက်သည်။

သုတကျော်က ကန်စွန်းရွက်စိမ်းကြော်ကို တူနဲ့ညှပ်၍ ပါးစပ် သွင်းကာ ဖိမ်ခံဝါးရင်း ကေန်ကို သဘောတကျ ကြည့်လေသည်။

အချစ်နဲ့တွေ့ကာမှ ဒီသူငယ်ချင်းက မှိုင်းမှုန်ထုံထိုင်းသွားရ သယ်လို့။ နောက်ပြီး မလိုအပ်ဘဲ စိုးရိမ်နေတာတွေက သူတို့အတွက် ယ်စရာ မောစရာ ဖြစ်နေခဲ့သည်။

ဇင်ကိုက မင်းကေန်ကို ကရုဏာသက်စွာ မျက်လုံးမှေးကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



"ကေန် မင်းအတွက် ဆင့်ရင်ထဲမှာ ဗီလင်အပြည့်ရှိတယ်ကွ မယုံရင်စောင့်ကြည့်။ မင်းကို မဖြစ်မနေ ဆက်သွယ်လိမ့်မယ်"

ဖင်ကို့စကားမဆုံးခင် သူ ခေါင်းတစ်ချက်ရမ်းမိသွားသည်။

ဘာဖြစ်လို့လဲဆိုတော့ မူးဝေနေတဲ့ သူ့မျက်ဝန်းအစုံမှာ ထိုဘဲကြီးနဲ့ ဆင့်ကို တွဲလျက်မြင်တွေ့နေမင့်သည် မဟုတ်လား။

✿ ✿ ✿

## အခန်း (၁၈)

"ကျွတ်"

ဖုန်းလိုင်းကလည်း တစ်မျောင့်။ ဘယ်လိုခေါ်ခေါ် ခေါ်ဆို၍မရ ...ချည်းပဲ ဖြစ်ဖြစ်နေတော့ ဆင့် စိတ်မှာ ညှိုးလျှသွားသည်။

ဒါကြောင့် ဖုန်းလေးကိုဆုပ်ကိုင်ထားရင်း အစိမ်းဆင့် နှုတ်ခမ်း ...ထားမိသည်။ ထိုစဉ် –

"မိဆင့်"

မာမီ့ခေါ်သံရင့်ရင့်ချည်း ကြားရလေသည်။ ထိုအခါ ဆင့်ကိုယ် ...လေး ဆတ်ခနဲတုန်ခါသလို ဖြစ်ခဲ့။ ဆင့်လက်ထဲ ကိုင်ထားမိတဲ့ ...က်အသစ်ကလေးကို ကမန်းကတန်း ခေါင်းအုံးအောက်ထဲ ဆင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုးဖွက်လိုက်ရသည်။

တော်ကြာတွေ့သွားလို့ မာမီမေးနေရင် ဖြေရခက်နေလိမ့်မယ်။

"မိဆင့် မာမီခေါ်နေတယ်လေ၊ မကြားဘူးလား"

"ကြား ကြားပါတယ် မာမီ။ ဆင့် လျှော်ရမယ့်အဝတ်တွေ အညစ်တောင်းထဲက ထုတ်နေလို့ပါ"

ဆင့် ပြောဆိုရင်း ခုတင်ခြေရင်းထောင့်ရှိ အဝတ်ညစ်တောင်းကို ဆွဲယူရင်း အလုပ်ရှုပ်နေဟန် သရုပ်ဆောင်နေလိုက်သည်။

မာမီက အခန်းထဲ တန်းဝင်လာရင်း ဆင့်ကို မျက်မှောင်ကြုတ် ကြည့်ပြီး –

"လက်က အလုပ်လုပ်နေရင်လည်း ပါးစပ်က ထူးလေ"

"ဟုတ် မာမီ၊ ပြောလေ ဘာပြောဖို့လဲ"

ဆင့် အသံလေးလျှော့ချကာ အညစ်တောင်းထဲက လျှော်ရမယ့် အဝတ်တွေကို ဆက်တိုက်ထုတ်၍ ပြောင်းပြန်ဖြစ်နေတဲ့အဝတ်တွေကို အတည့်လုပ်နေလိုက်သည်။

မာမီက ဆင့်ကိုမကြည်လင်စွာ ကြည့်၍ –

"ရာဇသစ်ခေါ်တာ လိုက်မသွားဘဲ နေခဲ့တယ်ဆို"

"ဟွန်း မာမီကလည်း"

ဆင့်မျက်နှာလေး အလိုမကျစွာ ရှုံ့မဲ့ထားလိုက်သည်။ မာမီက ထိုကိစ္စကြောင့် မကြည်မလင်ဖြစ်နေတာကိုး။





ထိုမကြည်လင်စိတ်က ဆင့်ကို အပြစ်ဖို့တော့မယ့်ဟန် အပြည့် နှင့်။

"ဘာမာမီကလည်း လုပ်နေတာလဲ။ ကဲ ထ ပြင်ဆင်အချိန်မရှိ သော့ဘူး"

မာမီ ဖွတ်တရွတ်ပြောလျှင် ဆင့် ခေါင်းလေးမငုံ့မရဲခါ၍–

"ဟို ဆင့်က ဗိုက် ဗိုက်အောင့်နေလို့ မာမီရဲ့"

"ဘာ"

မာမီ့လက်တစ်ဖက် ခါးပေါ်ရောက်သွားသည်။ ဆင့် မလုံမလဲ ဖြစ်ကာ ကိုယ်လေးတွန့်သွားသည်။

"ညည်း ဆင်ခြင်သိပ်များတာပဲ မိဆင့်ရယ်။ ဟိုက ညည်းကို ဘုရားသူရာသွင်းဖို့ ခေါ်တဲ့ဥစ္စာ။ ညည်းက အကြောင်းပြနေရစ်ရတယ်လို့"

"ဆင့် တကယ် ဗိုက်အောင့်နေလို့ပါ မာမီ"

ဆင့် အမူအရာမပျက်အောင် ထိန်း၍ ပြောလိုက်ရသည်။ မာမီက လုံးဝကျေနပ်ဟန်မတူ။

"ညည်းဗိုက်က အချိန်ကိုက်အောင့်တာပဲလား"

"ကျွတ် မာမီ"

"ညည်း ငါ့ကို ဆရာမလုပ်ပါနဲ့။ ညည်းကို ငါမွေးထားတာ။ ဒီ ခုချက်ချင်းထ။ ရေမိုးချိုးပြီး ပြင်ဆင်။ အချိန်မရှိဘူး၊ နာရီဝက်နဲ့ ပြီးအောင်လုပ်၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



မာမီက မစားမနာ အမိန့်ချပြီးထွက်သွားလေသည်။ ဆင့်မျက်နှာလေးမှဲ့ ခြေကလေးဆောင့်လိုက်မိသည်။

ဦးသစ်ဘာသာ ကုန်တိုက်သစ် ဖွင့်ပွဲလုပ်တာလေ။ ဆင့်နဲ့ ဘာဆိုင်လို့လဲ။

အဲဒါကိုပဲ ဦးသစ်က တကျူးတက လာခေါ်နေသည်။

မာမီက ပွဲစားတစ်ဦးနဲ့အပြင်ထွက်သွားချိန်မှ ဆင့် အခွင့်အရေးရသလိုဖြစ်ကာ ဆင့်မျက်နှာလေးကို ရှုံ့မဲ့ပြသလို ဗိုက်ကိုလည်း အသာနှိပ်၍ –

"ဆင့် ဗိုက်အောင့်နေလို့ပါ ဦးသစ်ရယ်။ တကယ်အောင့်နေလို့ မနက်ကတည်းက အောင့်နေတာလေ။ ဒါကြောင့် မလိုက်တော့ဘူးနော် ဦးသစ်"

"ဗိုက်အောင့်တယ်ဆိုလည်း ဆေးခန်းတော့လိုက်ခဲ့"

"အို မလိုက်ဘူး"

"စိမ်းလေး ဗိုက်အောင့်တယ်ဆို"

"ဟုတ်တယ် ဆင့် ဆေးသောက်ထားတယ်။ ဒါကြောင့်ပါနော် ဦးသစ်။ ဆင့် မလိုက်တော့ဘူး ဒါပဲနော်"

ဆင့် လောလောကြီးပြောကာ ဦးသစ်လှည့်ထွက်မသွားခင် အခန်းတံခါးကို ပိတ်လိုက်လေသည်။ အတန်ကြာမှ ဦးသစ်လှည့်ထွက်သွားတဲ့ ခြေသံကိုကြားရ၏။

မိန်းကလေးစာအုပ်တိုက်



ဦးသစ်ထွက်သွားပြီဆိုတဲ့အသိနှင့် ဆင့် မြူးတူးကာ အိပ်ခန်းလေးထဲ ပြေးဝင်၍ ဖုန်းအသစ်လေးကို အသုံးပြုဖို့ စိတ်ကူးရလေသည်။

ထို့ကြောင့် လက်ဆောင်ရထားတဲ့ဟန်းဆက်အသစ်ကလေးထဲ ဆင်းကတ်ထည့်ကာ အသုံးပြုမလို့ ပြင်ဆင်ချိန်။

မာမီ မထင်မှတ်ဘဲရောက်လာပြီး ခုလို အမိန့်ပေးခြင်း။

ထိုအခါ မာမီအမိန့်ကို မလွန်ဆန်နိုင်တဲ့ဆင့်က မာမီ့အလိုအတိုင်း ဖြစ်ရလေပြီ။

ကိုမင်းဇေကန်။

ဆင့်ကိုနားလည်ပေးပါနော်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"တူ တူ တူ"

ဖုန်းဆက်ဆော့ချ်ဝင်လာသံလေးကြားရ၏။

ထိုအသံကြောင့် အလုပ်သမားတွေကို လစာရှင်းပေးနေတဲ့ မင်းကေန် ရင်ခုန်သလိုလိုဖြစ်သွားသည်။ ထို့ကြောင့် လစာငွေ မြန်မြန်ရှင်း ပေးလိုက်သည်။

လစာငွေရသွားလို့ ပျော်ရွှင်စွာထွက်သွားတဲ့ သူ့ဝန်ထမ်းတွေကို အမြင်ဆုံးအောင် သူ ငေးမကြည့်ဖြစ်တော့ပါ။

ဖုန်းဖွင့်ကြည့်လျှင် –

"ဟင်"





သူ့ရင်မှာ တဒုတ်ဒုတ်မြည်ဟီးသွား၏။

ကိုမင်းကေန် ဖုန်းခေါ်မရလို့။ ဆင့်။

ဆင့်ရဲ့မက်ဆေ့ချ်လေးဖြစ်နေတော့ သူ့ရင်ခုန်သံမြန်ဆန်သွား တာ သူ့တစ်ကိုယ်လုံး မြောက်ခနဲလွင့်မတတ် ခံစားရလေသည်။

ဆင့်လေး ဖုန်းအဆက်အသွယ်ပြုမယ့်အချိန်ကို သူ မျှော်နေခဲ့ တာ ကြာလှပေါ့။ ဟော ခုတော့။

ဖုန်းလိုင်းမရတော့ မက်ဆေ့ချ်လေး ပို့လာတဲ့ဆင့်။

သူ ဝမ်းသာလှိုက်မြူးသွားကာ ချက်ချင်းပဲ ဆင့်ဖုန်းကို ခေါ်ဆို ဒီ၏။

"ဆက်သွယ်ရေးဧရိယာပြင်ပရောက်နေပါသဖြင့်တဲ့"

ဟင့်အင်း။

ဒါ လိုင်းကြောင့်ဖြစ်တာ။ မင်းကေန် နောက်တစ်ကြိမ်ခေါ်ပြန် သည်။

"ဖုန်း လိုင်းမအားသေးပါတဲ့"

သေချာပြီ ဖုန်းလိုင်းတွေမကောင်းလို့ဆိုတာ။ ဆင့်ဘက်က ခေါ်တာလည်းမရ၊ သူ့ဘက်က ခေါ်တော့လည်း လိုင်းမအားတာချည်း။

သူ စိတ်မပျက်ပါ။

ဆယ်ကြိမ်မက ဆက်တိုက်ခေါ်နေမိသည်။ ခေါ်ဆိုနေသလောက် ရှိလေ။ မင်းကေန် ဖွဲခတ်ပြီးခေါ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဆင့်နဲ့သူ့ကြားမှ ဖုန်းလိုင်းရရှိဖို့အရေးကြီးဆုံးဖြစ်နေသည် မဟုတ်လား။ ထို့စဉ် –

"တူ တူ တူ"

ဆင့်ဆီက ဖုန်း Message ဝင်လာပြန်သည်။

"ကိုမင်း ဆင့် ဖုန်းခေါ်နေတာမရနိုင်ဘူး။ ကိုမင်း ခေါ်ကြည့်ပါ လား"

အို ဒီကလည်းခေါ်နေတာပဲ။

မင်းကေန် message ပို့ရင်း အကြောင်းပြန်လိုက်သည်။

"ကိုယ်လည်း ပြန်ခေါ်တာ မရဘူးဖြစ်နေတယ် ဆင့်လေး။ ဆင့်လေးကို ကိုယ်သတိရနေတယ်"

သူ Message ပို့ပြီးမကြာပါ။ ဆင့်ဆီက message ဝင်လာ ပြန်သည်။

"ဆင့်လည်း သတိရပါတယ်"

"ဆင့် အခု ဘယ်မှာလဲ"

"မာမီနဲ့ ညည့်ခံပွဲတစ်ခု ရောက်နေတယ်"

"ဘယ်မှာလဲ"

"--- ခန်းမမှာ"

"ကိုယ်လာခဲ့လို့ရမလား"

"လာခဲ့လေ။ ဆင့်လည်း ပျင်းနေတာနဲ့။ အဲ မလာနဲ့။ မာမီက





ဆင့်ကို တင်းနေတာနဲ့။ ကိုမင်းကို ပြဿနာရှာလိမ့်မယ်"

"အဲဒါဆို ဆင့်လာခဲ့ပါလား"

"အိုကေ ဆင့် ကြိုးစားကြည့်မယ်"

"ကျေးဇူးတင်ပါတယ် ဆင့်လေးရယ်"

သူ့ရင်မှာ ကြည်ကြည်နူးနူးလေးဖြစ်လို့သွားသည်။ ဖုန်းလိုင်း ကောင်းသေးသော်လည်း ဆင်းနဲ့သူ အပြန်အလှန် message ပို့ရင်း ကြည်နူးခွင့်လေးရသွားသည်။

ဒါ့ပြင် ဆင့်လေးနဲ့ တွေ့ရရင်။

ထိုအတွေးက သူ့နှလုံးသားကို လှိုက်လှိုက်မြူးမြူး ဖြစ်စေသည်။

ဆင့်လေး။

ကိုယ်စောင့်နေတယ်ကွာ။

မြန်မြန်လာခဲ့ပါ ဆင့်လေးရယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"စိမ်းလေး"

"အဲ"

ကုန်တိုက်ဖွင့်ပွဲ ညည်ခံခန်းမထဲက ဆင့် သုတ်ခနဲထွက်ခဲ့မိသည် မှာမီက ဦးသစ်ရဲ့မိတ်ဆွေတွေနဲ့ စကားတွေ ဖောင်ဖွဲ့ပြောနေလို့ ရိပ်မိဟန် မတူ။

ရိပ်မိသွားသည်က ဦးသစ်ရယ်။

ဆင့်ကိုလှမ်းခေါ်လေသည်။ ဆင့်ခြေလှမ်းလေး တန့်သွားကာ

"ဟို ခန်းမထဲမှာ ထိုင်နေရာ အဆင်မပြေလို့ပါ ဦးသစ်ရဲ့"

"အဲဒါဆို သီးသန့်ခန်းမှာ နားနေလေ။ လာ စိမ်းလေး"





ဦးသစ်က ပြောရင်းဆိုရင်း ဆင့်လက်ဖျားလေးကို ဆွဲယူရင်း ဆင့်တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်၏။

ဦးသစ်အကြည့်ကြောင့် ဆင့် တစ်ကိုယ်လုံး ဗိုခနဲဖြစ်ကာ ကြယ်သီးလေးများထသလို ခံစားရလေသည်။

"လာ စိမ်းလေး"

"အို ဆင့် ပြန်ချင်လို့"

"ပြန်ချင်ရင်လည်း ကိုယ်လိုက်ပို့ပေးမယ်"

"ဟင့်အင်း ဦးသစ်ဧည့်သည်တွေနဲ့ ဦးသစ်နေခဲ့လေ။ ဆင့် တက္ကစီငှားပြီး ပြန်လိုက်မယ်"

"အဲဒါဆို နေဦး။ တက္ကစီနဲ့မပြန်နဲ့။ ကိုယ့်ဒရိုင်ဘာကို လိုက်ပို့ ခိုင်းမယ်"

"အို ဆင့်က"

လှုတ်ခနဲ ထွက်သွားမယ့်စကားကို ဆင့် ကမန်းကတန်း ဘရိတ် အုပ်ကာ ပွင့်ဟနေတဲ့ပါးစပ်ပေါက်လေးကို လက်ဖဝါးလေးနဲ့ ဖိပိတ်မိလေ သည်။

ဆင့်က ကိုမင်းဆီသွားဖို့လေ။

"ကဲ ဆင့်လေး ငြင်းမနေနဲ့။ ကိုယ့်ဒရိုင်ဘာနဲ့ ပို့ခိုင်းမယ် နော်"

"ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



ဆင့် ဆင်ခြေပေးပြီး ရှောင်ဖို့ကြိုးစားပေမယ့် အခွင့်မသာ ဆင့် လက်ဖျားလေးကို ပိုင်ပိုင်စိုးစိုး ဆွဲခေါ်၍ ကားပါကင်ဆီ ခေါ်သွား လေသည်။

"နောက်ဆို စိမ်းလေးမာဝီ ကိုယ့်ကို အပြစ်တင်နေလိမ့်မယ် ကားပေါ်တက်။ စိမ်းလေးကို လိုက်ပို့လိုက်"

ဆင့်ကို ကားပေါ်အတင်းတွန်းတင်သလို သူ့အရိုင်ဘာကိုလည်း ပြောလေသည်။ နောက်ဆုံး ဆင့်ပဲ စိတ်လျှော့လိုက်ရသည်။

ရတယ်။ သူ့ဒရိုင်ဘာပြီး ပြန်သွားရင် ဆင့်က ကိုမင်းနဲ့တွေ့ သွားမှာလိုက်မယ်။

ဟုတ်တယ်။

ဆင့်စိတ်ထဲ ထိုသို့ တေးမှတ်ရင်း ကားပေါ်တက်လိုက်သည်။

"အိုကေ နော်"

ဦးသစ်ပြောလျှင် သူ့ဒရိုင်ဘာကိုဆန်းဝင်းက ကားကို ညင်သာ စွာ မောင်းထွက်သွားလေသည်။

လက်ပြနှုတ်ဆက်ပြီး ကျန်ရစ်ခဲ့တဲ့ ဦးသစ်ရဲ့အကြည့်က ဆင့် တစ်ကိုယ်လုံးကို ဆွဲညှို့ထားသလိုဖြစ်ကာ ဆင့်ရင်ထဲမှာ တစ်မျိုးတစ်ဖုံ ခံစားရလေသည်။

ထို့ကြောင့် –

"ကိုဆန်းဝင်း ဆင့်ကို လမ်းထိပ်မှာပဲ ချပေးခဲ့နော်"





ဆင့်ပြောပေမယ့် ကိုဆန်းဝင်းက ခေါင်းလည်းမညိတ်၊ ခေါင်း ညဉ့်မခါ။

သေချာတာက သူ့သူ့ဌေးအလိုကျ လုပ်ဆောင်ပေးဖို့ ဝန်မလေး ကျွတ်။

ဆင့်ပဲ စိတ်ပျက်လက်ပျက်နဲ့ ကားနောက်ဆိုဖာခုံမှာ ကျောကပ် ခေါင်းလေးမှီချလိုက်မိသည်။

ထိုအခါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"လူကြီးမင်းခေါ်ဆိုသောဖုန်းမှာ သတ်မှတ်ချိန်အတွင်း ဖြေကြား ခြင်းမရှိပါသဖြင့် ခေတ္တစောင့်ဆိုင်းပြီးမှ ပြန်လည်ခေါ်ဆိုပါရှင်"

ဖုန်းဝင်တာ အကြိမ်ပေါင်း များနေပြီ။ ဝင်တိုင်းမကို တော့ ဖုန်းထဲက ပြန်ဆိုတဲ့အတိုင်း သူ ခေတ္တစောင့်ဆိုင်းပြီး ပြန်ခေါ် သည်။

ခေါ်ဆိုတိုင်းလည်း ထိုသို့ချည်း ပြန်ကြားရ၏။

ဒါ ဘာကြောင့်လဲ။

ဖုန်းလိုင်းမရခင်က သူနဲ့ဆင့်လေး message တွေ အပြ အလှန်ပို့ရင်း အဆက်အသွယ်ပြုနေခဲ့သည်။





ဆင့်လာမယ်ဆိုလို့ သူ ခြံဝထွက်မျှော်နေခဲ့တာ လည်ပင်းလေး ဆင် ရှည်ထွက်လောက်၏။

ဖုန်းလိုင်စင်ချိန်ရောက်ခါမှ ဆင့်လေးဘက်က ဖုန်းမကိုင်။ ဘာ ကြောင့်လဲ။

သူ ဒါကိုပဲ သိချင်နေမိသည်။

ဆင့်ရယ် ကိုယ့်ကို တမင်နှိပ်စက်နေတာလားကွယ်။

ကျွတ်။

မင်းကေန် စိတ်နှလုံးသားလေး မခံစားနိုင်စွာ။ ထိုင်နေရာမှ ချက်ချင်းထကာ လမ်းထိပ်အထိ ထွက်စောင့်နေမိသည်။

ထွက်စောင့်နေတော့လည်း ဆင့်လေးအရိပ်အယောင်မမြင်ရပါ။ ထိုအခါ သူ့စိတ် ထိန်းချုပ်မနိုင်ဖြစ်ကာ ဆင့်လေးပြောတဲ့ ခန်းမဆီ ထန်းလာခဲ့သည်။

ထိုခန်းမဆီ သူရောက်ချိန်မှာ ကုန်တိုက်ဖွင့်ပွဲ မိတ်ဆက်ပြုလုပ် သည့် အခမ်းအနား ပြီးဆုံးနေကြောင်းသိရလေသည်။

ထိုအခါ သူ့ရင်ထဲမှာ ဘာဖြစ်လို့ဖြစ်သွားမှန်း မသိပါ။ ခုနေခါ ဆင့်လေး သူ့ခြံထဲရောက်နေရင်ကောဆိုတဲ့အသိနဲ့ ချက်ချင်းပဲ တက္ကစီငှား ပြီး သူ့ခြံဆီ ပြေးလာခဲ့သည်။

ထိုအခါ သူ့ခြံဝမှာ ဆီးကြိုနေသည်က သူ့အဒေါ်။

"ကေန်ရယ် ဘယ်တွေလျှောက်သွားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်စိုးရိမ်တကြီး မေးနေပေမယ့် သူ မဖြေနိုင်။ ဖြေဖို့ ခွန်အားမရှိဘူးဆိုရင် ပိုမှန်လိမ့်မယ်။

တကယ်ပါ ဆင့်လေးရယ်။

ကိုယ့်ကိုသနားရင် ဖုန်းကိုင်ပါတော့ကွယ်။

✿ ✿ ✿

## အခန်း (၂၂)

ဆင့်လေး။

ဆင့်လေး ဘယ်မှာလဲ။

ဖုန်းလိုင်းဝင်နေပြီးလေ။ ဘာဖြစ်လို့ ဖုန်းမကိုင်တာလဲ။ ကိုယ့်ကို နှိပ်စက်ချင်လို့လားဟင်။

ကိုယ်မခံစားနိုင်တော့ဘူး ဆင့်ရယ်။

ဆင့်ကို မောင်ချစ်တယ်။

ချစ်တယ် ဆင့်ရယ်။

မောင့်ရင်ခုန်သံ အရမ်းမြန်နေပြီ။

မောင် ဖုန်းလေးလက်ခံပြောပါတော့လား။ ဖုန်းနဲ့မပြောရင်



www.burmeseclassic.com

www.burmeseclassic.com



တောင် message ဖြစ်ဖြစ် ပြန်ပို့ပါ ချစ်ရယ်။

ဆင့် မျက်လုံးလေး စုံမှိတ်ချလိုက်လျှင် မျက်ရည်တို့ ဝေါခနဲ ပြိုကျကုန်သည်။

ပေဂျာပေါ်မှ စာလုံးလေးတွေ မမြင်ရတော့ပေမယ့် ဆင့် နှလုံးသားမှာ စွဲငြိကာ ရင်မှာ အင့်ခနဲ ရှိုက်မိသွားသည်။

ဖုန်းကိုလည်း ဆုပ်ကိုင်ကာ ရင်ခွင်ကြားမှာ မြှုပ်နှံထားမိသည်။ မောင်က ဆင့်ကို ချစ်တယ်တဲ့။

ဆင့်ကရော။

ဟင့် ဟင့် ဟင့်။

ဆင့် ရှိုက်သံလေး ဟုန်းခနဲ လွင့်ထွက်သွားသည်။ မောင့်ကို ဆင့် ဘယ်လိုအဖြေမျိုး ပြန်ပေးရမှာလဲ။

စဉ်းစားကြည့်ပါကွယ်။

ဆင့်အဖြစ်က –

"ဟင့် ဟင့် ဟင့်"

ဆင့် ဖြေမဆည်နိုင်အောင် ငိုကြွေးမိလျှင် အဖြစ်ပျက်ကို ပြန်လည်မြင်ယောင်လာသည်။

✿





"ဟုတ် ဟုတ်ကဲ့ အန်တီ"

ကိုဆန်းဝင်းက ကားမောင်းနေရင်း ဖုန်းပြောနေသည်။ ဖုန်းပြောပြီးသည်နှင့် ကားကို ပြန်ကွေ့၏။

"ဟင် ကိုဆန်းဝင်း ဘယ်သွားဖို့လဲ"

"အန်တီက ပြန်လာခဲ့ဆိုလို့"

"မာမီက"

"ဟုတ်တယ်"

"ကျွတ်"

ဆင့် အတော်စိတ်ပျက်သွား၏။ ကိုဆန်းဝင်းက ကားကို အရှိန်မြင့်၍ မာမိတို့ဆီ ဦးတည်သွား၏။ မာမီက မကျေမနပ်နဲ့ အဝင်အဝမှာ ဆီးကြိုနေလေသည်။

ကားရပ်သည်နှင့် ဆင့်ကို ကားပေါ်က ဆွဲချကာ –

"မိဆင့် ညည်းဟာ အတော်ကတ်ဖဲ့တိုက်တာပဲ။ တောက် ငါ ဆင်းလိုက်ရရင် မကောင်းဖြစ်တော့မယ်။ လာ ညှော်ခံပွဲပြီးရင် ညစာအချိန်ရှိသေးတယ်။ ပွဲပြီးတဲ့အထိ နေရမယ်။ ဒါ မာမီအမိန့်"

မာမီ ခပ်ကြိတ်ကြိတ်ပြောသလို ဆင့်ကိုလည်း ခန်းမထဲ ဆွဲခေါ်သွားလေသည်။ ဧည့်သည်တွေက တကြည့်ကြည့်ဖြစ်လာမှာမို့ ဆင့် ဘာမှပြန်မပြောတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးသစ်က အားနာသလိုနဲ့ လှမ်းခေါ်သည်။

"စိမ်းလေး ဒီဘက်လာ"

"သွား"

မာမီက တွန်းလွှတ်၏။

ဆင့် ငြင်းဆန်ခွင့်မရှိတော့ပါ။ ဦးသစ်နားရောက်သွားလျှ ညစာစားပွဲတက်ရောက်လာတဲ့ပုဂ္ဂိုလ်များက အားပေးသလို လက် လက်ဝါးတီးကြ၏။

ဒီလောက်လူတွေ အများကြားမှာ ဆင့် နေရခက်လှ ထို့ကြောင့် ဆင့်မျက်နှာလေးကို ဟိုလှဲ့ ဒီလှဲ့နှင့် ရှောင်ဖယ်နေတော့လည် မရ။

ဦးသစ်ရဲ့မိတ်ဆွေ ဦးဗညားက ဆင့်အနားကပ်လာပြီး တိုး ပြောသည်။

"ညည်းလေးရဲ့ ဦးသစ်ကို ကြည့်ထိန်းနော်။ ဒီလူ ခြေရှုပ် နေပြီကွ"

"ဟား ဟား ဟား"

ဦးဗညားပြောတော့ ဦးသစ်ရဲ့မိတ်ဆွေတွေ ဝိုင်းရယ်ကြ၏။ အထဲမှာ မာမီလည်း ပါသည်။

"စိမ်းလေး စိတ်ညစ်အောင် မပြောကြပါနဲ့ဗျာ"

ဦးသစ် ပျာပျာသလဲ ဝင်ပြောကာမှ ပိုဆိုးသွား၏။





"ဘယ်လိုလဲ ရာဇသစ်ရဲ့။ ခုကတည်းက ကြောက်နေရပြီ လား"

"ကြောက်ထားမှ တော်ကာ ကျမယ်လေ။ ခင်ဗျားတို့လိုပေါ့"

ဦးသစ်က ခပ်တည်တည်နဲ့ပြောတော့ မိန်းမကြောက်ရတဲ့ ဦး သီဟ သဘောတကျ ရယ်မောရင်းပြောသည်။

"ရှေ့တင်ကြောက်ပြီး နောက်ရောက်ရင် ကိုယ့်လိုပဲ လုပ်ချင်ရာ လုပ်တော့မယ်ဆိုတဲ့ သဘောလား"

"ဟာဗျာ၊ ခင်ဗျားတို့ကလည်း။ ကဲ ကဲ ဝိုင်းစရအောင်ဗျ"

ဦးသစ်က ညစာမစားခင် သောက်ကြဖို့ စကားလမ်းကြောင်း ပြောင်းလေသည်။ ဦးသစ်မိတ်ဆွေများကလည်း သဘောကျကာ ဝိုင်းစ ဆလသည်။

ဦးသစ်က ဆင့်နားကပ်၍ပြောသည်။

"ဆောရီးစိမ်းလေး၊ ဒီလူတွေက ဒီလိုပဲ။ စိမ်းလေးကို ကိုယ် အားနာတယ်။ အခြေအနေကြည့်ပြီး ကိုယ်ကိုယ်တိုင် ပြန်ပို့ပေးမယ်"

"ဟော့ အနားကပ်မချွဲနဲ့"

"ကျွတ်"

ဆင့်စိတ်နဲ့ဆင့် ပြေးထွက်သွားချင်မိသည်။ မာမီကို လှမ်းကြည့် တော့ မာမီက ဦးသစ်ရဲ့မိတ်ဆွေကြီး ဦးရန်နိုင်နဲ့ စကားပြောရင်း ခန်းမ အပြင်ဘက် ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဆင့် ဒီတစ်ခါ မာမီ့ကို အံ့ဩနေမိသည်။

မာမီက ဆင့်ကို ဘာဖြစ်လို့ ဦးသစ်ရဲ့အဝန်းအဝိုင်းထဲ ထိုးထည့်နေရတာလဲ။ ဦးသစ်ရဲ့အဝန်းအဝိုင်းက ဆင့်ကို ဘယ်လိုသတ်မှတ်နေလဲဆိုတာ သိသိချည်းနဲ့ မာမီ သဘောတကျဖြစ်နေတာ အံ့ဩရလေသည်။

"စိမ်းလေး ရော့ အချိုရည်သောက်။ ကိုယ်တို့က ဘီယာသောက်မလို့"

ဦးသစ်က အချိုရည်ဖန်ခွက်ကို ဆင့်လက်ထဲ ထည့်ပေးသည်။

"ဘီယာသောက်ရဖို့အရေး အချိုရည်တိုက်ပြီး ခွင့်တောင်းနေသေးတယ်။ မမိုက်ပါဘူး ရာဇသစ်ရယ်"

"ဟား ဟား ဟား"

ဦးဗညားပြောလျှင် တစ်ဖွဲ့လုံး ဝိုင်းရယ်ကြလေသည်။

"ကျွတ်"

ဆင့်နေရခက်ခက်ချည်း ဖြစ်ကာ –

"ဦးသစ် ဆင့်ပြန်ချင်တယ်"

"နေပါဦးလား ကလေးမရယ်"

ဦးသစ်ရဲ့မိတ်ဆွေ ယောက်ျားရင့်မာကြီးများက ဝိုင်းတားကြလေ။ ပြီးတော့ သူတို့ကိုင်ထားတဲ့ ခွက်တွေထဲမှ ဘီယာတွေ ဆင့်လက်ထဲက အချိုရည်ခွက်ထဲ ဝိုင်းထည့်ကြ၏။

"အို ဆင့်မသောက်တတ်ဘူး"





"မြည်းကြည့်စမ်းပါကွာ။ တကယ်ဖီလင်ပဲ"

"ဟင့်အင်း"

ဆင့် ဖန်ခွက်လေးပြန်ချ၏။

"ကဲ ချီးယားစ်"

ဦးဗညား စပြောလျှင် အားလုံး ခွက်တွေကိုယ်စီ မြှောက်ကြပေ[...]ယ့် ဆင့် ငူငူကြီး ရပ်နေလိုက်သည်။

ဖြစ်နိုင်ရင် ဤရပ်ဝန်းက ပြေးထွက်သွားချင်မိသည်။ ဆင့်[...]သောက်သော်လည်း ဦးသစ် မငြိုငြင်ပါ။

အမြည်းတွေ စွံ့စွံ့ကျွေးနေတော့ ဆင့် ငြင်းရအခက်ဖြစ်၏။ [...]ဒီ့အမြည်းတွေက ဘယ်လိုချည်းမှန်းမသိဘူး။

စပ်ရှိန်းရှိန်းနဲ့။

အထူးသဖြင့် ပင်လယ်စာတွေက ဆင့်နဲ့မတည့်လှပါ။ ဒီအစားအသောက်တွေရဲ့ အနံ့အသက်တွေကြောင့်လား ဘာလားမသိပါ။ ဆင့်[...]ခေါင်းထဲ ငြီးစီစီနဲ့။

ဖြစ်နိုင်ရင် ဆင့် နားနေချင်တော့သည်။

ဒါကြောင့် –

"ဆင့် နားပါရစေတော့ ဦးသစ်ရယ် နော်"

"အိုကေ နေဦး။ စိမ်းလေးမာမီကို ကြည့်လိုက်ဦးမယ်။ Please [...]ဆာနော် ခဏ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသစ်က ဘော်ဒါတွေကို ထိုသို့ပြောရင်း ဆင့်ကို ဝိုင်းထဲက
ခေါ်ထုတ်သွားခဲ့သည်။ ဝိုင်းထဲက ထွက်ခဲ့ရတာ ဆင့် စိတ်လွတ်မြောက်
သလို ခံစားရ၏။

"နေဦး"

မာမီက ညွှန်ခန်းကျယ်ဘက်မှာ စကားပြောနေတာမို့ ဆင့်
ဖြတ်သွားရင် တွေ့သွားနိုင်သည်။

ဒါကို ဦးသစ်ကလည်း ရိပ်မိတာမို့ –

"လာ စိမ်းလေး ဟိုဘက်ထောင့်ခန်းက ကိုယ်နားဖို့လုပ်ထား
တဲ့ ခန်းမပဲ။ အဲဒီမှာ သွားနားနေလိုက်။ ပြန်ခါနီးမှ စိမ်းလေးကို ကိုယ်လာ
ခေါ်မယ်"

"ဟုတ်"

ဆင့်က ဦးသစ်ပြောတဲ့အတိုင်း အခန်းလေးထဲ ဝင်နေလိုက်
သည်။

ထိုအခန်းလေးက အကျယ်သား။ ဆိုဖာရှည်ရှည်က ကြီး
သလို ကျယ်လည်း ကျယ်၏။

အိမ်ခံပစ္စည်းတွေကလည်း အပြည့်။

ဆင့် ဆိုဖာအိအိကြီးပေါ် ငြိမ်သက်စွာ နားနေလိုက်သည်

"အိုကေနော် စိမ်းလေး"

"ဟုတ်"





ဦးသစ်ထွက်သွားလျှင် ဆင့် မျက်လုံးလေး စုံမှိတ်၍ နားနေ
သည်။

ဒါပြင် –

လောလောဆယ် ခေါင်းထဲမှာ ငြီးစီစီဖြစ်နေတာမို့ ဆင့်
ကိုယ်လုံးလေးကို စင်းချလျက် သက်သောင့်သက်သာ လှဲလျောင်းနေမိ
သည်။

လောလောဆယ်မှာ ဆင့် သတိရနေမိတာက ကိုမင်းကို။
ကိုမင်းရယ်၊ ဆင့်ဆီလာလှည့်ပါကွယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ပန်းကလေးများ ရောင်စုံပွင့်နေကြပြီ။

ချစ်စရာကောင်းသော လိပ်ပြာကလေးများမှာ ပန်းအလှများ ပေါ် ရင်ခုန်စွာ ကူးသန်းရင်း ချစ်ဝတ်ရည်တို့စုပ်ယူစားသုံးလျက် ပျော်မြူး နေကြ၏။

ထိုအခါ လေပြည်လေးကလည်း နွဲ့နွဲ့လှုပ်၍ ဆော့မြူးနေလျှင် ပန်းခင်ကလေးများ ယိမ်းနွဲ့၍ လှုပ်ခါနေချေပြီ။

"အို ကိုမင်း"

ဆင့်နှလုံးသားမှာ လှိုက်လှိုက်လှဲလှဲ ဖိုရလေသည်။

"ဆင့်လေး"





ကိုမင်းခေါ်သံမှာ ပန်းဝတ်ရည်လို ချိုလှနေသည်။ ထိုအခါ ဆင့် မျက်ဝန်းမှာ ရှက်ရိပ်နှင့် ရင်ခုန်ရိပ် ရောယှက်လျက် ကြည်နူးရ သသည်။

ကိုမင်းက ဆင့်လက်ဖဝါးလေးကို တယုတယ ဆုပ်တွေးလိုက် တာသိပေမယ့် ဖယ်ရှားလိုက်ဖို့ ဆင့် မေ့လျော့နေပါသည်။

ရင်ခုန်နေတဲ့ နှလုံးသားမှာ ခံစားသိမြင်သိရှိနေတာက နူးညံ့ သိမ်မွေ့သော ပန်းပွင့်လွှာပုံကြီးထဲမှာ ဆင့်တို့ ပျော်မြူးနေကြသည်။

နူတ်ခမ်းလေးတွေ ပါးပြင်နုနုလေးတွေ နွေးသွားတိုင်း ကြည်နူး ရသော ခံစားချက်တွေ ပိုနေခဲ့သည်။

ကိုမင်းရယ်။

အချစ်သင်ခန်းစာတွေ ရပ်တန့်ပါတော့လားလို့ ဆင့် မငြီးငြူ တော်ပါ။

ဘာကြောင့်လဲဆိုတော့ ကိုမင်းရဲ့ ဥယျာဉ်ထဲ မြူးတူးခဲ့သလို ဆည်း မြူးပျော်နေရသည်မဟုတ်လား။

ဒီလိုမျိုးလေး တစ်သက်လုံး ပျော်ဝင်စွာ ခံစားပါရစေကွယ်။

ဆင့် တိုးတိုးလေး ငြီးတွားသလို ပြောလိုက်တော့ ကိုမင်းက အဘောတကျ ရယ်မောလေသည်။

ဒါ့ပြင် ဆင့်ကိုလည်း မြတ်မြတ်နိုးနိုး ပွေ့ပိုက်ရင်း –

"ဆင့်လေးသာ ခံစားချင်ရင် ကိုယ့်တစ်သက် မပျက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်သက်အထိ ကိုယ့်ဘက်က တာဝန်ယူတယ်"

"အပိုတွေ"

"မပိုပါဘူး ဆင့်လေးရယ်"

"ဟွန်း ယုံပါဘူး"

"မယုံရင် ခုပဲ လက်တွေ့ပြမယ်လေ"

"အို"

ဆင့်တစ်ကိုယ်လုံး တွန့်လွန့်သွားသည်အထိ ကိုမင်းက အကြင်နာတွေ ပိုပြနေသည်။

"ကဲ တော်ပါတော့၊ ကိုမင်းခြံထဲက ပန်းလှလှလေးတွေ ဆင့်ခူးချင်သေးတယ်"

"အိုကေလေ ကိုယ် ခူးပေးမှာပေါ့၊ လာ ဆင့်လေး"

ကိုမင်းလက်ဆွဲခေါ်သွားတဲ့အတိုင်း ဆင့်နှလုံးသားလေး မျောပါသွားကာ ရောင်စုံပန်းတွေ ခူးမိသည်။ ပွေ့ပိုက်၍ မကုန်နိုင်အောင် များလှ၏။

ဆင့်ကလည်း လောဘတွေတက်ကာ မနိုင့်တနိုင် ပွေ့ရင်း သယ်ဆောင်နေခဲ့တာ ဘယ်ဆီရောက်လို့ရောက်မှန်းမသိတော့ပါ။

ထိုပန်းတွေကို ပွေ့ပိုက်ရင်း မမောနိုင် မပန်းနိုင် သွားနေခဲ့ရာ တစ်နေရာအရောက်တွင် ဆင့် ခြေကလေးတစ်ဖက် ကျွံကျသွား၏။

"အမေ့"





ဆင့်ရင်ထဲမှ အာမေဋိတ်သံလေး ခုန်ထွက်သွားသလို ပွေ့ပိုက်ထားတဲ့ ပန်းပွင့်လွှာတွေကြားထဲ ဆင့်ကိုယ်လုံးလေး နစ်မြုပ်သွားသလို ခံစားရလေသည်။

ထို့နောက်မှာ ဆင့် ခံစားချက်တွေဟာ ရေစီးနဲ့မျောပါသွားတဲ့ ပွင့်လွှာလေးလိုပင်။

ဆင့် တကယ်မျောပါသွားခဲ့တာ ဆောင်းအိပ်မက်လို ရှည်လျားနေခဲ့သည်။

ကိုမင်းရယ်။

ဆင့် တကယ်ပျော်ရပါတယ်ကွယ်။

✿

"အို"

ဆင့် လန့်လန့်ဖျပ်ဖျပ်နဲ့ ခုန်ထလိုက်မိသည်။

ဘုရားရေ။

ဆင့် နှလုံးသားနှင့် ယစ်မူးနေခဲ့တာ ပန်းပွင့်လွှာပုံကြီးထဲမှာ [illegible]တ်သလို ဆင့်ခိုဝင်ခဲ့တဲ့ ရင်ခွင်ကလည်း ကိုမင်းမဟုတ်ပါ။

"ဦးသစ်"

www.burmeseclassic.com



ဆင့် လန့်ဖျပ်စွာ ခေါ်လိုက်လျှင် မျက်ရည်တို့ ဝေါခနဲကျလာသည်။

"စိမ်းလေး"

ဆင့်ကို ဆွဲယူပွေ့ဖက်ရင်း ချော့မော့ဖို့ကြိုးစားလာတဲ့ ဦးသစ်လက်တွေကို ဆင့် ရွံရှာစွာ ဖယ်ရှားပစ်၏။

"မခေါ်နဲ့၊ ဟင့်ဟင့် ဆင့် ရွံတယ်၊ မုန်းတယ်၊ ဟင့် ဟင့် ဟင့်"

ဆင့် ငိုချသလို၊ ဆင့်လက်သည်းတွေနဲ့လည်း ဦးသစ်ကိုယ်ကို ကုတ်ဖဲ့နေမိတော့သည်။

"ရွံတယ် ဟင့် ဟင့် ဟင့်"

✿ ✿ ✿

## အခန်း (၂၄)

"ချစ်တယ်လား ကိုမင်းရယ်"

ဆင့် နှလုံးသားက ချစ်တာတွေထက် ပိုနေခဲ့တာလေ။ အဲဒါကြောင့် ဆင့် ကြေကွဲနေရပြီ။

"ဟင့် ဟင့် ဟင့်"

ဆင့် ကြေကွဲနေရပြီ မောင်ရယ်။

ဆင့်ကိုမုန်းလိုက်ပါတော့။ မေ့လိုက်ပါတော့ မောင်ရယ်။ ဆင့်မှာ ဆင့်။

"ဟင့် ဟင့် ဟင့်"

ဆင့်နှလုံးသားမှ ငိုကြွေးသံလေးမစဲနိုင်တော့ပါလေ။

✿ ✿ ✿

မိန်းကလေးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"သမီးဆင့်လေး"

မာမီ့ခေါ်သံလေး ချိုလွင်ရုံမက စူးစူးရှရှလေး ပေါ်ထွက်လာ သည်။

ရင်ထဲမှာ ထိရှနေတာကို ဆင့်မျက်လွှာမဖွင့်ဘဲ ငြိမ်နေမိသည်။

ထိုအချိန်မှာ ဆင့် ဘာကိုမှ မမြင်ချင် မတွေ့ချင်ဖြစ် မွေ့ရာပေါ်သို့ ကိုယ်လုံးလေးပစ်ချရင်း ငြိမ်သက်နေခဲ့တာ နာရီပေါင်း များစွာ ကြာမြင့်လေသည်။

ဒါကို မာမီက ဘာမှမသိသလိုနှင့် ချိုချိုမြူးမြူးလေး ပြော ဆင့်ကိုခေါ်နေသည်။





"ဆင့်လေးရယ် ထပါတော့သမီးရယ်။ အချိန်အခါမဟုတ် အိပ်နေတာမကောင်းဘူး သမီး။ နေထိုင်မကောင်းဖြစ်တတ်တယ်လေ။ ထ ထတော့ သမီးအကြိုက် ကြက်ဆီထမင်း လုပ်ထားတယ်။ သမီး စားဖို့ မာမီပြင်ဆင်လိုက်မယ်နော် သမီး၊ သမီး ထတော့"

ဆင့်ကို တတွတ်တွတ်ပြောရင်း မာမီ အခန်းထဲက ထွက်သွား ခဲ့သည်။

သေချာတာက ဆင့်အကြိုက် ကြက်ဆီထမင်းပွဲ ပြင်ဆင်ဖို့

ဒီမှာ ဆင့် ဘယ်လိုခံစားနေရတယ်။

ဘာကြောင့်လဲဆိုတာ မမေးမမြန်းဘဲနဲ့။

လုပ်ချင်ရာကို စွတ်ရွတ်လုပ်နေတဲ့မာမီ့ကို ဆင့် နားလည်လို့ အောင်ဖြစ်ရပါသည်။

ဆင့်ရင်ထဲမှာ ထိုဖြစ်စဉ်ကြောင့် အနာရကာ ဘာမှ စားချင်စိတ် ဖြစ်ရလေသည်။

ဒါ့ပြင် ဘယ်မှလည်းသွားချင်လာချင်စိတ် မရှိဖြစ်နေလို့ အခန်း အောင်းနေခဲ့တာလေ။

ဘာဖြစ်လို့လဲဆိုတော့ ထိုဝေဒနာတွေကြားမှ သက်သာလိုသည်။

သို့ကြောင့် မောင့်လက်ကိုင်ဖုန်းလေးကို တယုတယ ဆုပ်ထား မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ရင်ထဲမှာ ပြေလျှော့တာမျိုးမဖြစ်ဘဲ ကြင်ကြင်ဖွူးရူးချည် ခံစားနေရတာပဲ ကြီးစိုးနေသည်။

မောင်က မရပ်မနား ဖုန်းခေါ်နေသော်လည်း ဆင့်လက်ခံ နားဆင်ခြင်းမပြုတော့ပါ။

ဖုန်းသံလေးကို ပိတ်ထားပေမယ့် ဖုန်းဝင်လာတိုင်း တုန်ခါနေတဲ့ ဖုန်းလေးကတစ်ဆင့် ဆင့်နှလုံးသားကို တကယ် တုန်ခါနေစေသည်။

"သမီးလေး ဆင့်ရေ"

ထမင်းစားခန်းထဲက မာမီ လှမ်းခေါ်နေပါပြီ။

"ဟင့်အင်း ဆင့်မစားဘူး။ ဆာလည်း မဆာဘူး"

နားငြီးတာမခံနိုင်လို့ စိတ်အချဉ်ဖောက်ကာ ဆင့် အော်ပြော လိုက်မိသည်။

"အို မစားချင်လို့ရမလား။ မစားမသောက်ဘဲနေရင် အစာအိမ် နာ ဖြစ်လိမ့်မယ်"

"ဖြစ်ဖြစ်"

ဆင့် ဘုဆတ်ဆတ်ပြန်ပြောလိုက်မိသည်။

မာမီက အရင်ကနဲ့မတူစွာ ဒီတစ်ခါ အရမ်းစိတ်ရှည်ပြီး သဘော ကောင်းနေသည်။

ဘာကြောင့် သဘောကောင်းပြီး စိတ်ရှည်နေရတာလဲ မေး ရယ်။





ထိုမေးခွန်းလေးနဲ့အတူ ဆင့်ရင်ထဲမှာ ဝမ်းနည်းလာသည်။

"ကဲ ထပါတော့ သမီးလေးရယ်။ မျက်နှာလေးသစ်၊ လာ ဘာ လာ မာမီလုပ်ပေးမယ်"

"ကျွတ်"

မာမီက ဆင့်ကိုယ်လေးကို တယုတယ ဆွဲထူရင်း ခုတင်ပေါ်မှ ဆွဲခေါ်သွားလေသည်။

"မာမီ"

ဆင့် ထိခိုက်စိတ်ကလေးနဲ့ ဖိခေါ်မိသည်။ မာမီက ဆင့်မျက်နှာ လေးကို ကြည်နူးစိတ်ဖြင့် ငုံကြည့်၍ –

"သမီးရယ် ကလေးမဆန်ချင်ပါနဲ့၊ လာ"

မာမီက ဖွတ်အတင်းပြောဆိုရင်း ဆင့်ကို ရေချိုးခန်းထဲ ဆွဲခေါ် ကာ ကလေးတစ်ယောက်လို သဘောထားပြီး ပြုမူလေသည်။

ခုချိန်မှာ ဆင့်ဟာ ထိရှကြေကွဲနေတာတွေပဲ ရှင်ဘတ်ထဲမှာ ကျုံ့နေတာမို့ မျက်ရည်တွေသာ တဝေဝေ ကျရှာလေသည်။

"အိုး ဒီကလေးနှယ်"

မာမီက ဆင့်မျက်ရည်တွေကို ဦးစွာသုတ်သင်ပေးပြီး မျက်နှာ သစ်ပေးလေသည်။

မာမီ ဒီလိုတွေလုပ်ကိုင်ပေးနေလေ ဆင့် နာကျင်ရလေ။

"ဖယ်ပါ၊ ဆင့်ဘာသာ ဆင့်လုပ်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆင့် ပြန်ပြောရင်း ဖွတ်အတင်းလုပ်ဆောင်ပေးနေတဲ့ မာမီကို ဖယ်ထုတ်၏။

မာမီက ဆင့်ကို အပြုံးမပျက်ကြည့်ရင်း –

"သမီးလေးဘာသာ သစ်မယ်ဆိုလည်း သစ်၊ ဒီမှာ မျက်နှာ သစ်ဆေး"

မာမီက မျက်နှာသစ်ဆေးဘူးလေးပါ ဆင့်လက်ထဲ ထည့်ပေး ပြန်သည်။

"ကဲ မြန်မြန်သစ် သမီးလေး။ မျက်နှာသုတ်ပဝါအသစ်ကလေး မာမီ ထုတ်လိုက်မယ်"

မာမီက ပြောပြောဆိုဆို ရေချိုးခန်းထဲက ထွက်သွားလေသည်။ ဆင့်မှာ မျက်ရည်တွေ သောသောကျရင်း ရေအေးအေးဖြင့် အဆက် မပြတ် မျက်နှာသစ်နေလိုက်သည်။

မျက်နှာသစ်ရေတွေထဲမှာ ဆင့်ရဲ့ ကြေကွဲမျက်ရည်တွေ ဘယ်နှ ဂါလံလောက် ရောပါသွားသည်မသိတော့ပါလေ။

"ရော့ သမီးလေး။ မျက်နှာသုတ်ပဝါအသစ်ကလေး။ မွှေးနေတာ ပဲ သမီးရယ်၊ မျက်နှာသုတ်လိုက်ပါဦး"

မာမို့စကားလုံးတွေက ဆင့်နားထဲ အကဲပိုနေသလို ခံစားရသော် ကြားနေရတိုင်းလည်း ခါးသက်သက်ဖြစ်ချေသည်။

"လာ သမီးလေး။ ကြက်ဆီထမင်းလေး မအေးခင် စားလိုက် လာ သမီး"





မာမီ ဆွဲခေါ်တဲ့အတိုင်း မျက်နှာသုတ်ပဝါဖြင့် မျက်နှာပေါ်မှ ရေစက်တွေကိုသုတ်ရင်း ထမင်းစားခန်းဆီ ဆင့် ပါခဲ့ရသည်။

"ထိုင် သမီးလေး"

မာမီက အတင်းထိုင်စေသလို ထမင်းအုပ်ဆောင်းလေး ဖွင့်ပေး၏။

ကြက်ဆီထမင်းပန်းကန် ပူပူနွေးနွေးလေး ဆင့်ရှေ့ ရောက် လာသည်။

"စား သမီးလေးစား"

မာမီက သစ္စားသီးချဉ်ပန်းကန်ပါ ဆင့်ရှေ့ ရွှေ့ပေးသည်။

"စားပါ သမီးရဲ့"

မာမီက ဇွန်းလေးကိုင်ပြီး ကြက်ဆီထမင်းတစ်ဇွန်း ခပ်၍ ခွံ့ကျွေး သည်။

"ဟင့်အင်း"

ဆင့် ခေါင်းလေးလွှဲလိုက်သည်။

"ဪ သမီးကလည်း မာမီ ခွံ့ကျွေးနေတာပဲ၊ စားပါတော့ ကွယ်"

မာမီပြောဆိုနေရင်း မာမို့လက်ကိုင်ဖုန်းလေး မြည်လာသည်။

"ရော့ စားစား သမီးလေး၊ မာမီ ဖုန်းကိုင်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မာ်မီက ထမင်းဖွန်းကို ပန်းကန်မှာပြန်ချရင်း ပြောဆိုကာ စားပွဲပေါ်က ဖုန်းလေးကို ကောက်ကိုင်၏။

"ဩော် မောင်ရာဇရေ ပြောပြော။ မမလှိုင် နားထောင်နေတယ်"

"တောက်"

ဆင့်ရင်ထဲမှာ တင်းခနဲဖြစ်သွားကာ ထိုင်နေရာမှ ဝုန်းခနဲ ထထွက်ခဲ့သည်။

"ဟဲ့ သမီးလေး"

မာမီ ဟန့်တားတာကို နားမဆင်တော့ပါ။

ဆင့်ကိုအပိုင်ကြံတဲ့သူကိုမှ မာမီက အရေးတယူ အဆက်အသွယ် ပြုနေတာလေ။ ဆင့် ရင်နာလိုက်တာ။

ထိနိုက်ကြေကွဲရလွန်းလို့ ထုတ်ပြောစရာစကားလုံးတောင် မရှိတော့ပါဘူး။

မာမီကတော့ စကားတွေလှိုင်ကာ။

"ဩော် အင်း အင်း။ မောင်ရာဇာရယ် စိတ်ချပါ၊ မမလှိုင် နားလည်ပါတယ်ကွယ်၊ ဟင်း ဟင်း ဟင်း"

ဟိုက ဘာပြောသည်မသိပါ။

မာမီ တုံ့ပြန်သံတွေက ပျားရည်တွေရွှဲနေသလို ချိုလွန်းနေပါသည်။

မိန်းကလေးတအုပ်တိုက်



ဒါ့ပြင် သဘောတကျနဲ့ တဟင့်ဟင့်ရယ်နေသည်က ဆင့် နားဆင်မှာ အသိတရားကာပါ ခါးသက်လာသည်မို့။

ထိုအသံများနဲ့ဝေးရာသို့ ရှောင်ထွက်ခဲ့မိသည်။

အဲဒါ ဘာကြောင့်လဲ၊ ပြောပါ မောင်ရယ်။

✿ ✿ ✿

www.burmeseclassic.com

## အခန်း (၂၆)

"ဟင် ကိုကို"

မနက်စောစောစီးစီး ကိုကို့ကို ဘွားခနဲတွေ့ရလျှင် ပန်းရိပ် တအံ့တသြဖြစ်သွား၏။

"ပန်းရိပ်"

ကိုကို့ခေါ်သံက ခံစားမှုတစ်ခုခု ထိရှနေတယ်လို့ ပန်းရိပ် သိနေပါသည်။

ထို့ကြောင့် –

"လာလေ ကိုကို"

ပန်းရိပ် ကိုကို့ကို လှိုက်လှိုက်လှဲလှဲ ခေါ်ကာ ခြံဝင်းတံခါး





ဖွင့်ပေးလိုက်သည်။ ကိုကိုက ပန်းရိပ်ကို တစ်ခုခု တိုင်တည်လိုဟန်နှင့် ငေးကြည့်ပြီး မေးသည်။

"ဆင့်လေးနဲ့ တွေ့ဖြစ်သေးလား"

"ဒီရက်ပိုင်းအတွင်းမှာ မတွေ့ဖြစ်သေးဘူး ကိုကို၊ ဘာဖြစ်လို့လဲဟင်"

ပန်းရိပ်မေးတာကို ကိုကို ဒက်ခနဲ မဖြေ။ ရှက်ရွံ့အားနာသလိုနှင့် မျက်နှာလေး ရှောင်လွှဲ၍ –

"ဟို ဟိုလေ၊ ဟာ ဘာ ဘာမှမဟုတ်ဘူး"

"ဟင် ကိုကို၊ ကိုကို ဘာတွေဖြစ်နေတာလဲ"

"ဟင့်အင်း ဘာ ဘာမှမဖြစ်ဘူး"

မင်းဧကန် စိတ်တွေ တအားလှုပ်ရှားကာ ပန်းရိပ်မေးလာမှ သူ့အဖြစ်ကိုသူ သတိထားမိပြီး ရှက်သလိုလို ခံစားလိုက်ရသည်။

ထို့ကြောင့် နောက်ပြန်လှည့်ဖို့ စိတ်ကူးနှင့် ခြေလှမ်းပြင်၏။

"ကိုကို"

ပန်းရိပ်က ကိုကို့လက်မောင်းလေးကို မိမိရရ ဆုပ်ကိုင်လိုက်သည်။

"ကိုကို ဘာဖြစ်နေတာလဲ၊ ပြောလေ ကိုကို။ ကိုကိုပြောမှ ပန်းရိပ် သိမှာပေါ့"

"နေ နေပါစေတော့"



www.burmeseclassic.com

www.burmeseclassic.com



"အိုး မဟုတ်တာတွေ။ ကိုကို ခုလိုရောက်လာတာ တော်တန့်
ခံအားချက်နဲ့မဟုတ်ဘူး။ ပန်းရိပ် သိတယ်။ ဆင့်နဲ့ပတ်သက်ပြီး ကိုကို
ခံစားနေရတယ် မဟုတ်လား"

ရင်ထဲမှာ အုံ့ကြွနေတဲ့ ခံစားမှုတွေက ပန်းရိပ်ရဲ့စကားလုံးတွေ
နောက်မှာ ရှန်းကန်ပွင့်ထွက်မတတ် ဖြစ်လေသည်။

ထို့ကြောင့် နှုတ်ခမ်းနစ်လွှာကို တင်းအောင်စေ့ပိတ်ရင်း တင်း
လိုက်၏။ ပန်းရိပ်က ကိုကို့အမူအရာတွေကို စူးစူးစိုက်စိုက်ကြည့်ရင်း
တည့်တည့်ပဲ ထုတ်မေးလိုက်သည်။

"ဆင့်နဲ့ပတ်သက်ပြီး ကိုကို တစ်ခုခု ခံစားနေရတယ် မဟုတ်
လား"

"အဲ"

သူ့ ခေါင်းကြီး ညိတ်မိမလိုဖြစ်သွားပြီးမှ ချက်ချင်း မတ်ထား
လိုက်သည်။

ပန်းရိပ်က ထိုအမူအရာတွေကို ခွဲခြမ်းစိတ်ဖြာတတ်ပါသည်။
ဒါကြောင့်မို့ သဘောကျသလိုပြုံးမိပြီး –

"ကိုကို"

"ဘာ ဘာလဲ ပန်းရိပ်ရယ်"

"ကိုကိုရယ် ကိုကို့ရင်ထဲမှာ ဘာတွေ ခံစားနေရလဲဆိုတာ
ပန်းရိပ် သိပါတယ်။ ဒါပေမဲ့ ပန်းရိပ်သိနေရုံထက် ကိုကိုကိုယ်တိုင်





ထုတ်ပြောရမယ်လေ။ ကိုကိုထုတ်ပြောမှ ဆင့်ကို ပန်းရိပ် ပြောပြလို့
ရမှာပေါ့ ကိုကိုရဲ့"

"ဟို ဟိုလေ"

ပန်းရိပ် ထိုသို့ပြောလျှင် သူ့ခံစားချက်တွေ ပျာယာခတ်လို့
သွားသည်။ ဆံပင်တွေကို ထိုးဖွလိုက်၊ ပန်းရိပ်ရှေ့မှ ခြေလှမ်းတို့ ခွာလိုက်
နှင့် တကယ့်ကို မငြိမ်မသက် ဖြစ်လို့သွားသည်။

"ကဲ ပြော ကိုကို။ ဆင့်ကို ပန်းရိပ် ဘာပြောပေးရမလဲ"

"ဆင့် ဆင့်လေးနဲ့ ကိုကိုတွေ့ချင်တယ် ညီမရယ်"

"ဟို့ ဒါလေးများ ကိုကိုရယ်"

"ဟိုလေ ဆင့် ဆင်လေးက"

"အို ကိုကို အဲဒီအတွက် ဘာမှမပူနဲ့။ ပန်းရိပ် ကူညီပါ့မယ်။
ဒါ့အတွက် ကိုကို့စိတ်မှာ အဲဒီလောက်ထိ တင်းကျပ်အောင် လုပ်မနေ
နဲ့ ကိုကိုရယ်။ ကိုကို့ညီမက ဆင့်ကို ပိုင်ပါတယ်။ ပန်းရိပ်ကို အားကိုးစမ်း
ပါ ကိုကိုရယ်"

"တကယ်နော် ပန်းရိပ်လေး"

"ကိုကိုကလည်း တကယ်ပါဆို"

"အဲဒါဆို ကိုကိုပြန်တော့မယ်"

"အို နေဦးလေ၊ ရောက်တုန်းရောက်ခိုက် မေမေတို့နဲ့တွေ့လိုက်
ဦး။ ပြီးတော့ မနက်စာလည်း စားသွားဦး"



www.burmeseclassic.com

www.burmeseclassic.com



"နေ နေ နေပါစေတော့ ပန်းရိုင်ရယ်။ ကိုကို သွားတော့မယ် ဒါပဲနော်၊ ကိုကိုကိုကူညီဖို့ မမေ့နဲ့"

"အိုကေဆိုနေမှပဲ ကိုကိုရယ်"

ရင်ထဲမှာ ခွန်အားလေးဖြစ်သလို လက်သီးလေးကျစ်ကျစ်ဆုပ် ရင်း နှုတ်ဆက်သွားတဲ့ ကိုကိုမင်းကောန်ကို ပန်းရိုင် ကျေနပ်စွာ ငေးကြည့် နေမိသည်။

ကိုကိုရယ်၊ ကိုကို့နှလုံးသား ခံစားချက်တွေအတွက် ပန်းရို ကူညီပါ့မယ့်ကွယ်။

✿ ✿ ✿

## အခန်း (၂၇)

"တီ တီ တီ"

ထိုဖုန်းလေး အဆက်မပြတ်မြည်နေပါသည်။ ဆင့် ကိုင်ဖို့ ဝင်စားပါ။ မြည်ပါလေ့စေ။

အဲဒီဖုန်းက ဦးသစ်ဖုန်းလေ။

ဆင့်က မောင့်ဖုန်းလေးကိုပဲ မြတ်မြတ်နိုးနိုးကိုင်ထားတတ်သည်။ ရှတင်ဆို မောင့်ဖုန်းလေးကို ဇာဘော်တီအတွင်းအိတ်ထဲ ထည့်၍ ကိုယ်နဲ့မကွာ ထားတတ်သည်လေ။

အခု မာမီ ရှိမနေပါ။

အလုပ်ကိစ္စနဲ့ အပြင်ထွက်သွားတာ ကြာလှပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဆင့်က ဦးသစ်ဖုန်းကို ဒီအတိုင်းပဲ စားပွဲပေါ်တင်ထား
စားပွဲပေါ်မှ ဦးသစ်ဖုန်းကမြည်နေဆဲ။

"တီ တီ တီ"

မြည် စိတ်ကြိုက်မြည်လေ။

ဆင့်မကိုင်ရင် ရှင်ကြီး ဘာတတ်နိုင်မလဲ။ ဆင့်က မောင့် လေးကို ဘော်လီအိတ်ထဲ ပြန်ထည့်သိမ်းရင်း စကိုင်းနက်ဖွင့်ကြည့် လိုက်သည်။

မာမီသာရှိနေရင် ဆင့်ကို အော်လိုက်မည့်ဖြစ်ခြင်း။ မာမီ မ တာက ဆင့်စိတ်ကြိုက်။

ဖုန်းမကိုင်တော့ ခေါ်ဆိုနေတဲ့ဦးသစ်လည်း စိတ်မရှည်တော့ ထင်တယ်။ ဖုန်းခေါ်ဆိုနေတာ ရပ်တန့်သွားဟန်တူသည်။

ထိုအခါ ဖုန်းမြည်သံလေး တိတ်ဆိတ်သွားလေသည်။

ဖုန်းသံလေး တိတ်သွားတော့ ဆင့် စိတ်ကလေး ရွှင်မြူး ပါသည်။ သို့သော်လည်း သိပ်မကြာလိုက်ပါ။

တံခါးခေါက်သံကြားရ၏။

ထိုအခါ မာမီပြန်လာပြီအထင်နဲ့ ဆင့် တံခါးထဖွင့်ပေးမိသည် ဒီတော့မှ ဝင်လာသူက မာမီမဟုတ်။

ဦးသစ်ဖြစ်နေလျှင် ဆင့်မျက်နှာလေး ချက်ချင်း မနှစ်မြို့ တွေ ဖြစ်တည်ကုန်သည်။





"စိမ်းလေး ရော့"

"အို ယူဘူး"

ကာနေးရှင်းအဖြူရောင်ပန်းစည်းလေးက အလှသွေးကြွယ်နေ သမယ့် ဆင့် ရှုံ့ရှာစဖွယ် ငြင်းပစ်လိုက်သည်။

"စိမ်းလေး မဆိုးနဲ့ကွာ"

"အောင်မယ် ဆင့်က ဘာဆိုးတာလဲ"

ဆင့် ခြေကလေးဆောင့်ကာ ဆိုဖာခုံတက် ရွှေ့သွားလိုက်သည်။
ဦးသစ်က အပြုံးမပျက်သော်လည်း ဆင့်လက်ကလေးကို တကယ်ဆွဲယူ၏။

"အို ဦးသစ်"

"စိမ်းလေးကလည်းကွာ၊ ကိုယ် စိမ်းလေးကို တန်ဖိုးထားပါ တယ်၊ ယူပါ စိမ်းလေး ရော့"

ပြောဆိုရင်း ဆင့်လက်ထဲထည့်၍ ဦးသစ်ရဲ့ပန်းစည်းလေး ဆင့် ခွင်ထဲ ရောက်အောင်ပေး၏။

"ကျွတ် ဆင့် ပန်းမကြိုက်ဘူးနော်"

ပြောရင်းဆိုရင်း ထိုပန်းစည်းလေးကို ကြမ်းခင်းပေါ် ပစ်ချလိုက် ၏။ ထိုအခါ ရာဇသစ်မယုံနိုင်အောင် အံ့ဩသွားသည်။

"စိမ်းလေး"

ရင်ထဲမှာ လှိုက်ခါစွာ ရေရွတ်မိသလို ထိုပန်းစည်းလေးကိုလည်း ယုယုယယ ပြန်ကောက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဆင့် ငုံ့မကြည့်ပါ။

ဖွင့်ထားတဲ့ စကိုင်းနက်အစီအစဉ်မှ ရုပ်ရှင်ဇာတ်ကားကိုသ
ေးကြည့်ရင်း ဆိုဖာပေါ် ထိုင်ချလိုက်သည်။

"စိမ်းလေး"

"ရှင်မခေါ်ပါနဲ့"

အစိမ်းဆင့် လှည့်မကြည့်ဘဲ စိမ်းသက်စွာပြောဆိုလိုက်သည်
ရာဇသေစ်ရင်ထဲမှာ နားမလည်အောင် ခံစားရလေသည်။ ဒါ့ပြင် ဝမ်းနည်
သလိုလည်း ခံစားရ၏။

"စိမ်းလေး ကိုယ့်အပေါ် အဲလောက် မစိမ်းကားသင့်ဘူး"

"ဘာလဲ ရှင်ကြီးက ဆင့်လေးကို ပိုင်ထားပြီဆိုတဲ့ စိတ်ကူ
လာပြီး မြူဆွယ်နေတာမဟုတ်လား"

"ကျွတ်"

သူ့ရင်မှာ နည်းနည်းခံပြင်းသွားသလိုရှိ၏။ သို့သော်လည်း
စိတ်ကိုသူ ပြန်ဖြေလျှော့ရသည်။ ဒါ့ပြင် ဆူကြွနေသော စိမ်းလေး နှုတ်
လွှာအစုံကို ငေးကြည့်ရင်း သူ့စိတ်ကိုသူ တည်ငြိမ်အောင် ထိန်းထားလို
သည်။

သူ့အပေါ် အစိမ်းရောင်သန်းနေတဲ့ ကောင်မလေးကိုမှ
ရူးသွပ်နေတာဆိုတော့ သူ့ဘက်ကပဲ လျှော့ရမှာပေါ့။

ဒါပေမဲ့ သိပ်လျှော့လွန်းရင်လည်း မဖြစ်သေးပါ။ သို့မို့ကြော





ခဲ့ရဲရဲပင် သူမလေးထိုင်နေတဲ့ ဆိုဖာလက်တန်းမှာ ဝင်ထိုင်၍ –

"စိမ်းလေး ကိုယ့်ကိုမစိမ်းပါနဲ့ကွာ"

"ကျွတ် ရှင် ဆင့်နားမကပ်ပါနဲ့။ ဘယ်တော့မှ မလာပါနဲ့"

"မလာလို့ရမလား ကလေးရယ်၊ စိမ်းလေးကို ကိုယ်တန်ဖိုးထား
သယ်"

"ဘာတန်ဖိုးထားတာလဲ"

အစိမ်းဆင့် သည်းမခံနိုင်စွာ သူ့ဘက်လှည့်ကြည့်လိုက်လျှင်
လက်တန်းပေါ်ထိုင်နေတဲ့ ဦးသစ်နဲ့ တည့်တည့်ချည်း နီးကပ်သွား
၏။

ဒါ့ပြင် စူးစိုက်ကြည့်နေတဲ့ ဦးသစ်မျက်ဝန်းမှ တောင်းဆိုမှုတွေ၊
ည်းလေးကို ဆင့်ရင်ခွင်ထဲ ထိုးထည့်ပေးသလို ဆင့်ကိုလည်း
က်၏။

"အို ဦးသစ် ရှင်ကြီးနော်။ ဆင့်ကိုအနိုင်မကျင့်နဲ့"

ဆင့် ဟန့်တားရုန်းကန်နေပေမယ့် ပြောလက်စ၊ ငြင်းလက်စ
လေး ရပ်တန့်သွားအောင် ဦးသစ်က ဆင့်နှုတ်ခမ်းလေးကို သူ့လက်
နဲ့ ဖိပိတ်၏။

ထိုအခါ ဆင့် လန့်ဖျပ်ကာ ငိုချလိုက်သည်။

"ဟင့် ဟင့် ဟင့်"

"စိမ်းလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆင့် ငိုချလိုက်တော့ ဦးသစ်က ကြင်နာဟန်လေးနဲ့ ရေရွတ်သလို ဆင့်ကိုလည်း ပွေ့ထားတာ အနည်းငယ် ဖြေလွှတ်ပေး၏။

ထို့နောက် ဆင့်မျက်ရည်တွေကို ကြင်နာခြင်းနဲ့ ဖယ်ရှားပေးလေသည်။

ဆင့် ပျော်ဝင်ခြင်းမရှိစွာ ဦးသစ်လက်ကို ဆတ်ခနဲ ဖယ်၍-

"ဦးသစ်ရယ် ဆင့်ကို မနှောင့်ယှက်ပါနဲ့၊ ဆင့်ကို အနိုင်မကျင့်ပါနဲ့၊ ဟင့် ဟင့် ဟင့်"

"ကိုယ် အနိုင်ကျင့်တာမှမဟုတ်တဲ့ ကလေးရယ်။ စိမ်းလေးကို ကိုယ်ချစ်တာ၊ မြတ်မြတ်နိုးနိုးချစ်တာ။ စိမ်းလေးလည်း ကိုယ့်အချစ်ကို ကျေကျေနပ်နပ် ခံစားခဲ့တယ် မဟုတ်လား"

"အို ဘာမှ ဘာမှမခံစားဘူး"

"စိမ်းလေးရယ် ချစ်ခဲ့တာကို ပြည်ဖုံးကားချလို့ ရမတဲ့လား"

"ရှင် ဘာမှမပြောပါနဲ့တော့။ ဆင့် တောင်းပန်ပါတယ်။ ဆင့်ကို ထောင်ချောက်ထဲ ထည့်ပြီးတော့ ကြံစည်တာ"

"မဟုတ်တာပဲ စိမ်းလေးရယ်၊ ဒီမှာ ကိုယ်ပြောပြမယ်။ စိမ်းလေး နှလုံးသားနဲ့ ခံစားလှည့်ပါကွယ်"

ဦးသစ်က ပြောလည်းပြောသလို ဆင့်လက်မောင်းလေးနှစ်ဖက်ကို ဖျစ်ကိုင်ပြီး၊ ဆင့်ကိုယ်လုံးနွဲ့နွဲ့လေးကို ဆွဲယူ၍ ရင်ခွင်ကျယ်ထဲ ထည့်ဖို့ ဦးသစ် ကြိုးစား၏။





ဒီအခြေအနေကို ဆင့် သည်းမခံနိုင်တော့ပါ။

"ဦးသစ်နော် ဆင့်ကိုယ်ကို အသုံးချဖို့မကြိုးစားပါနဲ့၊ ဒီတစ်ခါ ... ဆင့်ကိုယ်ဆင့် သတ်သေပစ်လိုက်မယ်။ ဟင့် ဟင့် ဟင့်"

"စိမ်းလေးရယ်"

သတ်သေလိုက်မယ်တဲ့။

ထိုစကားလုံးက ဦးရာဇသစ်လက်တွေကို ပြေလျော့သွားစေသည်။ ပန်းသွေးရောင်ရဲနေသော စိမ်းလေးရဲ့ပါးမို့မို့လေးနှစ်ဖက်ကို သု...ရက်တော့ပါ။

ရင်ခွင်ထဲ မြတ်မြတ်နိုးနိုးသွင်းပြီး ချော့မော့ဖျောင်းဖျချင်စိတ်ကို ...လျှော့လိုက်ရသည်။

"စိမ်းလေး"

"ဟင့် ဟင့် ဟင့် ဦးသစ်ပြန်ပါတော့။ ဆင့်နဲ့ ဘယ်တော့မှ ...ချင်းမဆိုင်ပါနဲ့။ သွားပါတော့၊ ဟင့် ဟင့် ဟင့်။ သွားပါတော့၊ ... တောင်းပန်ပါရစေ၊ သွားပါတော့"

ဆင့်မျက်လုံးလေး စုံမှိတ်ကာ တငိုတည်းငိုရင်း နှင်ထုတ်နေမိ ...ဘယ်နှစ်ခွန်းဖြစ်သွားသည်မသိတော့။

ဆင့် ငိုယိုရင်း နှင်ထုတ်ရင်း မောလျှသွားလေသည်။

အတန်ကြာလို့ ဆင့်မြင်လွှာလေး ဖွင့်ကြည့်လေသည်။ ထိုအခါ ...အရိပ်လေး မမြင်ရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ဦးသစ်ရဲ့ပန်းစည်းကို မြင်ရလေသည်။

ထိုပန်းစည်းဟာ ဆင့်နှလုံးသားကို လှောင်ပြောင်နေသလို ခံစားရလေသည်။

ထို့ကြောင့် ထိုပန်းစည်းလှလှလေးကို ဆွဲယူရင်း ချေပစ်လိုက်လေသည်။

သွား။ ဆင့် နှလုံးသားကို သွေးဆောင်ဖို့ ဘယ်သူမှမလာကြနဲ့

✿ ✿ ✿

## အခန်း (၂၈)

"ဆင့်လေး ဝိုလှလာတယ်"

"ဘာရယ်"

ဆင့် ရန်တွေ့ချင်စွာ မျက်စောင်းထိုးလိုက်၏။ စုစုက ရယ်မောရင်း ဆင့်ပါးပြင်ဖောင်းဖောင်းလေးနှစ်ဖက်ကို တို့ထိ၍ ပြောသည်။

"ဟုတ်တယ်လေ၊ ဆင့်ပါးလေးတွေ ဖောင်းလာတယ်၊ နှုတ်ခမ်းလေးတွေ ပြည့်လာတယ်"

"အို ဒါက ငို အဲ"

ဆင့် ငိုရလွန်းလို့ မျက်နှာလေးတင်းနေတာလေ။ လွှတ်ခနဲ့ ထုတ်ပြောမလိုဖြစ်ပြီးမှ ဘရိတ်အုပ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဆင့်ရဲ့၊ ဆက်ပြောလေ"

ပန်းရိပ်က အနားကပ်ထိုင်ရင်းမေးလေသည်။

ဆင့် မလှုံမလဲဖြစ်ကာ ပန်းရိပ်နားမှ ဆတ်ခနဲ ထထွက်ခဲ့သည်။

"ဟဲ့ ဆင့်၊ ဒါက ဘာဖြစ်သွားတာလဲ"

တွယ်တာနိုင်က ဝင်ပြော၏။

"ဟင့်အင်း"

ဆင့် ခေါင်းခါလိုက်မိသည်။ ဆင့်အကြောင်းနဲ့ ဆင့်ပဲလေ။ သူငယ်ချင်းတွေ မသိသေးတာကို ထုတ်မပြောတာ အကောင်းဆုံးပဲလေ။ ဟုတ်တယ်။

ထုတ်ပြောလိုက်ရင် ဆင့်အပေါ် အထင်သေးကြလိမ့်မယ်။ ဒါကြောင့် ဆင့် ဣန္ဒြေမပျက်အောင် ထိန်းရင်း –

"ရှင်တို့က ဆင့်ဆီမှ လာကြပဲ။ ဆင့်က အဲဒါကြောင့် အလှချည်း ထိုင်ပြင်နေတာလေ။ ဒါကြောင့် ရှင်တို့မျက်လုံးထဲမှာ ဆင့်လှနေတာ ဖြစ်မယ်"

"ဟုတ်မှာပေါ့၊ အဲဒါကြောင့် ဆင့်ကို လှတယ်လို့ပြောတာ။ ဆင့်က အိုင်တင်ခံချင်နေတယ်"

ဘရဏီက အရိုးခံစိတ်နဲ့ ဝင်ပြော၏။

သူငယ်ချင်းတွေက အရင်အတိုင်း ဆက်ဆံနေကြပေမယ့် ဆင့်က အရင်နဲ့မတူတော့ စကားလုံးတိုင်းကို ထိထိရှရှ ခံစားနေရသည်။





"ကဲပါ အခု ပန်းရိပ်တို့ လာကြပြီပဲ။ ကျေနပ်ပါတော့နော် သူငယ်ချင်း"

ပန်းရိပ်က ထလာရင်း ချော့မော့သလိုပြောဆိုလေသည်။ ဆင့် …ကို ဆင်တည်ငြိမ်အောင်ထိန်းရင်း ခေါင်းညိတ်လိုက်သည်။ ပန်းရိပ်က …သဘောအကျဆုံး ဖြစ်လေသည်။

"အိုကေ၊ ဆင့် ကျေနပ်တယ်ဆိုရင် ပန်းရိပ်စီစဉ်ထားတာ …တယ်"

"ဘာအစီအစဉ်လဲ ပန်းရိပ်ရဲ့"

စုစုနဲ့ ဘရဏီက သိချင်စိတ်လောလောနဲ့ ပြိုင်တူမေး၏။ ပန်းရိပ် …မျက်နှာလေးကိုပင့်၍ –

"သူငယ်ချင်းတွေအားလုံး ပျော်မြူးရမယ့်အစီအစဉ်ပေါ့"

"ဟုတ်ပါပြီ၊ ပျော်မြူးရမှာက ဘယ်လိုအစီအစဉ်ဆိုတာကို …ည်း ထည့်ပြောဦးလေ"

တွယ်တာနိုင်က တိတိကျကျသိလိုလှသည်။ ဒါကြောင့် ဇွတ်…။ ပန်းရိပ်က မြူးမြူးလေးပြုံး၍ –

"အဲဒါ ပဟေဠိ"

"အဲလိုတော့ ပဟေဠိမလုပ်ပါနဲ့"

"ကဲပါ လာသွားကြစို့"

ပန်းရိပ်က ဇွတ်ပဲခေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆင့် မလိုက်ချင်ဘူး"

"အိုးမလိုက်လို့ ဘယ်ဖြစ်မလဲ။ လာ လိုက်ခဲ့။ မလိုက်ခဲ့ရင် စုစုတို့အားလုံး ဆွဲခေါ်မယ်။ အိုကေနော်"

"အိုကေ"

ဒီလိုနဲ့ပဲ ဆင့် သူငယ်ချင်းတွေနောက်ပါခဲ့ရသည်။

အရင်တုန်းကဆို သူငယ်ချင်းတွေ တရုန်းရုန်းနဲ့ဆို ဆင့် ပျော်မြူးရသည်ဖြစ်ခြင်း။

ခုတော့ ဒဏ်ရာရထားတဲ့ သမင်လေးနှယ်။

"လာပါ ဆင့်ရဲ့၊ သူငယ်ချင်းတွေအားလုံး ပျော်ရအောင် ပန်းရိုး စီစဉ်ထားတာပါ။ ဆင့်လည်း တကယ်ပျော်သွားစေရမယ်၊ ပန်းရိုးအာမခံ တယ်"

ပန်းရိုးက ဆင့်ပခုံးလေးကို ဖက်ကာ တတွတ်တွတ်ပြောရှာပါ သည်။ ဆင့်မှာသာ ဆင့်စိတ်ကို အနိုင်နိုင်ထိန်းရင်း လိုက်ပါခဲ့ရတာလေး

ရင်ထဲမှာတော့ မောလှပေါ့ မောင်ရယ်။

✿ ✿ ✿

အခန်း (၂၉)

"ဟယ်"

အလှဆင်ထားသော ရေကန်ဝိုင်းကြီးကိုကြည့်ရင်း ဆင့်မျက်ဝန်းမှာ မြူးခနဲဖြစ်ကာ တအံ့တသြလေး ဝမ်းသာရ၏။ ရေကန်ကျယ်၏ ကမ်းနဖူးပေါ်မှာ ထိုင်ခုံလေးတွေ ပတ်ရံထား၏။

ခုံတန်းတွေကြားမှာ ရောင်စုံပန်းပင်တို့ခြံရံထားရုံမကသေးပါ။ ပန်းပင်တန်းကြား၌ အသည်းပုံ မီးပုံ့ဘောလုံးများ လွင့်ထားသည်က ကြည့်လို့ တအားလှ၏။

ရေကန်ထဲ ဆင်းနိုင်သည့် အင်္ဂတေလှေကားထစ်လေးမှာလည်း အလှပန်းအိုးအဆင့်ဆင့်ထားသလို ထိုကန်ထဲ အပျော်စီးမယ့်



www.burmeseclassic.com

www.burmeseclassic.com



လှေကလေးမှာလည်း ရောင်စုံပန်းတို့နှင့် ဆင်ယင်ထားတာမို့ ချစ်စရာကောင်းသောလှေကလေး ဖြစ်လို့နေပါသည်။

ထိုပန်းလှေလေးရဲ့ဦးပိုင်းမှာ ရောင်စုံဘောလုံးတို့ တလူလူလွင့်နေပါသည်။ ထို့ပြင် ထိုဘောလုံးလေးများပေါ်၌ ရေးထိုးထားတဲ့ စာတန်းလေးတွေက –

"ဆင့်လေးရဲ့မွေးနေ့အမှတ်တရ" တဲ့။

ကြည့်စမ်း။

ဆင့်ရင်မှာ လှိုက်မြူးသွားကာ ရင်ထဲဖြစ်တည်နေတဲ့ ရှုန်ကြေကွဲမှုတွေကို မေ့ပျောက်သွားစေသည်။

"ဆင့် ဆင့် မွေးနေ့"

"ဟုတ်တယ်လေ ဆင့်ရဲ့၊ ဆင့်မွေးနေ့က မနက်ဖြန်ပဲ။ အဲဒါကြောင့် ကိုကိုက ဆင့်မွေးနေ့အတွက် အမှတ်တရဖြစ်အောင် ကြိုလုပ်ပေးတာ။ ဘာလဲ ဆင့်သဘောမကျဘူးလား"

"အိုး ကျတာပေါ့ ပန်းရိုင်။ ဆင့် ဆင့်က ဝမ်းသာလွန်းလို့ပါ"

"အဲဒါဆိုလာ"

"ဘယ်လဲ ပန်းရိုင်ရဲ့"

"လာပါဆိုနေမှ၊ ဟိုရောက်တော့ သိရမှာပေါ့"

သူငယ်ချင်းတွေ စိတ်အားထက်သန်စွာ ဆင့်လက်ကို ဆွဲသွား၏။ ဆင့်ကလည်း သူငယ်ချင်းတွေဆွဲခေါ်သွားတဲ့အတိုင်း စိတ်လှုပ်ရှားစွာ





ပါသွား၏။

ဆင့်တို့ ပထမတစ်ခါရောက်တုန်းက ဒီရေကန်ကြီးရှိနေမှန်း မသိလိုက်ပါ။

ခုတော့ ရေကန်ကြီးက ဆင့်နှလုံးသားကို ဖမ်းစားနိုင်စွမ်း၏။ ဒါ့ပြင် ရေကန်ကြီးနားကခွာပြီး စိုက်ခင်းတွေကို ကျော်ဖြတ်ကာ တဲအိမ်လေးထဲ ဝင်ခဲ့ကြသည်။

တဲအိမ်လေးထဲ ဧည့်ခန်းမကျယ်မှာ မွေးနေ့ဧည့်ခံပွဲပြင်ဆင်ထား၏။ ပြီးတော့ စားပွဲပေါ်မှာ ရောင်စုံပန်းပွင့်ပုံဖော်ထားတဲ့ မွေးနေ့ကိတ်ကြီးကလည်း အဆင်သင့်။

"Happy Birthday ဆင့်လေး"

မောင် အဲ သူက ဆင့်အနားလျှောက်လာရင်း ပြောသလို ပြုံးစိုက်စိုက်လည်း ကြည့်လေသည်။

ထိုအကြည့်မှာ ဆင့်ရင်ကို တကယ်ခုန်ဖြစ်သည်လေ။

"ကျေး ကျေးဇူးတင်ပါတယ် ကိုမင်း"

"ဆင့် ကျေနပ်ရဲ့လား"

"အိုး ဆင့် ဆင့်လေ၊ လုံးဝမထင်ထားဘူး ကိုမင်းရဲ့။ အရမ်းအံ့ညဩသွားတာပဲ"

"အိုကေ၊ အဲဒါဆို ဆင့်လေးရဲ့မွေးနေ့ပွဲအကြို စလိုက်ရအောင်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

ဆင့် ခေါင်းလေးညိတ်လျှင် ပန်းရိုပ်တို့အားလုံး ဝမ်းမြောက် ဝမ်းသာ အော်ဟစ်ကြ၏။

"ဟေး ဒါမှ ကိုကို့။ ခုလို ဆင့်မွေးနေ့အကြိုပွဲလေးကို လုပ် ဆောင်ပေးတဲ့အတွက် ကိုကို့နှလုံးသားဆန္ဒတွေ ပြည့်ဝပါစေလို့ ပန်းရိုပ် ကြိုပြီး ဆုတောင်းပေးတယ်"

ပန်းရိုပ်ပြောလျှင် သူ့မျက်နှာလေး ကြည်ရွှင်ဝင်းလက်ကာ ဆင့် လေးကို ရင်ခုန်စွာ ငုံ့ကြည့်မိသွားသည်။

"ဟုတ်ပါ့၊ ကိုကို့နှလုံးသားဆန္ဒတွေ တကယ်ပြည့်စေမှာနော် ဆင့်လေး"

ဘရဏီက ဆင့်ပခုံးစွန်းလေးကို တို့၍ပြော၏။ ထိုအခါ ဆင့် မျက်နှာလေး ရဲမှည့်သွားလောက်အောင် ရှက်သွား၏။

"ဘရဏီနော်"

"ဟဲ့ ကိုကိုက ဆင့်လေးအတွက် တကူးတက လုပ်ပေးတာ လေ။ ဆင့်လေးကို လုပ်ဆောင်ပေးတဲ့စေတနာကြောင့် ဆင့်လေးကလည်း ကိုကို့ နှလုံးသားဆန္ဒကို ဖြည့်ပေးလိုက်လေ"

စုစုကလည်း အနားကပ်ပြောပြန်သည်။ ထိုအခါ တွယ်တာနိုး ကလည်း -

"ဟုတ်ပါ့၊ ဒီပွဲလေး ပိုပျော်ဖို့ကောင်းသွားမယ်ဟ၊ နော် ပန်းရိုပ်"





"ဟုတ်တာပေါ့ ဆင့်ရဲ့။ ဆင့်ရော ကိုကိုရော ပန်းရိုပ်တို့ရော [illegible]စ်ပြိုင်နက် ပျော်စရာဖြစ်သွားမယ်လေ။ နော် ကိုကို"

သူငယ်ချင်းတွေ တစ်ယောက်တစ်ခွန်းပြောရင်း ဆင့်ကို မောင့် [illegible]း တွန်းပို့ကြ၏။

"အို"

ဆင့် ရှောင်လို့မရဖြစ်ကာ မောင်နဲ့အတူတူ မွေးနေ့ကိတ် လှီး [illegible]သွား၏။

"ဖြောင်း ဖြောင်း ဖြောင်း"

ပန်းရိုပ်တို့အားလုံး အော်ဟစ်ရင်း လက်ခုပ်တီး၍ အားပေးကြ [illegible]သည်။

ထို့နောက် ကိတ်မုန့်လေးခွဲ့မယ်ဆိုတော့ ဆင့်က သူငယ်ချင်း [illegible]တို့ကို အရင်ခွဲ့ချင်သည်။

"ဟင့်အင်း မရဘူး ကိုကို့ကိုအရင်ခွဲ့"

"ဟုတ်တယ် ကိုကိုပြီးမှ စုစုတို့အလှည့်"

သူငယ်ချင်းတွေကလည်း တစ်မောင့်။ ဆင့် ရှက်လှပါတယ် [illegible]နေမှ မောင့်ကို အရင်ခွဲ့ခိုင်းနေကြသည်။

မောင်ကလည်း မြူးမြူးလေးကြည့်၍ ဦးဦးဖျားဖျား ခွဲ့ကျွေးမယ့် [illegible]င်ကိတ်လေးကို မြိန်စားဖို့ အာသီသရှိနေသော အမူအရာလေးနဲ့ [illegible]း ရှက်ပေမယ့်လည်း အားလုံးရဲ့ဆန္ဒအတိုင်း မောင့်ကို ခွဲ့မိပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း ဖြောင်း ဖြောင်း"

သူငယ်ချင်းတွေရဲ့ လက်ခုပ်သံတွေက ဆင့်နဲ့မောင့်အတွက် နှလုံးသားလမ်းစလေလား။

ထိုမေးခွန်းပေါ်လာလျှင်။

✿ ✿ ✿

## အခန်း (၃၀)

"သမီး ဆင့်လေး"

မာမီခေါ်သံလေး ချိုလွင်နေလေ၊ ဆင့်ရင်ထဲမှာ မှန်စမ်းသောစိတ်များရလေ ဖြစ်သည်။

ဘာကြောင့် မာမီ့အသံချိုနေရတာလဲ။ ဆင့်ရင်ထဲက မေးခွန်းများ မဆုံးလိုက်ပါ။

"သမီးလေး"

မာမီခေါ်သံ ထပ်ဆင့်ပေါ်ထွက်လာသလို ဆင့် အခန်းတံခါး တစ်ပါတည်း ပွင့်လာသည်။

ဆင့်မှာ မောင့်ဖုန်းလေးကို မွေ့ရာအောက်ထဲ ကမန်းကတန်း



www.burmeseclassic.com

www.burmeseclassic.com



ထိုးဝှက်လိုက်ပြီး –

"ဘာလုပ်နေတာလဲ သမီးရယ်"

"ဘာ ဘာမှမလုပ်ပါဘူး"

"ဘာမှမလုပ်ရင်လည်း မာမီခေါ်နေတာ ကြားလျက်သားနဲ့ ဘာလို့မထူးတာလဲ"

ဆင့် မျက်နှာမပျက်အောင် ထိန်း၍ မွေ့ရာပေါ်မှ ခြုံစောင်ကို ဆွဲယူပြီး ခေါက်မလို့ပြင်ဆင်ရင်း –

"ဟို ခြုံစောင်တွေ ပွနေတာနဲ့ မာမီ"

"လုပ်စရာရှိတာ နောက်မှလုပ်ပါ သမီးရယ်"

မာမီက ပြောဆိုရင်း ဆင့်ခုတင်ပေါ် တင်ပါးလွှဲထိုင်ချသည်။ ပြီးတော့ ဆင့်လက်ကလေးကို ဆွဲယူပြီး သော့တွဲလေးတစ်ခု ဆင့်လက်ထဲ ထည့်ပေး၏။

"သမီးလေးရဲ့မွေးနေ့လက်ဆောင်"

"ဘယ် ဘယ်လို၊ ဆင့်မွေးနေ့ ဟုတ်လားမာမီ"

ဘယ်တုန်းကမှ ဆင့်မွေးနေ့ကို စိတ်မဝင်စားတဲ့မာမီ။

ခုတော့ မွေးနေ့အထိမ်းအမှတ် သော့တွဲတစ်ခု လက်ဆောင် ပေးနေသည်။

ထိုသော့တွဲလေးနဲ့ မာမီ့ကို ဆင့် တအံ့တသြကြည့်၏။ မာမီ ဆင့်မျက်နှာလေးကို ကြည်နူးစွာကြည့်၍ –





"ဘာလဲ သမီးလေး အံ့သြနေလား"

"အံ့သြတာပေါ့ မာမီရဲ့။ မာမီက ဆင့်မွေးနေ့ကို အမှတ်တရ ခံစားချင်တာ ဆင့်တစ်သက်ရှိနေပြီ"

"ဟုတ်တယ် အဲဒါ သမီးဒယ်ဒီကို စိတ်နာလို့"

ဆင့်မျက်နှာလေး ညှိုးကျသွားသည်။ ဘာကြောင့် စိတ်နာတာလဲ။

မေးလို့လည်းမရခဲ့ပါ။

ခုတော့ ဆင့်မမေးရဘဲနဲ့ မာမီဖြေနေသလို ဆင့်မွေးနေ့ကိုလည်း အမှတ်တရ ပြုချင်လာသည်။

ဆင့် လွယ်လွယ်ကူကူ နားမလည်နိုင်အောင်ဖြစ်ရလေပြီ။

"ဒါနဲ့ ဒီသော့က"

"ဪ သမီးလေး ကျောင်းတက်ရတော့မယ် မဟုတ်လား"

"အဲဒါနဲ့ ဒီသော့ ဘာဆိုင်လဲမာမီရဲ့"

"ဆိုင်ပါပကော သမီးရယ်။ အဲဒီသော့က ဘာသော့ထင်လဲ"

"သိဘူးလေ"

"အဲဒါ ကားသော့"

"ဟင်"

အသည်းပုံသေးသေးလေးပါသော သော့ချိတ်နဲ့ ဆွဲထားသည့် သော့တံလေးကို ဆင့် ဝမ်းသာအံ့သြစွာ ထောင်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကား ကားသော့ ဟုတ်လား မာမီ"

"ဟုတ်တယ်လေ၊ သမီးလေး ကျောင်းတက်ရအဆင်ပြေအောင် လို့ သမီးရဲ့"

"မာမီ ဝယ်ပေးတာပေါ့ ဟုတ်လား မာမီ"

"သမီးရဲ့ဦးသစ် ဝယ်ပေးတာလေ၊ ဟင့် ဟင့် ဟင့်"

မာမီပြောလျှင် ဝမ်းသာအံ့ဩနေတဲ့ ဆင့်မျက်နှာလေး ဖျ ယွင်းသွားသလို တန်းလန်းကိုင်ထားမိတဲ့ သော့တွဲလေး လွတ်ကျသွားေ သည်။

ဦးသစ်ဝယ်ပေးသတဲ့။

ဆင့်ရင်ထဲမှာ တင်းကျပ်သွားသလို ဦးသစ်ရဲ့မျက်နှာကို မြေ မြင်မိရင်း မလုံမလဲဖြစ်လို့သွားသည်။

"ဒါ ဒါ ဘာရည်ရွယ်ချက်နဲ့ ဝယ်ပေးတာလဲ မာမီ"

"ဟဲ့ သမီးလေးကို ချစ်လို့ပေါ့"

"ဘုရားရေ"

ဆင့် ပါးစပ်အဟောင်းသားဖြစ်သွား၏။

မာမီက ဆင့်ပုံစံလေးကို သဘောတကျကြည့်သလို ဆင့်ပခုံ လေးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ခါရင်း အားတက်သရော ပြော၏။

"သမီးလေးရယ် ဒါ အံ့ဩစရာလား။ သမီးလေး ကျောင်းတတ် ဖို့ အဆင်ပြေအောင် မွေးနေ့လက်ဆောင်အဖြစ် ရာဇသစ်က ကားဝယ်





ပေးလိုက်တာပါ"

"ကျွတ် မာမီ ဆင့်မယူဘူး"

"ဘာလို့ငြင်းရတာလဲ သမီး"

"အိုး ဦးသစ်က ရိုးရိုးသားသားပေးတာ မဟုတ်ဘူး၊ ပြီး တော့"

"ပြီးတော့ ဘာဖြစ်လဲ သမီး"

"အိုး ဘာဖြစ်လဲဆိုတာ မာမီ သိနေတာပဲ"

ဆင့် သွားလေးကြိတ်ပြီးပြောလိုက်မိသည်။

မာမီက သနားစရာ ကောင်းလေခြင်းဆိုတဲ့အကြည့်မျိုးနဲ့ ဆင့်ကို ကြည့်၏။

စိုက်ကြည့်ပြီးလျှင် မမှုသလို ရယ်ပြီးပြောသည်။

"သမီးရယ် ညည်းလေးနဲ့ ခက်ပါတယ်ကွယ်။ ဒီမှာ ရာဇသစ် ကို မာမီသိတယ်။ သမီးကို ကားတစ်စီးလုံး ဘာကြောင့်လက်ဆောင် လဲဆိုတာ မာမီ ပိုသိတယ်။ ဒါကြောင့် သမီး လက်ခံရမယ်"

"မာမီ"

ဆင့် ဝမ်းနည်းတကြီး ဖိအော်လိုက်၏။ မာမီက မျက်နှာထား ည်လိုက်ပြီး –

"မာမီ့ကို အော်စရာမလိုဘူး သမီး။ သမီးကို မာမီ မွေးထား ပါအေ့။ ရာဇသစ်က ညည်းဒယ်ဒီလို စားပြီး နားမလည်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်စားမျိုး မဟုတ်ဘူး''

မာမီ့စကားမဆုံးခင် နှုတ်ခမ်းဖိကိုက်လျှင် မျက်ရည်တို့ ပေါ်း ကျလေသည်။

''ညည်း မျက်ရည်တွေသုတ်လိုက်။ ညည်းကိုမွေးခဲ့ရလို့ တစ်သက်လုံး ခံစားခဲ့ရတာပါ။ ရာဇဝင်က ညည်းဒယ်ဒီလို မဟုတ်ဘူး ညည်းကို မြတ်မြတ်နိုးနိုး မင်္ဂလာဆောင်ယူဖို့အထိ မာမီ့ကို ဖွင့်ပြော သွား။ မာမီက သမီးလေး လွတ်လွတ်လပ်လပ် ကျောင်းတက်ပါစေ ပြောထားတာ''

''အိုး ဆင့် ဆင့် ဘယ်လိုမှလက်မခံနိုင်ဘူး မာမီ။ ဟင့် ဟင့်၊ ဆင့်ကို နားမသွင်းပါနဲ့ မာမီ။ ဒီလူကြီး ဆင့်ကိုကြိုစည်ထား မာမီကိုယ်တိုင်က ဦးသစ်နဲ့ကြိုရာပါ''

''သမီးမိုက်''

ဒေါ်ဖူလိုင်ပွင့် တဆတ်ဆတ်တုန်သွားသလို လက်တစ်ဖက် လည်း မြှောက်တက်သွား၏။

မိခင်ရဲ့စေတနာကို နားမလည်တဲ့သမီး။ ကြိုရာပါဆိုပြီး စွပ်စွဲ စကားလုံးက သူ့မရင်ဘတ်ထဲ မြားတစ်စင်း ထိုးစိုက်သလို ခံစားရလေ သည်။

''ဟင့် ဟင့် ဟင့် ရိုက်ပါမာမီ၊ ဆင့်ကိုရိုက်စမ်းပါ''

ဒေါ်ဖူလိုင်ပွင့် လက်ကို ထိန်းလိုက်ရင်း သမီးကို မျက်ထ





မိန်းကြီးနဲ့ စိုက်ကြည့်ပြီး –

''မိဆင့် ညည်း ငါ့ကို စွပ်စွဲစရာမလိုဘူး။ ရာဇဝင် ဘာကြောင့် ပေးပေး ငါမအောက လက်ခံဆိုရင် ညည်းလက်ခံရမယ်။ ငါ့အစီအမံကို ညည်း ဘာတစ်ခွန်းမှ ပြောဆိုခွင့်မရှိဘူး သိရဲ့လား။ ဒီနေ့ကစပြီး ညည်းလေး ငါစီမံသလိုလုပ်။ ငါပြောသလို နာခံ။ ညည်း သိထားရမှာ က ရာဇဝင်က ညည်း ဒယ်ဒီလို မဟုတ်ဘူး။ အဲဒါ မြဲမြဲမှတ်ထား။ ဆောက်''

မာမီ ဒေါသတကြီးပြောဆိုကာ ဆင့်ခုတင်ပေါ်မှ ဆင်းသွားလေ သည်။

ဒေါ်ပြင် အခန်းတံခါးကိုလည်း ကျိမ်းခနဲမြည်အောင် ဆောင့်ပိတ် သွား၏။

''ဟင့် ဟင့် ဟင့်''

ဆင့် မျက်နှာနုနုလေးကို လက်ဖဝါးနှစ်ဖက်နဲ့ ဖုံးအုပ်၍ အရှက် သည်းစွာ ငိုချမိလေသည်။

မာမီရယ်။

မာမီဟာ ဘယ်လိုမိခင်မျိုးလဲ။

သမီးအပျိုနုနုထွတ်ထွတ်လေးကို ယောကျ်ားတစ်ယောက် အလွယ်တကူသိမ်းပိုက်ခွင့်ရအောင် လမ်းကြောင်းဖော်ပေးခဲ့တာ။ ဘာ အတွက်ကြောင့်လဲ။



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့ဘဝကို တန်ဖိုးမထားတာလား။

တန်ဖိုးမထားတာထက် သမီးရဲ့ဘဝကို တစ်စုံတစ်ရာနဲ့ အလဲ ထပ်လိုက်တာလား။

ဒါမှမဟုတ် ဒယ်ဒီ့ကို တုံ့ပြန်ချင်စိတ်နဲ့ ဆင့်ကို။

“ဟင့် ဟင့် ဟင့်”

## အခန်း (၃၁)

ငြိမ်သက်လှစွာသော ကန်ရေပြင်မှာ ရှုမောဖွယ်ကောင်းနေပါ သည်။

ထိုပြင် ကန်ရေပြင့်ကို ဖြတ်သွားသော လေပြည်ညင်းလေးများ တိုးတိုးစကားလေးများဆိုနေသလို ချိုနေသည်။

ထို့ကြောင့်ဟု ထင်ရသည်။

ဆင့် စိတ်ခံစားမှုက လေပြည်ညင်းကဲ့သို့ ပေါ့ပါးစွာ လွင့်မျော နေပါပြီ။

ဒါ့ပြင် ပန်းများ ရောင်စုံသောလုံးများဖြင့် ဆင့်မွေးနေ့ အထိမ်း အမှတ်အဖြစ် တန်ဆာဆင်ထားသော လှေလှလှကလေးမှာ ကန်ရေပြင်



www.burmeseclassic.com

www.burmeseclassic.com



ထက် လှုပ်ရှရှကလေးသွားနေလျှင် ဆင့်ရင်မှာ တသိမ့်သိမ့်ကြည်နူး ရစေသည်။

ထိုသို့ ကြည်နူးရအောင် ဘယ်သူက လုပ်ဆောင်နေတာလဲ။

ဟင် ဆင့်တစ်ဦးတည်း လှေဦးပိုင်းမှာ ထိုင်နေရာမှ ငဲ့ကြည့် လျှင် လှေပဲ့ပိုင်းမှာ လှော်တက်ကလေးကိုင်ပြီး လှေလှော်နေတဲ့ မောင်ရယ် လေ။

လှေကလေးလှော်နေတဲ့ မောင့်ကို မြင်လိုက်ရတော့ ဆင့်မျက်နှာ နုနုလေးမှာ ရှက်ရိပ်နှင့် ပန်းနုရောင်သန်း၏။

"ဆင့်လေး"

မောင်က ဆင့်မျက်နှာလေးကို တည့်တည့်စိုက်ကြည့်ရင်း ခေါ် တိုးတိုးလေးခေါ်နေသည်။

ထိုအခါ ဆင့်မျက်နှာလေး မထားတတ်အောင် ဖြစ်သွားတော့ ကန်ရေပြင်ဘက် မျက်နှာလေးလွှဲမိ၏။

"ဆင့်လေး မွေးနေ့အထိမ်းအမှတ် လုပ်ပေးမိတာ၊ ဆင့်လေး စိတ်ပျော်ရွှင်စေဖို့ပါ"

"ဟို ဆင့် ဆင့်လည်း ပျော်ပါတယ်။ အံ့သြလည်း အံ့သြပါ တယ်။ ဒါ ဒါကြောင့်ပါ။ ပြီးတော့ သဘောလည်း ကျပါတယ်။ ဒါကြောင့် ဒီလှေကလေးပေါ်မှာ ဆင့် ကျေကျေနပ်နပ်လေး လာပြီး ထိုင်နေမိတာ ပေါ့"





"အဲဒီအတွက် ကိုယ်လည်း ကျေနပ်ပါတယ်။ ဝမ်းလည်း သာပါ တယ်။ ဒါနဲ့ ဆင့်လေးကို တစ်ခုလောက်မေးချင်တယ်"

"မေးချင်တယ်"

"ဟုတ်တယ်"

"ဘာ ဘာမေးမှာလဲ"

ဆင့်စိတ်က လှေကလေးအောက်က ကန်ရေပြင်လို လှုပ်လှုပ်ရှရှ လေးဖြစ်လို့သွားသည်။

မောင်က လှေပဲ့ပိုင်းမှာထိုင်နေရာမှ လှော်တက်ကို လှေပေါ် အလျားလိုက်တင်သည်။

ပြီးတော့ ထိုင်ရာမှထကာ လှေအလယ်မှာထိုင်နေတဲ့ဆင့်ဆီ လျှောက်လာနေသည်။

ထိုအခါ လှေကလေးမှာ အိခနဲလှုပ်ခါသွား၏။

"အမေ့"

ဆင့် လန့်လန့်ဖျပ်ဖျပ်လေး ဖြစ်သွားသလို ဆင့်ကိုယ်လေး သည်း လှေနဲ့အတူ ယိမ်းလှုပ်ကာ ညာဘက် စောင်းကျသွား၏။

"ဆင့်လေး"

မောင်က စိုးရိမ်စိတ်ကလေးနှင့် ဆင့်ကို လှမ်းဖက်၏။

"အို"

ဆင့်ကိုယ်လုံးလေး မောင့်ရင်ခွင်ထဲ ရောက်သွားသလို



www.burmeseclassic.com

www.burmeseclassic.com



ဖက်တွေးရင်း ရှေ့ငြိမ်အောင် ထိုင်ချလိုက်တာ မောင်နဲ့အတူ။ ဆင့်သည် မောင့် ရင်ခွင်ထဲ လန့်ဖျပ်စိတ်ဖြင့် ငြိမ်သက်လျက်။ စိတ်လှုပ်ရှားမှု အသက်ရှူနေမိသည်။

"ဆင့်လေး"

ဆင့်ကိုယ်လေးကို လက်တစ်ဖက်နဲ့ ဖက်ထားရင်း ကျန်လက် တစ်ဖက်နှင့် ဆင့် ပခုံးလေးကို ဖွဖွလေး လှုပ်၍ မောင်ခေါ်နေပါသည်။

ဆင့် ပြန်ထူးလိုက်ဖို့ လှုပ်ရှားစိတ်နှင့် မလုံမလဲဖြစ်ကာ မောင့် ရင်ခွင်ထဲမှာ ရုန်းထွက်ဖို့ ကြိုးစားမိ၏။

"ဆင့် ဆင့်ကို မောင်ချစ်တယ်၊ မြတ်မြတ်နိုးနိုး ချစ်တယ် ဆင့်ရယ်။ ဒါကြောင့် ဆင့်လေး စိတ်ပျော်အောင် မောင် လှိုက်လှိုက်လှဲလှဲ စီစဉ်ခဲ့မိတာ။ ဆင့်လေး ကျေနပ်လားဟင်။ မောင့်အချစ်ကိုရော အင်း အမှတ်ပြုရဲ့လား။ ပြောပါ ဆင့်လေးရယ်"

"ဟင့်အင်း"

ဆင့်လေး ဘာမှမပြောတတ်တော့ပါ။ ရှက်လွန်းလို့ မောင့်ရင်ခွင် ထဲ ခေါင်းလေးထိုးဝှက်ကာ အသက်အောင့်လျက် ငြိမ်နေမိသည် အတန်ကြာ။

အပြင်မှာ လေပြည်လေး တေးသီနေသည်။

ကျေးငှက်ကလေးများက၊ တောင်ပံခတ်သံလေးဖြင့် ကောင်းချီး ပေးနေကြသည်။





ထိုအချိန်တွင် ကန်ရေပြင်ပေါ်မှာ လှေကလေး ငြိမ်သက်နေ သလို မောင့်ရင်ခွင်ထဲမှာ ဆင့် ငြိမ်သက်နေလိုက်သည်။

ထိုငြိမ်သက်မှုတွေထဲမှာ နီးစပ်နေတဲ့ မောင်နဲ့ဆင့်ရဲ့ ရင်ခုန် သိုင်းကလေးများမှာ ဓာတ်ဘောလုံးလေးများနှယ်။

ကောင်းကင်ပေါ်သို့ တလူလူလွင့်တက်လျက်။

ချစ်တယ်ဆိုတာ ဘယ်လိုခံစားမှုတွေနဲ့ ပျော်ဝင်စေတာမျိုးလဲ၊ ပြောပါ မောင်ရယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"လှိုင်ရယ် ကိုကို့ကို နားလည်ပေးပါကွာ"

"အို နားလည်မပေးနိုင်ပေါင်"

"အဲလောက်ထိ မစိမ်းကားပါနဲ့ လှိုင်ရယ်။ လှိုင့်ကို ကိုကို ဘယ်လောက်ချစ်လဲဆိုတာ လှိုင်သိရဲ့သားနဲ့"

"အို သိဘူး ဖယ်စမ်းပါ"

"ဟင့်အင်း၊ လှိုင့်ကို ကိုကိုချစ်တယ်"

"ကျွတ် အကဲထမနေနဲ့နော်"

"အကဲထတာမဟုတ်ဘူး လှိုင်ရဲ့ ချစ်တဲ့စိတ်က တားမရလို့ပါ"





"အိုး ကိုကိုနော်၊ လှိုင် စိတ်ဆိုးအောင်မလုပ်ပါနဲ့။ ဖယ်စမ်းပါ"

"ချစ်ခွင့်ပြုပါတော့ လှိုင်ရယ်။ အရင်လို ပြန်ချစ်ကြမယ်ကွာ။ ...နော် လှိုင် ချစ်ကြမယ်"

"အဲ ကျွတ်"

မာမီက ကြာမှုလေးနဲ့ ရှန်းလေ ထိုပုဂ္ဂိုလ်က မလွှတ်တမ်း ...က်လေနှင့် လုံးလုံးထွေးထွေး ဖြစ်နေပါသည်။ ထိုမြင်ကွင်းက ဆင့် ...ထဲမှာ ရင်ဆိုင်လို့မရအောင် ခါးသီးရှုရှာနေသည်။

ကျောက်ပွဲစားအလုပ်နဲ့ပတ်သက်ပြီး မာမီမှာ ယောကျ်ား ...တ်ဆွေတွေ များလှပေသည်။ သို့သော်လည်း တစ်ခါဖူးမှ ဒီလိုအပြု ...မူနဲ့ ဆင့် မကြုံဖူးပါ။

အထူးသဖြင့် မာမီ့အခန်းထဲထိ လွန်လွန်ကျူးကျူးရောက်နေတဲ့ ...လူကြီး။ မာမီကလည်း –

ဘုရား ဘုရား။

ဆင့် ကြားလည်း မကြားရဲပါ။ မြင်လည်း မမြင်လိုတော့ပါ။ ...ောက်ပြီး မာမီ့မှာ ခုလိုစရိုက်မျိုး ရှိနေတာကို ဆင့် ရှုံရှာနေမိသည်။

မာမီ့မှာ ဒီလိုစရိုက်ရှိနေလို့ ဆင့်ကိုလည်း ဦးသစ်နဲ့ တမင်တကာ ...တ်လမ်းချိတ်ပေးတာလေ။

မာမီ့မှာ အဲဒီစရိုက်မျိုးရှိနေနှင့်နေတာ ဆင့်တစ်သက် ဘာလို့ ...ိပ်မိရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဆင့်ကိုယ်တိုင် ရှက်နေသလို မာမီ့တို့အဖြစ်ကို ရှုံ့ရှာနေမိသည်။

ဒါပြင် နှလုံးသားမှာ မာမီ့ကို မိခင်တစ်ယောက်လို ချစ် တော့ပါ။ ဆင့်ဘဝလှလှလေးကို ကားတစ်စီးနဲ့ အလဲအလှယ် လုပ် မာမီ့စရိုက်ကို ဆင့် တကယ်ကို စက်ဆုပ်၏။

မာမီ့အရိပ်အောက်မှာ ဆင့် ခိုလှုံနေသမျှ ဆင့်ကို မာမီ ဘယ် စီရင်ဦးမလဲဆိုတာ ဆင့် မတွေးရဲတော့ပါ။

ဒါကြောင့် ဆင့် အိပ်ရာပေါ်မှ ငေါက်ခနဲထ၏။

ညအိပ်မီးအလင်းမှိန်မှိန်အောက်မှာ ဆင့် တစ်စုံတစ်ခုကို ရှာနေမိသည်။ ဟော တွေ့ပြီ။

မှန်တင်ခုံဆွဲအံထဲမှာ ယှဉ်တွဲလျက်ရှိနေသည့် မောင့်ဖု ဦးသစ်ရဲ့ကားသော့။

မောင့်ဟန်းဖုန်းလေးကို မြတ်မြတ်နိုးနိုး ဆင့် ကောက်ကိုင်လို ၏။ ထို့နောက် အခန်းတံခါးကို အသံမမြည်အောင် ဖွဖွလေးဖွင့်၏

မာမီ့အခန်းထဲက ကျူသံတွေ၊ မြူသံတွေကို ဆင့်မကြားလိုတာ နားကိုပါဖိပိတ်၏။

ပြီးတော့ အသက်အောင့်ထားပြီး ခြေလှမ်းတစ်လှမ်းချင်း လှ ကာ ညေ့ခန်းဘက်လျှောက်ထွက်ခဲ့သည်။ မှန်ပီရိုထဲထည့်ထားတဲ့ တိုက်ခ တံခါးသော့ကို ဖွဖွလေးလှမ်းယူပြီး အသံမထွက်အောင် တံခါးသော့ဖွင့်





"ဒုတ်"

"ဘုရား ဘုရား"

သော့အိမ်က အရေးထဲ လွတ်ကျပြန်သည်။ မာမီကြားသွားရင် တ်ရချေရဲ့။ ဘုရားတပြီး သော့အိမ်ကို ပြန်ကောက်ကာ ငြိမ်ပြီး နား ထောင်နေလိုက်သည်။

မာမီက ထိုလူကြီးရဲ့စကားလုံးတွေနောက်မှာ မျောပါနေဟန် သည်။ မာမီ့အခန်းတံခါးဖွင့်သံ၊ ညေ့ခန်းဘက် လျှောက်လာသံတို့ ကြားပါ။

ထိုအခါ တိုက်ခန်းတံခါးကို ကမန်းကတန်းဖွင့်ပြီး ပြန်ပိတ်ကာ သော့ခတ်၏။ သော့တွဲလေးကို ညေ့ခန်းအလယ်ရှိ ဆိုဖာပေါ်ရောက်အောင် အသက်အောင့်၍ ပစ်တင်လိုက်၏။

"အို့"

ဆိုဖာနဲ့သော့တွဲ ထိတွေ့သံနောက်မှာ ဆင့်ရင်ထဲမှာ အာမေဋိတ် သံလေး ခုန်ထွက်၏။

"အရှင်ဘုရား။ ဆင့်ကို မာမီ့စရိုက်အောက်က လွတ်မြောက်ပေး ါ"

ဆင့်ရင်ထဲ အသည်းထဲက လှိုက်လှိုက်လှဲလှဲ ဆုတောင်းကာ ာမီ့တိုက်ခန်းနဲ့ဝေးရာဆီ ဦးတည်ခဲ့၏။

လမ်းပေါ်ရောက်တော့ ဘယ်သွားလို့ ဘယ်လာရကောင်းမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိပါ။ စိတ်လှုပ်ရှားနေသလို ကြောက်စိတ်တို့လည်း ဖြစ်နေပါပြီ။

လမ်းပေါ်မှာ တက္ကစီကားတွေ ဖြန်သန်းသွားလာနေတာသိ မယ့် ဆင့်လက်မတားရဲပါ။

တစ်ယောက်တည်း လျှောက်သွားနေလို့ အန္တရာယ်နဲ့ကြုံ လည်း စိုးရိမ်ထိတ်လန့်နေသည်။

လူသူကင်းမဲ့နေတဲ့ ဘတ်စ်ကားမှတ်တိုင်မှာ ဆင့်တစ်ယော တည်း ရပ်ရင်း ရင်အခုန်မြန်နေသည်။

ခုချိန်မှာ ဆင့်အတွက် တစ်ယောက်ယောက် လို၏။ ထို ယောက်က သူငယ်ချင်းဖြစ်ဖြစ် မောင်ဖြစ်ဖြစ်။

ဟုတ်တယ်။

ဆင့် လိုအပ်နေတယ်။ ဒါကြောင့် ဆုပ်ကိုင်ထားတဲ့ မောင့်လ ကိုင်ဖုန်းနဲ့ ပန်းရိပ်ကို ဦးဆုံးခေါ်မိသည်။

ပန်းရိပ်ဖုန်းက စက်ပိတ်ထားသည်ဟု အကြောင်းပြန်လျှ စုစု ဖုန်းကိုခေါ်၏။ စုစု ဖုန်းက ခေါ်ဆို၍မရပါတဲ့။ ဒါနဲ့ ဘရဏီဖုန်း ဘရဏီဖုန်းက ဝင်သော်လည်း မကိုင်။

ထိုအခါ တွယ်တာနိုင်ကို ခေါ်ပြန်သည်။

တွယ်တာနိုင့်ဖုန်းက ဧရိယာပြင်ပတဲ့။

အို အရေးကြီးက ဘယ်ဖုန်းမှ ခေါ်လို့မရတော့ ဆင့် ပို၍ စိုးရိမ်လာသည်။





ထိုစဉ် ဆင့်နားမှာ ကားတစ်စီးလာရပ်၏။

ညအချိန်မတော် ဘတ်စ်ကားမှတ်တိုင်မှာ တစ်ယောက်တည်း နေတဲ့သူမကို ဘယ်လိုထင်နေသည် မသိပါ။

ကားမောင်းသူနေရာမှ နှုတ်ခမ်းမွေးစစနဲ့ပုဂ္ဂိုလ်က –

"ညီမလေး ဘာကူညီရမလဲတဲ့"

"ဟင့်အင်း ကျွန်မ အကူညီမလိုဘူး"

ဆင့် ဣန္ဒြေမပျက်ပြောရင်း မောင့်ဖုန်းကို လှမ်းခေါ်လိုက်၏။ ားပေါ်က ထိုပုဂ္ဂိုလ်က ကားတံခါးဖွင့်ပြီးဆင်းလာလျှင် ဆင့် ကြောက် ိတ်ကလေးဝင်ကာ ခြေလှမ်းနောက်ဆုတ်ရင်း မောင့်ကို အမြန်လာဖို့ ခေါ်မိသွားသည်။

ထိုလူက ဆင့်အနားတိုးကပ်၍ –

"ညီမလေး ကိုယ်လိုက်ပို့ပေးမယ်"

"ရဲစခန်းပို့ပေးမလား"

ဆင့် အရဲစွန့်ပြီးပြောလိုက်လျှင် ထိုလူမျက်နှာ အရောင်ပြောင်း သွား၏။ ဆင့် မာန်ကိုယ့်ဖို့ ဟန်ပြင်၍ –

"ရှေ့လမ်းထိပ်မှာ ရဲစခန်းရှိတယ်။ ဟိုမှာတွေ့လား ကင်းလှည့် နေတဲ့ ရဲသားတွေ"

ဆင့်က ဆင့်ရောက်နေတဲ့ ပတ်ဝန်းကျင်ကိုသိတယ်လေ။ ါကြောင့် ရဲစခန်းဘက် လက်ညှိုးထိုးရင်း ပြောလိုက်တော့ ထိုလူ ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ကားပေါ်ရောက်သွားချေ။ ဒီနားမှာ ရဲခန်းရှိသလို ကင်းလှည့်နေေ ရဲသားအုပ်စုကိုလည်း တွေ့တော့ ထိုပုဂ္ဂိုလ် ကားမောင်း၍ ထွက်သွာ လေသည်။

ဒီတော့မှ ဆင့် အသက်ရှူနိုင်တော့သည်။

"မောင်ရေ မြန်မြန်လာပါနော်၊ ဆင့်ကြောက်နေတယ်"

မောင့်ကို ကမန်းကတန်း ဖုန်းခေါ်ပြောပြန်သည်။

"စိတ်ချ ဆင့်လေး။ မောင် သိရိမင်္ဂလာဈေးမှာ ခြံထွက်ပစ္စည်း တွေ လာသွင်းနေတာ။ ဆင့်လေး ဖုန်းဆက်ကတည်းက ဈေးထဲ ထွက်ခဲ့ပြီ ဆင့်လေးဆီ ဆယ်မိနစ်အတွင်း မောင် ရောက်စေရမယ် စိတ်ချ ဆင့်လေး"

ဆယ်မိနစ်တဲ့။

ဖြစ်နိုင်ရင် မျက်စိတစ်မှိတ်ကို ဆယ်မိနစ် ဖြစ်စေချင်တော့ ကယ်ပါ မောင်။

✿ ✿ ✿



## အခန်း (၃၃)

"ဒင်"

"ဒင်"

"ဒင်"

ဆယ်ချက်တိတိမြည်နေသောနာရီသံကြောင့် ဒေါ်ဖူလိုင်ပွင့် နိုး သည်။ နာရီသံဆယ်ချက်တိတိဆိုတော့ ဆယ်နာရီထိုးပြီးပေါ့။

ဘုရားရေ။

မနက်ဆယ်နာရီတောင် ထိုးပါပကော။

ဒေါ်ဖူလိုင်ပွင့် မွေ့ရာပေါ်မှ ကမန်းကတန်း ရုန်းထမိ၏။ ကြည့် ဒီအချိန်ထိ တစ်ခါမှ သူမ အိပ်မပျော်ဖူးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါမှ ထူးထူးခြားခြား အိပ်ပျော်သွားတာ ဘာကြောင့်
ထိုအတွေးလေးနောက်မှာ ဒေါ်ဖူလှိုင်ပွင့် မျက်လုံးလေးမှိုင်းသွား

သူမကိုယ်လည်း သူမငုံ့ကြည့်မိလျှင် ကိုယ်ပေါ်မှ အဝတ်အ
တို့ ဖရိုဖရဲဖြစ်နေတာ မြင်ရတော့ အလိုလိုနေရင်း ရှက်သွေးဖြာ

ဒါ့ပြင် သင်းမွှေးမွှေးကျန်ရစ်ခဲ့သော ကိုကို့ကိုယ်မှ ရေ
ကြောင့် ရင်ထဲမှာ ကြည်နူးသွားသလို ကိုကို ခေါင်းချခဲ့သည့် သူမ
နေရာလေးကို ကြည့်ရင်း ဆယ်ကျော်သက်တုန်းကလို ရင်ဖိုနေသ

ညအချိန်မတော် ရောက်လာတဲ့ကိုကို။

ငြင်းဆန်မောင်းထုတ်လို့လည်းမရဖြစ်ကာ ဖွတ်အတင်း
တိုးဝင်တော့ ဒေါ်ဖူလှိုင်ပွင့်၏ တင်းမာမှုတွေ တစ်ရစ်ချင်း ပျော်ဆင်း
၏။

ကိုကို သိပ်ဆိုးတာပဲ။

ကိုကို့ကြောင့် ထိုညကလေးမှာ သူမ အိပ်ရေးပျက်ခဲ့ပြီ။ ဒါ
မက သူမကို နှုတ်မဆက်ပဲ ထွက်သွားပြန်သည်။

နေနှင့်ဦးပေါ့ ကိုကို။

နောက်တစ်ခါလာကြည့် လှိုင့်အကြောင်း သိစေရမယ်။ လှိုင်
ပျော့ရင်ဖယောင်း မာရင်သံချောင်း။

ဒါတွေကို ကိုကို သိပါတယ်လေ။

"တီ တီ တီ"





ဒေါ်ဖူလှိုင်ပွင့် တစ်ကိုယ်တည်းရေရွတ်လို့မဆုံးခင် ဖုန်းမြည်သံ
သေး ကြားရ၏။ ကိုကိုခေါ်သလားဆိုတဲ့အသိနဲ့ စိတ်လှုပ်ရှားစွာ ဖုန်းဖွင့်
ကြည့်တော့ ရာဇသစ်ရယ်လေ။

ရာဇသစ်ဆိုကာမှ ဒေါ်ဖူလှိုင်ပွင့် သတိရ၏။

သမီး ဒီနေ့ ကျောင်းစတက်ရမှာလေ။

ဟုတ်ပ။

ဒေါ်ဖူလှိုင်ပွင့် ကမန်းကတန်း ဖုန်းနားထောင်လိုက်သည်။

"မမလှိုင်"

"ပြော ပြော မောင်သစ်"

"စိမ်းလေး ကျောင်းသွားပြီးလား"

"သွား သွားပြီထင်တာပဲ။ နေဦး မမလှိုင် သမီးအခန်း ဝင်ကြည့်
ဦးမယ်။ ပြီးမှ မောင်ရာဇကို ပြန်ပြောမယ်။ အိုကေနော် မောင်သစ်"

"ဟုတ် မမလှိုင်"

ဒေါ်ဖူလှိုင်ပွင့် ဖုန်းပြန်ပိတ်၏။ ထို့နောက် ပြေကျနေတဲ့ဆံပင်
တွေကို ကလစ်ကြီးနဲ့ ဆွဲညှပ်ကာ အိပ်ရာပေါ်က ဆင်းလေသည်။

"သမီးလေး"

ကိုယ်ပေါ်က အဝတ်အစားတွေကို ဒေါ်ဖူလှိုင်ပွင့် ဆွဲဆန့်ရင်း
သမီးဖြစ်သူကို ခေါ်လျက် အိပ်ခန်းထဲက ထွက်ခဲ့သည်။

"ဟင်"



www.burmeseclassic.com

သမီးအခန်းက ဟင်းလင်းပွင့်လျက်။

ဒေါ်ဖူလှိုင်ပွင့် မျက်လုံးလေး ပြူးသွား၏။

"သမီး ဆင့်လေး"

ဒေါ်ဖူလှိုင်ပွင့် ထပ်ဆင့်ခေါ်ဆိုရင်း အိပ်ခန်းထဲ တန်းဝင်ပြီး ရှာဖွေကြည့်၏။ သမီးလေးရဲ့ အရိပ်အယောင်ကို မမြင်တော့ ရင်မှာ ထိတ်ခနဲ ဖြစ်၏။

ဒါ့ပြင် ရင်ထဲမှာလည်း မလုံမလဲဖြစ်၏။

သူမနဲ့ကိုကို့ဖြစ်စဉ်ကို သမီးလေး သိသွားလို့လား။ ဟင့်အင်း မသိနိုင်ပါဘူး။ ကိုကိုရောက်ချလာတာ ညဥ့်အတော်နက်နေပြီ။ သမီးလေးလည်း အိပ်ပျော်နေတာလေ။

အိုး မသိနိုင်ပါဘူး။

ဒေါ်ဖူလှိုင်ပွင့် ခေါင်းလေးအသာရမ်းရင်း ထမင်းစားခန်းဘက် ချောင်းကြည့်ပြန်သည်။

"သမီး"

ထမင်းစားခန်းမှာလည်း မတွေ့ရတော့ စိတ်ထဲမှာ ထင့်မိပြန်သည်။

"ကျောင်းသွားပြီလား"

ထိုအတွေးနဲ့ သမီးအခန်းထဲ ပြန်ဝင်ပြီးကြည့်၏။ အဝတ်အစား လဲပြီးထားတဲ့ ပုံစံလည်း မတွေ့ရပါ။





မှန်တင်ခုံနားသွားကြည့်တော့ ပွင့်နေတဲ့ ဆွဲအံ့ထဲမှာ ကားသော့ ရှိနှင့်နေသည်။

ဒါဆို သမီးလေးက ကားယူမသွားဘူးပေါ့။

မအေ ဒီလောက်ပြောဆိုထားလျက်နဲ့။

နေနှင့်ဦး။

ဒေါ်ဖူလှိုင်ပွင့် သမီးဖုန်းကို ချက်ချင်းပဲ ခေါ်မိ၏။ ဖုန်းမြည်သံ ထွက်လာတာက အလှပြင်ပစ္စည်း ထည့်ထားတဲ့ ဆွဲအံ့ထဲကအသံ။

ထိုဆွဲအံ့ကို ဖွင့်ကြည့်လိုက်တော့ သမီးကိုင်ဖို့ ရာဇသစ် ပေးထားတဲ့ ဖုန်းက ထိုဆွဲအံ့ထဲမှာ။

ကျွတ်။

ဖုန်းလည်း ယူမသွားဘူး။ ကားလည်း ယူမသွားဘူး။

ဒါ သူမကို သက်သက်မဲ့ ဂျစ်တိုက်တာပဲ။ တွေ့မယ် သမီး။ ပြန်လာပါစေ မာမီနဲ့ အတွေ့ပဲ မိဆင့်။

✿ ✿ ✿

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"စောင့်ကြည့်ပါဦး ပန်းရိပ်ရယ်"

"စောင့်ကြည့်နေတာ ဘယ်လောက်ကြာပြီလဲလို့"

"ဟုတ်သားပဲ စုစုကလည်း"

ပန်းရိပ် စိတ်လောနေတာကို စုစုက စောင့်ကြည့်ဖို့ပြော… တွယ်တာနိုင်က ပန်းရိပ်ဘက်က ဝင်ပြောသလို ဘရဏီကလည်း ပြော… သည်။

"မနက်ကိုးနာရီ ဆုံကြမယ်ဆိုတာ ခု ဘယ်နှစ်နာရီရှိလဲ ကြည့်ပါဦးလား"

"ဟုတ်ပါ့၊ ဆယ့်တစ်နာရီတောင် ထိုးနေပြီ"





ပန်းရိပ်ပြောရင်း လက်ကိုင်ဖုန်း ဖွင့်လေသည်။

"အဲဒါဆိုလည်း ဖုန်းခေါ်ကြည့်လေ ပန်းရိပ်"

"ခေါ်ရမှာပေါ့"

ပန်းရိပ် ပြောဆိုရင်း ဖုန်းခေါ်လိုက်၏။ ဖုန်းဝင်သည်နှင့် ထူးသံကြားရ၏။

"ဟယ်လို"

အန်တီ့အသံမို့ ပန်းရိပ် ကမန်းကတန်း မေးလိုက်သည်။

"အန်တီရေ ဆင့်နဲ့ပြောချင်လို့"

"ဟင် သမီးနဲ့ပြောမလို့"

"ဟုတ်တယ် အန်တီ၊ ဆင့်ကိုခေါ်ပေးပါ"

"ဟဲ့ မိဆင့် ကျောင်းသွားပြီးမဟုတ်လား။ ပန်းရိပ်တို့နဲ့ မဆုံဘူးလား"

"ဟင့်အင်း ပန်းရိပ်တို့စောင့်နေတာ ကိုးနာရီကတည်းက"

"အလိုလေ သမီးမရှိဘူး ပန်းရိပ်ရဲ့။ အန်တီက သမီးမိဆင့် ကျောင်းသွားပြီးထင်နေတာ။ အခု ပန်းရိပ်တို့နဲ့မရှိဘူး ဟုတ်လား။ တကယ်သား"

ဒေါ်ဖူလှိုင်ပွင့် မယုံချင်စွာမေးလိုက်သည်။ ပန်းရိပ်ကလည်း စိုးရိမ်စိတ်ကလေးဖြင့် ခေါင်းလေးညိတ်၍ ပြောရှာသည်။

"တကယ်ပါ အန်တီလှိုင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို သမီးလေး ဘယ်မှာလဲကွယ်။ သမီးလေး ဘယ်သွား တာလဲ။ ရှာပေးပါပန်းရိုပ်ရယ်"

"ဟုတ်ကဲ့ အန်တီ"

ပန်းရိုပ် ဖုန်းပြန်ပိတ်၍ သူငယ်ချင်းတွေပြောခဲ၏။

"ဆင့် မရှိဘူးတဲ့၊ အန်တီလည်း စိတ်ပူနေပုံပဲ"

"ဟဲ့ ဟုတ်ကော ဟုတ်ရဲ့လား"

"အို ဟုတ်ပါတယ်လို့ ဆိုနေမှပဲ။ ဘုရားကြီးက တစ်မှောင့်"

"နေပါဦး။ ဆင့်က စုစုတို့နဲ့ ကျောင်းတက်ဖို့ ချိန်းထားလျက် ဘယ်သွားတာလဲ"

"မသိလို့ပေါ့ စုစုရဲ့"

"အဲဒါဆို ပန်းရိုပ်၊ ရှင့်ကိုကိုကို ဆက်ကြည့်ဦး"

"ဘာဆိုင်လို့လဲ တွယ်တာနိုင်ရယ်"

"ဟဲ့ ရှင့်ကိုကိုက ဆင့်ကို ကြွေနေတာလေ။ ရှင့်ကိုကိုနဲ့ဆ ငြိနေရင်ကော"

"အို မဖြစ်နိုင်တာ။ ကိုကိုနဲ့က ဘာမှဖြစ်ကြသေးတာ မဟုတ်ဘူး တစ်ခုခုဆိုရင် ဆင့်ကို မပြောဘဲနေမလား။ ကိုကိုလည်း ပန်းရိုပ်ကို မပြောဘဲ နေမှာမဟုတ်ဘူး။ ပန်းရိုပ် သိတယ်"

"ဟုတ်သားပဲ ဘုရားကြီး။ ကိုကိုက ပွင့်လင်းတယ်။ ပန်းရိုပ်ကို မပြောဘဲနေမှာ မဟုတ်ဘူး"





"အဲဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ကျွတ် ဆင့်ရယ် ရှင်ဘယ်မှာလဲ။ အဲသလိုပဲ အော်မေးလိုက်ချင်တော့မယ် တကယ်ကွယ်"

ပန်းရိုပ် ပြောဆိုရင်း ခုံတန်းမှာ ထိုင်နေရာမှ ထလေသည်။ သူငယ်ချင်းတွေလည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း မေးခွန်းတွေမေးနေကြသည်။

ထိုစဉ် စုစုက တစ်ခုခုကို တွေးမိဟန်ဖြင့် ဝေါခနဲ ပြောချ၏။

"ဦးသစ်"

"ဟင် ဦးသစ် ဦးသစ် ဘာဖြစ်လဲ စုစုရဲ့"

"မဟုတ်မှလွဲရော ဦးသစ် ဆင့်ကို ညာပြီး တစ်နေရာရာကို ခေါ်သွားတာမျိုးဆိုရင်ကော"

"ဟင်"

စုစုပြောစကားနောက်မှာ သူငယ်ချင်းအားလုံး မျက်လုံးပြူးကျန်သည်။

"ဘုရား ဘုရား"

ပန်းရိုပ် ရင်ဘတ်ဖိရင်း ဘုရားတလိုက်သည်။ စုစုပြောတာ ဖြစ်နိုင်ခြေများနေမင့်သည် မဟုတ်လား။

"တကယ်သာဆိုရင် သွားပြီ။ ဟင့်အင်း ဆင့်ကို ဦးသစ်လက်ထဲ အပါမခံနိုင်ဘူး။ ဆင့်နဲ့ပန်းရိုပ်တို့ သေချာချိန်းပြီးသား။ ဒီနေ့ ဆင့်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစတက်ရမှာ ဦးသစ် သိနေတယ်။ အဲဒီတော့ ဦးသစ်က ကျောင်း လိုက်ပို့မယ် ဘာညာပြောပြီး ဆင့်ကို တစ်နေရာရာဆီ ခေါ်သွားတာပဲ ဖြစ်မယ်။ သေချာတယ်''

''ကဲ ဦးသစ်ခေါ်သွားတာဆိုရင်''

''ဟင့်အင်း၊ လာ ဦးသစ်နောက် လိုက်သွားကြအောင်လား ဒီလူကြီးကို ပန်းရိပ် လုံးဝမယုံဘူး။ တကယ်ဟုတ်နေရင် ဆင့်ဘက်က ပန်းရိပ်တို့ ရင်ဆိုင်မယ်။ လာ ဦးသစ်နောက် ခြေရာခံလိုက်ရအောင်''

''ကောင်းတယ် လာကြ။ မြန်မြန်သွားကြမယ်''

သူငယ်ချင်းအားလုံး ဆင့်အတွက် စိုးရိမ်စိတ်လွန်ကဲနေပြ သည်။ ထို့ကြောင့် ဘရဏီကားနဲ့ သူငယ်ချင်းတွေ စုပြုံ၍ လိုက်ကြလေ သည်။

ဆင့်ရေ။

အားမငယ်နဲ့ သူငယ်ချင်း။

ဆင့်ဘက်က ပန်းရိပ်တို့ ရပ်တည်ပါ့မယ်။

✿ ✿ ✿



## အခန်း (၃၅)

''ဆင့်ကို လက်ထပ်ဝံ့လားဟင်''

''ဆင့်လေးရယ်''

ဆင့်လေးမေးလျှင် သူ့ရင်မှာ လှိုက်လှိုက်လှဲလှဲ ဝမ်းသာသွား သလို ရွှံ့စိတ်လေးနဲ့ သိမ်ငယ်နေသော ဆင့်လေးမျက်နှာနွမ်းလေးကြောင့် သည်း စိတ်မကောင်းဖြစ်ရလေသည်။

ဒါကြောင့် –

ဖြူနုသွယ်လှသော ဆင့်လက်ချောင်းကလေးများကို ဆုပ်ကိုင်၍ ယုတယ အားပေးမိ၏။

''မောင်''



www.burmeseclassic.com

www.burmeseclassic.com



ဆင့် အားကိုးတကြီးခေါ်၍ မောင့်မျက်နှာလေးကို မော့ကြည့်မိသည်။

မောင့်မျက်နှာသွယ်လေးမှာ ကြည်ရွှင်နေသော်လည်း ဆင့်ရင်ထဲမှာ မလုံပါ။ ဒီလိုမေးခွန်းမျိုး မေးဖြစ်သွားတဲ့ ဆင့်ကိုယ်ဆင့်လည်း အံ့ဩလို့နေသည်။

ရွှန်းဝင့်သောမျက်လုံးဝိုင်းဖြင့် စိုက်ကြည့်နေတဲ့ မောင်က ဆင့်မေးဖျားလေးကို အသာဆွဲယူ၍ –

“ဆင့်ရယ် ဆင့်ကို မောင်က စတွေ့ကတည်းက မောင့်အ... လက်တွဲဖော်အဖြစ် မြတ်မြတ်နိုးနိုး ခံစားခဲ့ပြီးသား။ ဒါကြောင့် ဆင့်လေးကို ချစ်မိတာ တန်ဖိုးထားတဲ့စိတ်နဲ့ပါ။ ဆင့်လေးနဲ့ ဆုံရတဲ့ကံကြမ္မာ ကျေးဇူးတင်ပါတယ်။ ဒါကြောင့် မောင့်ဘက်က၊ ဆင့်လေးအတွက် အ... အရာရာ ကြိုတင်ပြင်ဆင်ပြီးနေခဲ့တယ်။ ဆင့်လေး မွေးနေ့အကြို အယ်... အမှတ်ပြီးကတည်းက မောင်နေတဲ့တဲအိမ်လေးကိုဖျက်ပြီး တိုက်ပုလေးဆောက်ဖို့ စီစဉ်ခဲ့တာ။ ခုဆို အုတ်မြစ်တောင်ချပြီးပြီ”

“တ တကယ်”

“တကယ်ပေါ့ ဆင့်ရယ်။ မောင်က ဆင့်လေး အံ့ဩသွားအောင် တိုက်ပုလေးပြီးသွားရင် ပန်းရိုပ်တို့နဲ့ ဆင့်လေး လာလည်ဖို့ ဖိတ်မယ် ပြီးတော့ ဆင့်လေးနေဖို့ ဖွဲ့ထားတဲ့အခန်းလေးကိုလည်း ပြမယ်ပေါ့ အခု တိုက်ပုလေး မပြီးသေးတော့”





“အို မောင်ရယ်”

“ဘာပဲဖြစ်ဖြစ် ဆင့်လေး မောင့်ကိုချစ်တယ်။ မောင့်ဘဝထဲ ...ယ်ဝင်ရဲတယ်ဆိုရင် မောင့်ဘက်က ဆင့်လေးကို လက်မထပ်ဝံ့စရာ ...အကြောင်းမှမရှိဘူး။ ဒါကြောင့် လက်ထပ်ဝံ့လားလို့ မမေးပါနဲ့ ဆင့် ...နော်”

“ဒါ ဒါဆို”

“လက်ထပ်ဝံ့ရုံမကဘူး။ တစ်သက်လုံး ဟောဟို မြတ်မြတ်နိုးနိုး ...ထားခွင့်ရချင်တယ် ဆင့်လေးရယ်”

“အို”

ပြောဆိုတဲ့အတိုင်း ဆင့်ကိုယ်လေးကို မောင် တကယ် သိမ်းပွေ့ ...လိုက်လျှင် ဆင့်နှလုံးသားမှာ အနွေးလှိုင်းတို့ စိမ့်ဝင်သွား၏။ ဒါ့ပြင် ...ခြင်းဖြင့် ဖွဲ့တည်သော ခွန်အားသစ်တို့လည်း တိုးပွားလာသလို ...ခုလေသည်။

“တကယ်ပါ ဆင့်လေးရယ်၊ ဒါကြောင့် ဆင့်လေးခေါ်တဲ့အချိန် ...င် ချက်ချင်းလာခဲ့တာလေ။ ဈေးထဲမှာ ဒိုင်သွင်းမယ့် ခြံထွက်ပစ္စည်း ... ဒီအတိုင်းပုံချပြီး ပြေးလာခဲ့တာလေ”

“အဲဒါဆို မောင့်ခြံထွက်ပစ္စည်းတွေ ပျောက်ကုန်မှာပေါ့”

“မပျောက်ပါဘူး။ စိတ်ချရတဲ့ ဟင်းရွက်ဒိုင်မှာ မောင်အပ်ခဲ့ ...။ အဲဒီဒိုင်က အဆင်ပြေအောင်လုပ်ပေးလိမ့်မယ်။ ဒါနဲ့ဆင့်လေး”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟင်"

"ဆင့်လေး အခု မောင်နဲ့တကယ်လိုက်မှာနော်"

"ဘယ်သူက မလိုက်ဘူး ပြောလို့လဲ"

"အိုကေ၊ အဲဒါဆို လာ သွားစို့"

"ဘယ်ကိုသွားကြမှာလဲဟင်"

"လုံခြုံစိတ်ချရတဲ့နေရာလေ"

"ဒါပေမဲ့ မာမီတို့ သိသွားမှာကြောက်တယ်"

"စိတ်ချပါ ချစ်ရယ်။ ဘယ်သူမှမသိအောင် မောင် စီစဉ်ပြီး ခုချက်ချင်း ပဲခူးဆင်းကြမယ်"

"ပဲခူး ဟုတ်လား"

မောင်က လေးလေးနက်နက် ခေါင်းလေးညိတ်၍ ပြောရှာ

"ဟုတ်တယ်၊ ပဲခူးမှာ မောင့်ခြံတစ်ခြံရှိတယ်။ အဲဒီကိုသွား မယ်"

"ဒီအချိန်ကြီး"

"ည ဈေးကားတွေရှိတယ်။ လာ ဒီအချိန် ဈေးကား ပဲခူးဆင်းချိန်လေ။ လာ ဆင့်လေး မိုးမလင်းခင် ပဲခူးရောက် အရေးကြီးတယ်"

"ဟုတ်"

မောင် ဆွဲခေါ်တဲ့အတိုင်း ဆင့် ပါတော်မူလေပြီ။





ခုချိန်မှာ ဆင့်ဘဝ၊ ဆင့်နှလုံးသားကို မောင့်ရင်ခွင်၌ ထာဝရ နှိမ့်လိုက်ဖို့ ဆင့်ဘက်က ဆုံးဖြတ်ပြီးနှင့်ပြီ။

ထိုဆုံးဖြတ်ချက်က ဆင့်ဘဝကို ဘယ်အခြေအနေဖြစ်တည်စေ သဲ

ထိုစဉ်က ဆင့် မစဉ်းစားမိပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"ဟောတော်"

ပန်းရိုပ်တို့ သူငယ်ချင်းတစ်စု ပါးစပ်အဟောင်းသား ဖြစ်ကြ
သည်။ ပန်းရိုပ်တို့က ဦးသစ်နောက် နောက်ယောင်ခံလိုက်ကြခြင်း
ခုတော့ ဦးသစ်နဲ့အန်တီ။ ပြီးတော့ အန်တီ့အရွယ် အမျိုး
ကြီးတစ်ဦးက ပန်းရိုပ်တို့နောက် လိုက်လာသည်။

ဒါ့ပြင် အန်တီက ပန်းရိုပ်တို့ကို မြင်တာနဲ့ စွပ်စွပ်စွဲစွဲမေး
သည်။

"မိဆင့် ဘယ်မှာလဲ၊ မိဆင့်ကို မြှောက်ပင့်ပေးပြီး ရှောင်
ထားတာမဟုတ်လား"





"အိုး အန်တီ အရမ်းကာရော မစွပ်စွဲပါနဲ့"

"စွပ်စွဲနေတာ မဟုတ်ဘူး။ မေးနေတာ။ အန်တီမေးတာကို
ဖြေမ်းပါ။ မိဆင့် ဘယ်မှာလဲ"

"စုစုတို့ မသိဘူး အန်တီ"

စုစုက သည်းမခံနိုင်စွာ ပြန်ပြော၏။ တကယ်လည်း စုစုတို့
မသိဘူးလေ။ မသိတာကို မသိဘူးလို့ ပြောနေတာကို ဒေါ်ဇူလိုင်ပွင့်
ခြ လက်မခံနိုင် ဖြစ်လေသည်။

"ဒီမှာ အဲလို မသိဘူးငြင်းနေတာက မိဆင့်ဘက်က ကာကွယ်
နေတာ။ အဲလိုကာကွယ်နေတာက မိဆင့်အတွက် အဆိုးဆုံးပဲ။ အန်တီ
ရှင်းရှင်းပဲပြောမယ်၊ မသိဘူးငြင်းနေရင် အခုချက်ချင်း ဒင်းတို့မိဘတွေနဲ့
တိုင်ရမယ်။ အန်တီ့သမီး ပျောက်ဆုံးမှုအတွက် ဒင်းတို့မိဘတွေ တာဝန်ယူ
ပေးရမယ်"

"မဆိုင်လိုက်တာ အန်တီရာ"

တွယ်တာနိုင်က အံတကြိတ်ကြိတ်နဲ့ပြောချ၏။ ဒေါ်ဇူလိုင်ပွင့်
ချက်နာထားနဲ့ ရယ်မောရင်း –

"ဆိုင်မဆိုင် သိရမယ်လေ။ ဘရဏီတို့အားလုံးရဲ့မိဘတွေကို
အန်တီဖွင့်ပြောမယ်။ အဲဒီအတွက် ဒင်းတို့လေးယောက်စလုံး အန်တီ့
ရက်စီရှေ့ကနေ ဘယ်မှမသွားကြနဲ့"

"အန်တီ အဓိပ္ပာယ်မရှိတာတွေ ပြောမနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပန်းရိပ် ဒေါသနှင့်ပြောကာ ရှောင်ဖယ်သွားဖို့ ကြိုးစား၏။ ကျန်သူငယ်ချင်းတွေလည်း ထိုနည်းတူစွာ။

သို့သော်လည်း စုစုတို့ရှောင်ဖယ်လို့မရအောင် အန်တီနဲ့အတူ ဦးသစ်နဲ့ ဟိုလူကြီးကာဆီး၍ –

"အန်ကယ်တို့ အကူအညီတောင်းနေတာပါ။ သမီးတို့ ကူညီပေးပါ။ သမီးတို့ကူညီမှ သမီးလေးကို ရှာတွေ့မှာမို့ပါ"

ထိုလူကြီးပြောလျှင် ပန်းရိပ်မျက်နှာလေးမော့၍ –

"ပန်းရိပ်တို့ တကယ်မသိလို့ မသိဘူးပြောနေတာပါ အန်ကယ်"

"မသိတာမှန်ရင် သိရအောင် ကိုယ်တို့နဲ့ပူးပေါင်းပြီး ဝိုင်းရှာရပါတယ်။ ဒါကြောင့် အကူအညီတောင်းနေတာပါ"

ဦးသစ်က စိမ်းလေးကို တွေ့ချင်ဇောကပ်လျက် ပန်းရိပ်တို့ အားလုံးကို ကြည့်ရင်း ပြောချလိုက်သည်။

ပန်းရိပ်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြသည်။ ဘာကိုမှ ဝေခွဲမရဖြစ်ကာ –

"ဟုတ်တယ်လေ။ ညည်းလေးတို့ တကယ်မသိဘူးဆိုရင် အန်တီနဲ့အတူ လိုက်ရှာပေးရမယ်လေ။ မိဆင့် ပျောက်နေတာကို ညည်းတို့ တကယ်စိတ်ပူတယ်ဆိုရင်ပေါ့"

"စိတ်ပူတာပေါ့ အန်တီရဲ့"

ပန်းရိပ် ရင်ထဲကဖြစ်တဲ့စိုးရိမ်စိတ်ကြောင့် တကယ်ပြော





"အဲဒါဆို မိဆင့်ဘယ်သွားတတ်လဲ၊ ဘယ်လာတတ်လဲ။ ညည်းတို့သိမှာပဲ။ ပြီးတော့ မိဆင့်နဲ့ တခြားဘယ်သူ ရင်းနှီးသေးလဲ"

"အလို"

ဒေါ်ဖူလှိုင်ပွင့် မရမက ဖျစ်ညှစ်မေးနေတော့ ပန်းရိပ်တို့ ပို၍ အားလည်ရခက်သွား၏။

"သမီးတို့ စဉ်းစားပြီးပြောကြပါ။ သမီးအတွက် အားလုံး စိုးရိမ်နေရတယ်လေ။ ဒါကြောင့်ပါ"

ထိုလူကြီးပြောစကားနောက်တွင် ပန်းရိပ်တို့လည်း စိုးရိမ်သွား၏

ထိုအခါ သိမှတ်သလောက်ပြောဖြစ်လျှင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

“ကေန် အိုကေလား”

“ဘာလဲကွ အိုကေလားဆိုတာ”

ဖင်ကို မျက်နှာပြောင်နဲ့မေးလျှင် မင်းကေန် မျက်မှောင်ကြုတ်၍ စိုက်ကြည့်ပြီး ပြန်မေး၏။

သုတကျော်နဲ့ သက်တန့်က ပခုံးလေးပြိုင်တူပင့်၍ ပြုံးစေ့နှင့် ဆိုပြန်သည်။

“အိုကေရင် ကေတယ်၊ မကေရင် မကေဘူးပေါ့ကွာ”

“ဟာ ဘာလဲကွာ”

“မင်းနဲ့ဆင့် အိုကေလား မေးတာကွ”





ဗညားက အောင့်ထားမနိုင်တော့ပါ။ ဒဲ့မေးချလိုက်၏။ ထိုအခါ မင်းကေန်မျက်နှာချည်း ရှက်ရိပ်နဲ့ ပြာတူးသွား၏။

သူငယ်ချင်းတွေက တဟားဟား ရယ်မောလေသည်။

“ငါတို့ကောင်တွေမေးတာက အဲဒါကွ။ အဲဒါ အိုကေတယ် မဟုတ်လား။ မျက်နှာက ရှက်ရွရွနဲ့”

“ဟာ ကျွတ်၊ မင်းတို့ ထင်သလို မဟုတ်ဘူးကွ”

“ဘယ်လို ငါတို့ထင်သလို မဟုတ်ဘူးဆိုတော့ ထူးတာပေါ့ကွ။ ပြောစမ်းပါဦး။ ဆင့်လေးအသားအရေ မင်းထင်တာထက် နူးညံ့နေသတဲ့လား”

“ဟာ ကျွတ်”

မင်းကေန် ရှက်ရှက်နဲ့ လက်သီးဆုပ်ရင်း ဖွတ်တိုးပြောနေတဲ့ သုတကျော်ကို ထိုးမလို ရွယ်လေသည်။

“ဟား ဟား ဟား ကေန် ပြောလေကွာ။ မင်းရဲ့အတွေ့အကြုံ အသစ်လေး ဘယ်လောက်လန်းသလဲ။ ဘယ်လိုလန်းသလဲဆိုတာ”

“ဟုတ်ပ့ါ။ ငါတို့ကောင်တွေအလှည့်ကျရင် ပြောပြလို့ရအောင် မေးတာကွ”

“သေနာတွေ”

မင်းကေန် ရှက်စိတ်မပြေယ်စွာ ဖိဆဲလိုက်၏။

လက်စသတ်တော့ ဒီကောင်တွေက ဘာဘာညာညာ ကိစ္စတွေ



www.burmeseclassic.com

www.burmeseclassic.com



လာမေးတာခြင်းရယ်။

သူနဲ့ဆင့်လေး နှစ်ယောက်တည်းဖြစ်နေပေမယ့် ဘာညာတွေ မတွေးနိုင်။ ညတွင်းချင်း ပဲခူးဆင်းခဲ့ရလို့ ပင်ပန်းနေကြသည်။

ည အိပ်ရေးပျက်ထားလို့ ပိုဆိုး၏။

ဆင့်လေးမှာ ကြောက်စိတ်နဲ့ တထိတ်ထိတ်ဖြစ်နေလို့ ချော့မော့ နှစ်သိမ့်ရင်း ချစ်ခြင်း ကြင်နာခြင်းတို့ ဘေးရောက်ကုန်သည်။

သူတို့ခြံဝင်းလေးထဲရောက်ချိန်က မိုးစင်စင်လင်းလုပြီ။ ခြံထဲက တဲအိမ်လေးက လုံလုံခြုံခြုံမရှိလှပါ။ ပြီးတော့ သူ့ခြံထဲမှာ အလုပ်သမား တချို့လည်း ရှိနေသည်။ အရေးကြီးတာက ဆင့်လေး လုံခြုံစိတ်ချစွာ နေခွင့်ရဖို့။

ဒါကြောင့် တဲအိမ်လေးကို အလုပ်သမားတွေရဲ့ အကူအညီနဲ့ လုံခြုံအောင် ကာရံရသည်။ အသုံးအဆောင်ပစ္စည်းတွေလည်း ဘာမှရှိ မနေ။

ထို့ကြောင့် ဈေးပြေးပြီး လိုတာဝယ်ခြမ်းရ၏။

အရေးထဲ ဆင့်လေးက ခရီးပန်းလို့ နွမ်းဖျော့နေတာမို့ စား သောက်စေပြီး အိပ်စက်အနားယူစေခဲ့သည်။ သူမလေး အိပ်ပျော်သွား ပေမယ့် သူ့မှာ ရင်မအေးနိုင်။

သူငယ်ချင်းတွေကိုအကြောင်းကြားရင်း နောက်ကြောင်းအခြေ အနေကို စုံစမ်းစေသလို တခြားကိစ္စဝိစ္စတွေလုပ်ရင်း နေခဲ့တာ။





သူငယ်ချင်းတွေ သူမှာတဲ့ပစ္စည်းပစ္စယတွေနဲ့ ရောက်လာတော့ သူ တအားဝမ်းသာရသည်။ ထိုဝမ်းသာမှုနောက်မှ ဒင်းတို့မေးနေတာတွေ က ရှက်စရာတွေ။

ဆင့်လေးသာကြားရင် ပိုရှက်နေဦးမှာ။

တော်သေးတယ်၊ ဆင့်လေးကို တဲအိမ်ထဲနေစေပြီး သူက ကွပ်ပျစ်မှာမို့လို့ပေါ့။

ဒါတောင် သူငယ်ချင်းတွေ စိတ်လျှော့ချင်ပုံမရပါ။

“ကေန်”

ဗညား ဖွတ်တိုးခေါ်လျှင် မင်းကေန် လက်သီးထောင်ပြလိုက် သည်။

“လက်သီးနဲ့အိုကေတာလားကွ”

သက်တန့် ပိုပိုသာသာပြောလေ သူ ဒေါသဖြစ်ချင်လေ။

“မင်းတို့ မနောက်နဲ့ကွာ။ ဒီမှာညစ်နေတာကွ”

“ကေန်ရာ ဒေါသတွေဖြစ်မနေနဲ့ကွ။ ငါတို့ကောင်တွေ တမင် နောက်ကြတာ”

“ကျွတ် မင်းတို့ နောက်တာက အရေးမကြီးဘူး။ ဆင့်လေး ကြားသွားရင် တစ်မျိုးထင်နေဦးမယ်”

“ဟာ မင်းက မနမ်းရခင်ကတည်းက ကြောက်နေရပါလား သူငယ်ချင်းရာ”



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်တာမဟုတ်ဘူး၊ ချစ်တာကွ ချစ်တာ။ ကဲ ပြောပြ ကွာ။ ဆင့်လေး မာမီတို့ အခြေအနေ ဘယ်လိုရှိလဲ။ ငါတို့ရှောင်ရမယ်ဆို လည်း တစ်နေရာရာကို ထပ်ရှောင်နေလို့ အချိန်ရအောင်ကွ"

သူ တည်တည်ငြိမ်ငြိမ် ထုတ်ပြောလိုက်မှ သူငယ်ချင်းတွေလည်း စချင် နောက်ချင်စိတ်တို့ကို ဘေးဖယ်ကာ ထိုကိစ္စအတွက် အလေးအနက် ဖြစ်ကုန်ကြသည်။

"အင်း ရှောင်မယ်ဆိုရင်တော့ ပိုကောင်းမယ်ကွယ်"

"ဘယ် ဘယ်လို"

"ဟုတ်တယ် ကေန်။ ဆင့်မာမီက ပန်းရိုပ်တို့ကို ဘယ်လိုကိုင် ထားလဲမသိဘူး။ ပန်းရိုပ်တို့တစ်ဖွဲ့လုံး ဆင့်မာမီနဲ့ ပါနေတာကွ"

"ဟင် ဒါဆို"

"ဟုတ်တယ်၊ ဒါကြောင့် မင်းနဲ့ဆင့် တစ်နေရာရာမှ နေဖို့လို တယ်။ ဒါကြောင့် ငါတို့ကောင်တွေ စီစဉ်ထားတယ်။ သက်တန့်အဘွား အိမ်မှာ သွားအောင်းနေလိုက်။ သက်တန့် အားလုံးစီစဉ်ထားပြီ"

"အဲဒါဆို ဆင့်ကို ခေါ်လိုက်ဦးမယ်"

"မြန်မြန်ခေါ်၊ ငါတို့ကားပေါ်က စောင့်နေမယ်။ မင်းတို့ကို အဘွားအိမ်ပို့ပြီးရင် ငါတို့ ပြန်မယ်"

"အိုကေ"

သက်တန့်စီစဉ်တဲ့အတိုင်း ဆင့်လေးကို ကမန်းကတန်း





ခေါ်ဆောင်ပြီး ရှောင်နေခဲ့သည်က အချစ်နဲ့ လွတ်မြောက်ရေး။

တကယ်ရော လွတ်မြောက်ခွင့်ရနိုင်မလား။

ထိုသို့တွေးမိလျှင် ရင်ထဲမှာ မီးတောက်နှယ် လောင်ကျွမ်းသွား သည်။

ဟင့်အင်း။

ဘာလို့ မလွတ်မြောက်ရမှာလဲ။

ချစ်ခြင်းနဲ့ စိတ်ကိုပြန်တင်းကာ ဆင့်လက်ဖဝါးလေးကို တင်း တင်းကျစ်ကျစ် ဆုပ်ထွေးထားမိသည်။

ချစ်သူတို့လက်တွေ နိုင်မြဲနေသရွေ့ ဘယ်သူမှ ဖြိုခွင်းလို့ရမှာ မဟုတ်ပါဘူး။

တကယ်ပါ ချစ်ရယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"ကျွီ"

သူတို့ကားရှေ့ ပိတ်ရပ်လာတဲ့ မိမ်ခံကားတစ်စီး။ သက်တန့်ကားဟွန်းအဆက်မပြတ်တီး၏။

"တီ တီ တီ"

ထိုကားရပ်မြဲရပ်နေသလို ကားပေါ်မှလည်း ဆင်းလာသည်။

"ဟင်"

သူတို့အားလုံး မျက်လုံးပြူးသွား၏။ ဆင့်လေးနှုတ်မှလည်း ထိတ်ထိတ်လန့်လန့်ဖြင့် ခေါ်သံ ခုန်ထွက်သွား၏။

"ဦးသစ်"





ဘုရား ဘုရား။

ဆင့်မျက်နှာလေး ချက်ချင်းညှိုးကျသွားကာ မောင့်လက်ကို မြဲနေအောင် ဆုပ်ထားမိသည်။

"စိမ်းလေး"

ဦးသစ်က သူတို့ကားတံခါးဆွဲဖွင့်ရင်း ဆင့်လေးကို ဖိခေါ်သည်။

"လာခဲ့စမ်း မိဆင့်"

ဆင့်မာမီကလည်း ဦးသစ်နောက်မှ ကားပေါ်ကဆင်းလာကာ သက်တန့်ကားနောက်ခန်းမှာ ထိုင်နေတဲ့ ဆင့်လက်ကို အတင်းဆွဲ၏။

"မာမီ"

"မိဆင့် အမိုက်မ။ ညည်းအတော် အတင့်ရဲလှချည်လား။ ဆင်"

"မာမီ"

"မခေါ်နဲ့ မိဆင့်။ ညည်းဟာ ညည်းကိုယ်ညည်း ဘာမှန်း သိတာ ငါ အံ့ဩတယ်"

"အန်တီ"

မင်းကေန် သည်းမခံချင်တော့ပါ။ ကားပေါ်မှာ အတင်းဆွဲချသွားတဲ့ ဆင့်လေးကို ပြန်ဆွဲယူ၍ အန်တီ့ရှေ့ ရင်ဆိုင်ရပ်လိုက်သည်။

"မင်း ဘယ်သူလဲ"

"ကျွန်တော် မင်းကေန်ပါ။ ဆင့်ချစ်သူ။ ဆင့်ကို တစ်သက်ပုံး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာအောင် ထားနိုင်တယ်။ ပြည့်ပြည့်စုံစုံလည်း တင့်တောင်းနိုင်ပါတယ်"

"အဲဒါဆို ဘာဖြစ်လို့ သူနိုးကျင့်သူနိုးကြံ ကြံရတာလဲ"

"အန်တီစကားပြောတာ ကြည့်မြော်"

"ဟော့ ဘာမှကြည့်ပြောနေစရာမလိုဘူး။ လာစမ်းသမီး"

"သမီး ဟင့် ဟင့် ဟင့်"

"မိဆင့်နော်"

မာမီ့လက်ကို အတင်းရုန်းကာ မောင့်ကို ဖက်တွယ်ရင်း ငိုတွင်တွင်ရမ်း၏။

"ဟင့်အင်း မာမီ။ ဆင့်စိတ်နဲ့ဆင့် ဆုံးဖြတ်ပါရစေ။ ဆင့်မောင့်ကိုချစ်တယ်"

"ဘာ ဘာ ချစ်တယ်ဟုတ်လား၊ မိဆင့် ဖြန်း"

ဒေါ်ဖူလှိုင်ပွင့် သည်းမခံနိုင်တော့ပါ။ ပြောဆိုရင်း သမီးပါးပြင်ကို ဖြတ်ရိုက်၏။ တစ်ဆက်တည်းလည်း သမီးကို ဆွဲ၏။

"ဟင့် ဟင့် ဟင့်"

ဆင့်ပါးပြင်နီနီ နာကြင်သွားတာထက် နှလုံးသားမှာ ပို၍ ခံစားရစေလေသည်။ ဦးသစ်က ဆင့်ကို အပိုင်အနိုင်ဆွဲယူလျှင် ဒေါ်ဖူလှိုင်ပွင့်ကလည်း သမီးဖြစ်သူကို ကာကွယ်၍ မင်းခေကန်နဲ့ မျက်နှာချင်းဆိုင်လေသည်။





"ဒီမှာ မောင်ရင် စိန်သုံးပြည်နဲ့ တင်တောင်းရင်တောင် ငါ့သမီးနဲ့ဒင်းကို သဘောမတူဖို့မရှိဘူး။ နင် သေချာမှတ်ထား။ မိဆင့်နဲ့ ရာဇသစ်က ငြိစွန်းပြီးသားဟာ"

"ဟာ"

"ဟင်"

အားလုံးသောပါးစပ်ပေါက်ကလေးများ အဟောင်းသား ပွင့်သွား၏။

ရာဇသစ် မျက်နှာကြီး ဖြန်းခနဲပူသွားသည်က ရေနွေးနဲ့ အပက်ခံရသည့်နှယ်။

"ဟင့် ဟင့် ဟင့်"

ဆင့်က ရှက်လွန်းလို့ မျက်နှာကို လက်နှစ်ဖက်နဲ့ ဖိအုပ်ရင်း ငိုချ၏။

"မာမီ ရက်စက်တယ်။ ဆင့်ကို အရှက်ခွဲတယ်။ ဟင့် ဟင့် ဟင့်"

ဆင့်မှာ ရှက်လွန်းလို့ သည်းသည်းမည်းမည်း ငိုချလေသည်။ မင်းခေကန် အံ့ဩလွန်းလို့ ကြောင်ကြည့်နေလျှင် –

"မင်း ဒီလောက်ဆို သဘောပေါက်တော့။ မိဆင့်နဲ့ လုံးဝ ဆက်သွယ်ဖို့ မကြိုးစားနဲ့။ ဆက်သွယ်လို့ကတော့ မင်း အချုပ်ခန်းထဲ အရောက်ပဲ၊ တောက်"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဖူလိုင်ပွင့်ပြောဆိုပြီး သူ့ကိုကျောခိုင်းသွား၏။ သမီးဖြစ်သူ
လည်း မငဲ့ညှာ။ အတင်းဆွဲယူပြီး ကားထဲထိုးထည့်၏။

"ရာဇ မြန်မြန်မောင်း"

ရာဇသစ်ကိုလည်း ကားအမြန်မောင်းဖို့ အမိန့်ပေးလေသည်။ ကား ဂူးခနဲမောင်းထွက်သွားလျှင် သူ့နှလုံးသားနန်းတော်ကြီး ဝုန်းခနဲ ပြိုကျသွားသလို ခံစားရလေသည်။

"ဇကန့်"

သူ့သူငယ်ချင်းတွေ သူ့ကိုဖိခေါ်သည်က ကရုဏာသက်စွာ။

သူတို့မှာတော့ သူငယ်ချင်းအတွက် ကြိုးစားလိုက်ရတာ။

ခုတော့ ဘယ်ကဘယ်လို သတင်းအနံ့ခံပြီး ထပ်ကြွပ်မ လိုက်လာသည်မသိတော့ပါ။

မင်းဇကန့် နှလုံးသားမှ ရက်မျက်ရည်တွေ ဝေါခနဲ ပြိုကျ သည်။

ရာဇသစ်နဲ့ဆင့်လေးက ငြိစွန်းပြီးသားတဲ့။

ဒီကိစ္စ သူတစ်ဦးတည်းကိုပြောရင် သူ့ဘက်က ဒီလောက် ခံစားရမှာမဟုတ်ဘူး။ သူငယ်ချင်းအပေါင်းအသင်းတွေရှေ့မှာ အပြောခံ တော့ ရက်တာထက် ပို၏။

ဘာကြောင့်များ အချစ်အတွက် အရှက်တကွဲဖြစ်ခြင်းတွေ ခြ အောင် ဖန်တီးပေးရတာလဲကွာ။





"တောက်"

"သူငယ်ချင်း"

သူ့သူငယ်ချင်းတွေ သူ့ကို ဆွဲတားလို့ မမီနိုင်တော့ပါ။ ရက်ခြင်း ခါသဖြစ်ခြင်းကြောင့် ပေါက်ကွဲသွားတဲ့ သူ့နှလုံးသားက ခံနိုင်ရည်ကင်းမဲ့ သာ။

ဝုန်းခနဲ ထိုးချလိုက်လျှင် ကားမှန်ချပ်လေး ကွဲကျသွား၏။

"ချလွမ်း"

သူ့နှလုံးသား၊ သူ့အချစ်နဲ့ သူ့အရှက်တရားတို့မှာလည်း ကွဲကြေ သွားတဲ့ မှန်စတွေနှယ်။

ရူးရခြင်းတို့နှင့် အကျည်းတန်လျက်။

ဆင့်ရယ်။

မောင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၃)

''စိမ်းလေး''

''ဟင့်အင်း မခေါ်နဲ့။ ဘယ်သူမှ ဆင့်ကို လာမခေါ်နဲ့''

ဆင့် ရင့်ရင့်သီးသီးပြောဆိုကာ အခန်းထဲပြေးဝင်ရင်း တံခါး ဆောင့်ပိတ်သည်။

''ဂျိမ်း''

တံခါးပိတ်သံကြီးက သူနဲ့စိမ်းလေးဘဝကို စည်းတစ်ကြောင်း တားလိုက်သလို ခံစားရလေသည်။

ထိုစည်းကို သူကျော်နိုင်းရမှာလား။

ထိုးဖောက်ရမှာလား။





ရာဇသစ် လေးလေးနက်နက် တွေးနေမိသည်။

''ဒေါက် ဒေါက် စိမ်းလေး''

သူ့အတွေးလေးမဆုံးခင် သူ့လက်က စိမ်းလေးရဲ့အခန်းတံခါးကို ခေါက်ရင်း ခေါ်ဆိုမိပြန်ပြီ။

''စိမ်းလေး''

သူ ဘယ်လောက်ခေါ်ခေါ် စိမ်းလေးထူးသံ မကြားရတော့ပါ။ ထိုအခါ သူ့ရင်ထဲမှာ တစ်မျိုးပူရပြန်သည်။

အခန်းထဲမှာ တစ်ခုခု ကြံစည်နေမလား။

ဒါကိုလည်း တွေးရသေးသည်။

ဘာဖြစ်လို့လဲဆိုတော့ သူမတို့လို အရွယ်လေးတွေက ထင်ရာကို မှတ်လုပ်တတ်သလို ဆင်ခြင်အားလည်း နည်းလှသည်။

အထူးသဖြင့် နှလုံးသားကိစ္စမှာ ပို၍ ဆင်ခြင်တုံတရား နည်းပါး တတ်၏။

ဒါ့ပြင် အချစ်အတွက် အသက်သေချင်သေပါစေ စွန့်စားတတ် သည်မဟုတ်လား။

ဒါကြောင့် –

တတွတ်တွတ်ခေါ်နေမိသည်။

''စိမ်းလေး တံခါးဖွင့်ပါဦး။ ကိုယ်ပြောပြပါရစေ။ ကိုယ်ပြောတာ နားထောင်ပေးဦး ကလေးရယ်။ ပြီးမှ စိမ်းလေး ဆုံးဖြတ်ချင်သလို



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ပါ။ အခု တံခါးလေး ဖွင့်ပါဦး။ စိမ်းလေး၊ ဒေါက် ဒေါက် စိမ်းလေး''

ရာဇသစ် အခန်းတံခါး အဆက်မပြတ်ခေါက်ရင်း တတွတ်တွတ် ခေါ်ဆိုနေမိသည်။

''စိမ်းလေး''

''ကျွတ်''

လက်တစ်ဖက် ခါးထောက်ပြီး မျက်လုံးစိမ်းကြီးနဲ့ ရင့်ရင့်ချည်စိုက်ကြည့်နေတဲ့ ဒေါ်ရွှေလှိုင်ပွင့် စိတ်မရှည်ချင်တော့ပါ။

''နေ နေ ရာဇ မမလှိုင် ပြောပြမယ်။ ဒီကောင်မလေး ဂျစ်တိုက်နေတာ မမလှိုင် သိတယ်''

''ရတယ် မမလှိုင်။ စိမ်းလေး တစ်ခုခုကို ဖွတ်လုပ်မှာစိုးလို့ပါ''

''ဘာမှမစိုးရိမ်နဲ့ ရာဇရယ်။ ကဲ ရာဇလည်း ပင်ပန်းလှပြီ သမီးကိစ္စ မမလှိုင်တာဝန်ထားပါ။ မမလှိုင် သမီးကို ဖျောင်းဖျနိုင်တယ်''

ရာဇသစ် သက်မရှည်လေးချကာ မမလှိုင်ပြောတဲ့အတိုင်း သူမလေး အခန်းရှေ့က ခွာခဲ့ရသည်။

သူမအခန်းရှေ့ခွာခဲ့ရပေမယ့် သူ့စိတ်မှာ ရှက်ခြင်း၊ မလုံမလဲဖြစ်ခြင်းတို့ဖြင့် လောင်မြိုက်နေလေသည်။





နောက်ပြီး သူ့နှလုံးသားဟာ ယော်ရွယ်နေနယ်တဲ့ သူမလေးကိုမှ ပိုင်ချင် ဆိုင်ချင်နေခဲ့သည်။

ထိုပိုင်ဆိုင်ချင်စိတ်က သူ့ရဲ့ချစ်ခြင်းဆိုလည်း ဟုတ်သလို အတ္တဆိုလည်း ဟုတ်နေ၏။

စိမ်းလေးကြောင့် သူ့အပေါ် အစစအရာရာ လိုက်လျောပြီး အနစ်နာခံချစ်ရှာသော ဖေရတီကို သူ့ဘက်က လျစ်လျူရှုသလို ဆက်ဆံခဲ့တဲ့ အကြိမ်ရေတွေ များခဲ့သည်။

''ကိုကိုက ဖေ့ကို လျစ်လျူရှုပေမယ့် ဖေက ကိုကို့ကို လျစ်လျူရှုပြီး ပစ်မထားရက်ဘူး။ ကိုကို့ဘက်က လိုအပ်တဲ့အချိန် ဖေ အဆင်သင့်ပဲ ကိုကို။ ကိုကို့နှလုံးသားထဲမှ စိမ်းလေးမှစိမ်းလေး ဖြစ်နေသလို ဖေ့နှလုံးသားမှာလည်း ကိုကိုမှ ကိုကိုပါပဲ''

ဖေရတီ ရင်တွင်းစကားလုံးလေးကို ကြားယောင်ရင်း ရာဇသစ် ရင်ထဲမှာ ပို၍ ခံစားရခက်ခဲလာသည်။

စိမ်းလေးနဲ့ ဖေရတီ။

ဖေရတီနဲ့ စိမ်းလေး။

ကိုယ့်ကို နားလည်ပေးပါကွာ။

သို့ပေမဲ့ ချစ်တဲ့စိတ်ဆိုတာလည်း ခက်သားလား။ မြတ်နိုးတဲ့ ခံစားမှုဆိုတာလည်း စွန့်ခွာဖို့ ပိုပြီးအခက်သား။

ဝမ်းမှတ်နူးညှဲ့နေသော စိမ်းလေးလက်မောင်းသားကို ကြင်နာစွာ



www.burmeseclassic.com

www.burmeseclassic.com



ပွတ်သပ်ခဲ့သော ခံစားမှုက သူ့နှလုံးသား၌ စိုမိုးနေကာ။ ထိုစိုးမိုးမှုတွေရဲ့ နောက်မှာ သူ့ဆန္ဒတွေကို ရက်ရက်ရောရော ဖြည့်ဆည်းပေးနေတဲ့ ချ... အချစ်ကို သူ့ဘက်က ဥပေက္ခာပြုနေမိတာ တရားရဲ့လား။

သူ့ကိုယ်သူ ပြန်လည်မေးစစ်ရင်း။

✿ ✿ ✿

## အခန်း (၄၀)

"ချစ်တယ် မောင်ရယ်"

သူ့မြင်ကွင်းမှာမြင်ယောင်နေသည်က သူ့ဉယျာဉ်တွင်း ပျော်ရွှင်ခဲ့ ...တဲ့ ဆင့်လေးရဲ့ပုံရိပ်။ သူ့နှလုံးသားမှာ သံမှိုနဲ့နက်ထားသလို မြဲမြဲနေတဲ့ ဆင့်လေးရဲ့ နှလုံးသားအသံ။

ခုတော့ ထိုအသံ ထိုပုံရိပ်တို့နဲ့ဝေးနေတဲ့ သူ့ဘဝ။

နွေနေလိုပူပြီး ခြောက်သွေ့လှတယ်ကွယ်။

"ကိုကို"

ပန်းရိုပ် စိတ်မကောင်းစွာခေါ်မိလေသည်။ ကိုကိုက ကြားမှာ မယ့် မထူးချေ။

www.burmeseclassic.com



ကန့်ရေပြင်စပ်မှ လှေကလေးကိုသာ တငေးငေး ကြည့်နေမိတဲ့အဖြစ်က ကရုဏာသက်စဖွယ်ကောင်းလှ၏။

ကိုကို့ဘဝက အထီးကျန်ဆန်လွန်းလှသည်။

မိဘနှစ်ပါးဆုံးပြီးကတည်းက ကိုကို့ဘဝက ပိုပြီးအထီးကျန်ဆန်ကာ တစ်ကိုယ်တည်း ခြံထဲမှာ ဘဝမြှုပ်နှံပြီး နေခဲ့တာလေ။

ဆင့်လေးနဲ့ဆုံကာမှ အချစ်ဆိုတာကို ခံစားခဲ့ရုံမက ဘဝတစ်ခုကို တည်ဆောက်ခဲ့တဲ့ကိုကို။

ဆင့်လေးအတွက် ရည်ရွယ်ပြီးတည်ဆောက်ခဲ့တဲ့ တိုက်ပုလေးက ခုနေခါ ကိုကို့နှလုံးသားခံစားချက်နှယ် တစ်ဝက်တစ်ပျက်နှင့် တန့်နေပါသည်။

ခုလို ကိုကို့ဘဝနဲ့နှလုံးသားခံစားချက်တွေ အကျည်းတန်ရတာ ပန်းရိပ်ကြောင့်လေ။

ပန်းရိပ်ကြောင့် ကိုကိုခံစားနေရတာကို ပန်းရိပ်မကြည့်ရက်ပါ။

"ကိုကို ပန်းရိပ်ကို ခွင့်လွှတ်ပါနော်"

ငြိမ်သက်နေတဲ့လှေကလေးကို ကြည့်နေရာမှ ညီမလေးဘက် အသာငဲ့ကြည့်မိသည်။

ပြီးတော့ ခေါင်းလေးအသာရမ်းရင်းပြော၏။

"ပန်းရိပ်မှာ ဘာအပြစ်မှမရှိပါဘူး ညီမရယ်"

"မဟုတ်ဘူး ကိုကိုရဲ့၊ ကိုကိုနဲ့ဆင့်အကြောင်း ပန်းရိပ်က





အန်တီ့ကို ပြောမိသွားတယ်။ နောက်ပြီး ဆင့်နဲ့ဦးသစ် ငြိစွန်းနေမှန်း ပန်းရိပ် တကယ်မသိဘူး။ သိရင် ကိုကို့ကို ပြောပြမှာပေါ့။ မသိလို့ပါ"

"အဲဒါတွေနဲ့ ဘာမှမဆိုင်ဘူး ပန်းရိပ်ရယ်။ ဆင့်ကို ကိုကိုရောလည်း ချစ်နေတယ်။ နောင်လည်း ချစ်နေမယ်ဆိုတာ ကိုကိုသိတယ်။ ဆင့်နဲ့ကိုကို အဲဒီအကြောင်းပြချက်တွေနဲ့ ခွဲပစ်တာကို ကိုကို မခံစားနိုင်တာပါ"

"ကိုကိုရယ်"

ပန်းရိပ်ရင်မှာ ကိုကို့ကို ပိုပြီးသနားသွား၏။ ဒါပြင် ပိုပြီးလည်း လေးစားမိလေသည်။

ဆင့်အပေါ် ကိုကိုက ထိုမျှထိ နက်နက်ရှိုင်းရှိုင်း ချစ်နေသတဲ့လား။

မယုံနိုင်စရာကောင်းလိုက်တာကွယ်။ တကယ်ပါ။

ကိုကို့သဘောထားကို သိလိုက်ရတော့ ပန်းရိပ်နဲ့တူ ရုရုတို့လည်း ဝမ်းသာဝမ်းနည်း ဖြစ်ရလေသည်။

မင်းကေနိသူငယ်ချင်းများဖြစ်တဲ့ ဗညား၊ သက်ကို၊ သုတကျော်နဲ့ သက်တန့်လည်း တအံ့တဩဖြစ်၏။

ကိုယ့်ချစ်သူက တစ်ပါးယောကျ်ားတစ်ယောက်နဲ့ ငြိစွန်းထားတာ သိရင် ဘယ်ယောကျ်ားဖြစ်ဖြစ် ရှူရှာစက်ဆုပ်ကြမယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ မင်းကေန်က ချစ်မြို မြတ်နိုးပြီဆိုတော့ သူတို့တွေလည်း သက်မကိုယ်စီချရလေသည်။

"ဆင့်နဲ့ ရာဇသစ် ဘာကြီးပဲဖြစ်ခဲ့ပါစေ ဆင့်က ကိုကို့ကို ချစ်ခဲ့တာလေ။ ကိုကိုကလည်း ဆင့်ကိုချစ်တယ်။ အဲဒီအတွက် ဆင့်ကို ကိုကို ဘယ်အချိန်ဖြစ်ဖြစ် စောင့်ပါ့မယ်။ ဆင့်က ကိုကို့ကိုရှက်ပြီး တစ်ခုခု ဆုံးဖြတ်လိုက်မှာပဲ ကိုကိုစိုးရိမ်တယ် ပန်းရိပ်ရယ်"

"ဒါ ဒါဆို ကိုကို ဆင့်နဲ့ပြန်ဆက်သွယ်မယ်ပေါ့ ဟုတ်လား ကိုကို"

"ကိုကို ဆက်သွယ်ချင်တယ်"

သူ အလေးအနက် ထုတ်ပြောလိုက်သည်။ ပန်းရိပ်က ကိုကို့ ခံစားချက်ကို နားလည်တယ်လေ။

ဒါကြောင့် –

"အဲဒါဆို ပန်းရိပ် ကြိုးစားကြည့်မယ်ကိုကို"

"ဟုတ်တယ်၊ စုစုတို့လည်း ဆင့်လေးကို ဖျောင်းဖျမယ်၊ ဆင့် မချစ်တဲ့ ဦးသစ်ရှင်ခွင်ထဲက ဆင့်ကို မရရအောင် ဆွဲထုတ်ပြီး ကိုကို့အနား ထဲ ပို့ပါ့မယ်။ စိတ်ချ ကိုကို။ စုစုတို့ ကြိုးစားပေးပါ့မယ်။ ကိုကို အားပေး ပါနဲ့နော်"

စုစုတို့လည်း အားတက်သရောပြောကြသည်။ သူနှလုံးသားဆီ ပြည့်ဝဖို့ဖြစ်သည်။





"ကိုကို စိတ်ဓာတ်မကျပါနဲ့၊ ဘရဏီတို့ ဆင့်နဲ့တွေ့ဖို့ ကြိုးစားမယ်"

"ကဲ လာ သွားစို့။ ခုပဲ ဆင့်နဲ့တွေ့ဖို့ သွားရအောင်လား"

တွယ်တာနိုင်က လောလောချည်းပြောလျှင် –

"အိုကေ သွားကြတာပေါ့"

ပန်းရိပ်တို့ အားတက်သရောပြောကြလေသည်။

"ကိုကို ပန်းရိပ်တို့သွားပြီ"

ပန်းရိပ်တို့ နှုတ်ဆက်ထွက်သွားလျှင် သူခြေလှမ်းတွေ ကနပတ် ထမ်းတစ်လျှောက် လွင်မျောသလို ရွေ့လျားနေမိသည်။

ဖင်ကိုတို့က မင်းကေန်ကို စောင့်ကြည့်ရင်းသား –

လောလောဆယ်မှာ ဖိအားပေးသလို ပြောဆိုနေဖို့ မသင့်တော် ပါ။ ဒါ့ကြောင့် မင်းကေန်၏ စိတ်ခံစားမှုဖြစ်တည်နေသည့်အတိုင်း လွှတ် ထားလိုက်သည်။ အချိန်က အကောင်းဆုံး အကြံဉာဏ်ပေးပါလိမ့်မယ် သူငယ်ချင်း။

အကြောင်းရကာမှ လေးလေးနက်နက်တွေးပြီး ဆုံးဖြတ်နိုင် ယ်မဟုတ်လား။ ဒါကြောင့်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၁)

"လှိုင်"

"ပြောလေ ကိုကို"

"သမီးလေးကို ကိုကိုတို့အကြောင်း ဖွင့်ပြောလိုက်ရင် ကောင်းမယ်ကွ"

"လှိုင်လည်း အဲဒါပဲ စဉ်းစားနေတာ"

"စဉ်းစားမနေနဲ့တော့ မြန်မြန်ဖွင့်ပြောလိုက်တော့ တော်ကြာ သမီးလေးက ကိုကိုနဲ့ လှိုင့်ကို တစ်မျိုးမြင်နေရင် မကောင်းဘူး"

"ကိုကိုသဘောပါ၊ စိတ်ချ"

"ကျေးဇူးပဲ လှိုင်။ သမီးလေးကို ဖွင့်ပြောလိုက်ရင် သမီးလေး





တစ်ခုခု ပြန်ပြောမှာပဲ။ သမီးလေး ဘာပြန်ပြောလဲဆိုတာ ကိုကို့ကို ချက်ချင်း ဖုန်းဆက်ပြောဖို့ မမေ့နဲ့"

"စိတ်ချပါ ကိုကိုရဲ့၊ ဒါပဲနော် ဖုန်းချလိုက်တော့မယ်"

"အိုကေ"

ဒေါ်ဇူလှိုင်ပွင့် ဖုန်းချရင်း သမီးကို ဘယ်ကစပြောပြရမလဲ ဆိုတာ စဉ်းစားမိသည်။

ပြောပြလိုက်ရင် သမီး လက်ခံရင်တော့ ကောင်းပါရဲ့။

လက်မခံရင်ကော ဒါကိုလည်း တွေးပူမိသည်။ ဒါတင်မက လောလောဆယ်အခြေအနေအရ သမီးက သူမအပေါ် မျက်မှန်ကျိုးနေတာလေ။

မောင်မင်းကေနန်ရင်ခွင်ထဲက ဆွဲထုတ်ခဲ့တဲ့ သူမအပေါ် ပေါက်ကွဲပြီး စကားမပြောဘဲနေတာ တစ်ပတ်မကတော့ပါ။

အခန်းထဲချည်း နေတာလေ။

အောင်းချင်အောင်းပါစေ။ အချိန်တန်ရင် စိတ်ပြေမှာပဲလို့ သူမ စောင့်ကြည့်နေခဲ့တာ။

ရှေ့ဆက် စောင့်ကြည့်ဖို့ လိုအပ်ပေမယ့် ကိုကိုက ဖွတ်ဖြစ်နေသည်။ သမီးနောက်မှာ ခိုးချောင်ခိုးဝှက် မတွေ့ချင်တော့ဘူး။ သမီးအသိအမှတ်ပြုတာကို ခံယူချင်နေတဲ့ ကိုကို့ဆန္ဒအတွက် အချိန်စောင့်နေရဖို့ ခက်ခဲဖြစ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ရာဇသစ်နဲ့ သမီးကိုစွလည်း သူမ အမြန်စီစဉ်ရ
သည်။

ဒါကြောင့် ဖွင့်ပြောဖို့ စိတ်ပိုင်းဖြတ်ကာ သမီးအခန်းရှေ့ ရပ်

"သမီး"

ဒေါ်ဖူလှိုင်ပွင့်အသံကို အတတ်နိုင်ဆုံး ချိုလျက်ခေါ်လိုက်
သူမခေါ်လိုက်ပေမယ့် သမီးထူးသံ ချက်ချင်းပေါ်ထွက်မလာ။

ကောနက သူမကို စိတ်ဆိုးနေသေးတယ် ဖြစ်မယ်။ ခုချိန်
သူမဘက်က အတတ်နိုင်ဆုံး စိတ်ရှည်ရှည်ထားဖို့ လိုအပ်နေသည် မဟုတ်
ပါလား။

ဒါ့ကြောင့် စိတ်ကိုရှည်အောင် မွေးမြူလျက် ထပ်ဆင့်ခေါ်
သည်။

"သမီး စိမ်းလေး"

ဒေါ်ဖူလှိုင်ပွင့် လေးငါးခွန်း ဆင့်ခေါ်သော်လည်း သမီးထူး
အသံ ထွက်ပေါ်မလာ။

သူမ စိတ်ရှည်နေသလောက် ထူးသံမကြားရတော့ ဒေါ်ဖူလှိုင်
ရင်မှာတင်းလာသည်။

သို့သော်လည်း စိတ်ကိုပြန်ဆန့်ကာ သမီးကိုခေါ်ရင်း အခန်း
တံခါး တွန်းဖွင့်လေသည်။

"သမီး ဟင်"





တွန်းလိုက်တဲ့အတိုင်း အလိုက်သင့် ပွင့်သွားတဲ့ တံခါးနောက်မှာ
သမီးကိုလည်း မမြင်ရပါ။

ထိုအခါ ဒေါ်ဖူလှိုင်ပွင့် မျက်လုံးပြူးရလေသည်။

"သမီး"

မယုံချင်စိတ်နဲ့ အခန်းထဲ ပတ်ရှာသေးသည်။ မတွေ့၊ လုံးဝ
မတွေ့လျှင် ဒေါ်ဖူလှိုင်ပွင့် ရင်ပူသွား၏။

"ဘုရား ဘုရား"

ဒေါ်ဖူလှိုင်ပွင့် ရင်ဘတ်ဖိရလေပြီ။ သမီးခေါင်းအုံးပေါ် တွေ့ရတဲ့
ကားသော့နဲ့ စာခေါက်တစ်ခေါက်။

စာခေါက်ကို ကမန်းကတန်း ဖွင့်ဖတ်လိုက်သည်။

မာမီ

ဆင့်ကို လိုက်မရှာနဲ့တော့။ ဆင့်ဘဝ ဆင့်နှလုံး
သား အရှက်တကွဲဖြစ်အောင် ပြုခဲ့တဲ့ မာမီ့ကို
ဆင့်မမုန်းပေမယ့် မိခင်တစ်ဦးကို ခံစားလို့မရတော့
ဘူး။ မာမီမှာ ယောက်ျားတွေနဲ့ တိတ်တိတ်ပုန်း
လက်ခံတွေ့ဆုံတတ်တဲ့ စရိုက်ရှိမှန်း သိလိုက်ရတော့
အဲဒီစရိုက်ကို ဆင့် ပိုရွံ့တယ် မာမီ။ မာမီ့မှာ အဲလို
စရိုက်ရှိလို့လည်း ဆင့်ဘဝ အစွန်းအထင်းဖြစ်အောင်
မာမီ ပြုလိုက်တာ။ အဲဒီအတွက် ဆင့်ကိုယ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြေလို့မရအောင် ခံစားရပါတယ်။ ခုဆိုရင် ဆင့်ကို ဘယ်သူမှ အပြစ်ကင်းသန့်တဲ့ မိန်းကလေးလို့မြင်မှာ မဟုတ်တော့ဘူး။

အထူးသဖြင့် မောင်လေ။ ဆင့်ကို လူအများ ရှေ့မှာ ဦးသစ်နဲ့ ငြိစွန်းတယ်လို့ ထုတ်ပြောရင်း အရှက်ခွဲလိုက်တဲ့ မာမီရဲ့အတွက်ကို ဆင့်ကြောက်သွားပြီ။ ဒါကြောင့် ဆင့်ဘဝနဲ့ဆင့် ရှိပါစေတော့။ အရှက်တကွဲဖြစ်နေတဲ့ မာမီ့ပတ်ဝန်းကျင်မှာလည်း ဆင့် မနေရဲတော့ဘူး။ ဒါကြောင့် မာမီ့ရင်ခွင်ရိပ်က ဆင့် ထွက်သွားပါပြီ။

ဆင့်ကိုမရှာပါနဲ့တော့။ မာမီနေချင်တဲ့လူနဲ့ စိတ်ကြိုက်နေပါတော့။ ဆင့်ကိုလည်း သမီးလို့မသတ်မှတ်ပါနဲ့တော့။

ဆင့် ကြောက်လှပြီ မာမီ။

မာမီ့စိတ်၊ မာမီ့စရိုက်ကို ဆင့် တကယ်ကြောက်သွားပြီ။

ဟင့် ဟင့် ဟင့်''

ဒေါ်ဖူလှိုင်ပွင့် စာဆုံးအောင် ဖတ်နိုင်စွမ်းမရှိတော့ပါ။ ရင်ဘတ် ထိရှုလျက်။





''ဘုရား ဘုရား''

ဒေါ်ဖူလှိုင်ပွင့် ခေါင်းတွင်တွင်ရမ်းလိုက်၏။

''သမီးရယ် သမီး သမီးထင်နေတာတွေ မဟုတ်ပါဘူး။ မာမီ ရှင်းပြပါရစေ သမီးရယ်''

ဒေါ်ဖူလှိုင်ပွင့် တတွတ်တွတ်ပြောနေမိသည်က အရူး တစ်ယောက်နှယ်။

ကြည့်စမ်း။ သမီးက သူမကို မိခင်တစ်ယောက်လို ခံစားလို့ ရတော့ဘူးတဲ့။ နောက်ပြီး သူမစရိုက်ကို ကြောက်လို့တဲ့။

အလိုလေး။

အားလုံးလွဲကုန် ချော်ကုန်ပါပြီ ကိုကို။

ကိုကိုရေ ကယ်ပါဦး။

✿ ✿ ✿

www.burmeseclassic.com

## အခန်း (၄၂)

"သားကို တွေ့ချင်လို့တဲ့"

"ဘယ်သူလဲ ဒေါ်ဒေါ်"

ဒေါ်စောမေ ခေါင်းလေး အသာရမ်း၍ပြောသည်။

"ဒေါ်ဒေါ်လည်း တစ်ခါမှ မမြင်ဖူးတော့ ဘယ်သူဘယ်ဝါမှန်း မသိဘူးလေ။ သား ထွက်တွေ့လိုက်လေ"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

ပန်းရုံသမားတွေနဲ့အတူ သူ့တိုက်ပုလေး ပြီးစီးအောင် ဝိုင်းဝန်း လုပ်ဆောင်ပေးနေတဲ့ မင်းကေန်။

မီးဖိုခန်းအတွက် လိုအပ်တဲ့ အုတ်ချပ်တွေ သယ်နေရာ





သက်စသတ်ကာ၊ ပန်းရုံဆရာနားမှာ ချထားခဲ့သည်။

ပြီးတော့ ညည်သည်ရှိရာ ဆောက်လက်စတိုက်ပုလေးရှေ့ရှိ ညည်ခံကွပ်ပျစ်လေးဆီ လျှောက်ခဲ့၏။

ဘယ်သူလဲ။ ဘာကြောင့်တွေ့ချင်ရတာလဲ။

ရှူးစမ်းမျက်ဝန်းလေးနဲ့ ကွပ်ပျစ်နားရပ်နေတဲ့ ညည်သည်ကိုကြည့် လိုက်ချင် သူ့မျက်ဝန်း စိမ်းမှောင်သွား၏။

နှုတ်မှလည်း ရေရွတ်မိသည်။

"ရာဇသစ်"

သူ့ရေရွတ်သံလေး 'တအံ့တသြနှင့် လွင့်ထွက်သွားဟန်တူသည်။ ရာဇသစ် လှည့်ကြည့်၏။

နှစ်ယောက်သား အကြည့်တို့ ဆုံအတွေ့မှာ ဆန့်ကျင်ဘက် အရောင်တို့ လက်ဖြာသွား၏။

"ဘာကိစ္စလဲ"

မင်းကေန် ခပ်တင်းတင်းပဲ မေးချလိုက်သည်။ ရာဇသစ်က ခြေတစ်လှမ်းရှေ့တိုးလာရင်း –

"ရှင်းပြစရာလေး ရှိလို့ပါ"

"ဘာမှရှင်းမပြနဲ့ ကိုရာဇသစ်။ ကျွန်တော် ဘာကိစ္စကိုမှ မသိဘူး"

"ကျွတ် တစ်ဆိတ် ကိုယ်ရှင်းပြတာကို နားထောင်ဦး"



www.burmeseclassic.com

www.burmeseclassic.com



''ခင်ဗျား မဏ္ဍာပ်တိုင်တက်ပြမနေပါနဲ့။ ဆင့်နဲ့ကျွန်တော် ချစ်ကြတဲ့ကိစ္စမှာ ခင်ဗျားနဲ့ ဘာမှမပတ်သက်ဘူး။ ခင်ဗျားနဲ့ ဘယ်လော ပဲ ငြိငြိစွန်းစွန်း ကျွန်တော် စိတ်မဝင်စားဘူး''

''ဘာဖြစ်လို့''

''ဘာဖြစ်ရမှာလဲ၊ ခင်ဗျားကို ဆင့်မချစ်ခဲ့ဘူး။ မချစ်ခဲ့လို့လည်း ခင်ဗျားနဲ့ငြိစွန်းနေလျက်နဲ့ ဆင့်က ခင်ဗျားကို ငြင်းဆန်တာလေ။ သေ အောင်ပြောရရင် ဆင့်စိတ်နဲ့ဆင့် ငြိစွန်းခဲ့တာ မဟုတ်ဘူး။ ခင်ဗျားဘ က မရိုးမသားကြံစည်လို့ ငြိစွန်းခံရတာမျိုး''

''တောက် မင်း''

ရာဇသစ် ဒေါသထွက်ကာ လက်သီးဆုပ်မိသွားသည်။ မင် ကေန် မမှုပါ။

မျက်နှာလေးမော့ထားကာ နာကျင်စွာ ရယ်မိ၏။

''ခင်ဗျားဒေါသသတွေ ခင်ဗျား ခေါက်သိမ်းလိုက်စမ်းပါ''

''တော်တော့ မင်း ဆက်မပြောနဲ့တော့''

''အဟွန့်၊ ဒီမှာ ကိုရာဇသစ် မိန်းကလေးတစ်ယောက် အ မတူနိုင်တာကို ကြံစည်ပြီး ရယူခဲ့တဲ့ ယောကျ်ားတစ်ယောက်ရဲ့ စိတ်ဓာ နဲ့ စာရိတ္တက ဘာလဲဆိုတာ ခင်ဗျားကိုယ်ခင်ဗျား မှတ်ချက်မပေးရင်နေ ကျွန်တော်ကတော့ ဆင့်နဲ့ပတ်သက်တဲ့ ဆင့်ရဲ့ဖြစ်စဉ်ကို အလေးမထာ ဘူး။ ယောကျ်ားတစ်ယောက် ကြံစည်ခြင်းခံရတဲ့ မိန်းကလေးတစ်ယော





ရဲ့ ခံစားချက်နဲ့ ဘဝအစွန်းအထင်းကို စာနာတယ်၊ သနားတယ်။ အဲဒီ အတွက် ဆင့်လေးတစ်ဘဝလုံးကို မြတ်မြတ်နိုးနိုး ပိုင်ဆိုင်ဖို့ကလွဲပြီး အခြား ဘာကိုမှ မတွေးဘူး။ အဲဒါကြောင့် ဆင့်အတွက် ကျွန်တော့်ဘက် က အကောင်းဆုံး ပြင်ဆင်ထားတယ်။ အဲဒီအတွက် ခင်ဗျားမကျေနပ် ရင်နေပါ ကျွန်တော့်ရှေ့လာပြီး မဏ္ဍာပ်တိုင်တက်မပြနဲ့၊ ခင်ဗျားကို ကျွန်တော် မမြင်ချင်ဘူး။ ခင်ဗျား ကျွန်တော့်ခြံထဲက ထွက်သွားစမ်းပါ''

''တောက်''

ရာဇသစ် ဒေါသကို တွန်းဖြိုခံရသည့်နှယ်။

လက်သီးကို တင်းမနေအောင် ဆုပ်ရင်း ကွပ်ပျစ်ရှေ့ကစားပွဲပေါ် လက်သီးထိုးချလိုက်သည်။

''မင်း''

''ခင်ဗျား ထွက်သွားစမ်းပါ''

''ကျွတ်''

ရာဇသစ် နှုတ်ခမ်းကို ဖိကိုက်ကာ ချာခနဲလှည့်ထွက်ခဲ့သည်က ပြင်းစွာ။ သူဟာ မဏ္ဍာပ်တိုင်တက်ပြနေတဲ့သူလား။

ရာဇသစ် ကိုယ့်ကိုယ်ကို ရာဇသစ် ပြန်မေးလျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဘယ် ဘယ်လို ပန်းရိုဝ်"

မင်းကေန် စိတ်လှုပ်ရှားစွာ ကမန်းကတန်း မေးမိသွား လက်ကိုင်ဖုန်းကိုလည်း တင်းနေအောင် ဆုပ်ကိုင်ရင်း -

"ပြော ပြောလေ ပန်းရိုဝ်၊ ဘယ်လို"

"ကိုကို စိတ်အေးအေးထားပါဦး။ ပန်းရိုဝ် ပြောပါ့မယ်"

"မြန်မြန်ပြောစမ်းပါ ပန်းရိုဝ်ရယ်"

"ဒီလို ကိုကိုရဲ့။ ပန်းရိုဝ်တို့ ဆင့်ဆီ လိုက်သွားကြတာလေ"

"အဲဒီတော့ ဘာဖြစ်လဲ၊ ဆင့်က ဘာတဲ့လဲ"

"အန်တီပြောတာ ဆင့် ဘယ်ထွက်သွားမှန်းမသိလို့ ခေါင်း





ဆောက်နေတာတဲ့။ ဆင့်ရေးပြီးထားခဲ့တဲ့ စာခေါက်လေးကို ထုတ်ပြတယ်။ ဆင့် တကယ်မရှိဘူး။ ဘယ်ထွက်သွားလဲ ဘယ်သူမှမသိဘူး။ အဲဒါ ကိုကို့ဆီ ဆင့်ရောက်လာလားဟင်"

"မ မရောက်ဘူး ပန်းရိုဝ်ရယ်"

"အဲဒါဆို ဘယ်လိုလုပ်ကြမလဲ ကိုကို"

"တောက် ရာဇသစ် တစ်ခုခုကြီးစည်ပြန်ပြီး ထင်တယ်။ နေဦး ကိုကို ရာဇသစ်နောက်လိုက်မယ်"

မင်းကေန် ဆိုးဆိုးဆတ်ဆတ်ပြောရင်း ဖုန်းပိတ်လိုက်၏။ ချက်ချင်းပဲ ရာဇသစ်နောက်လိုက်ဖို့ ဆင့်အတွက် ဈေးရှယ်ပြီး ဝယ်ထားတဲ့ လွှန်းကားသစ်လေးပေါ် တက်၏။

"သား"

ဒေါ်ဒေါ်က ကားနား အပြေးကလေးရောက်လာသည်။

"ဘာလဲ ဒေါ်ဒေါ်"

"စိတ်လိုက်မာန်ပါ လိုက်မသွားပါနဲ့ သားရယ်။ တစ်ခုခုဖြစ်ကြ နိုင် ပြဿနာက ငြိမ်းမှာမဟုတ်ဘူး။ မတော်တဆ သမီးလေး သားခြံထဲ ရောက်ခဲ့ရင်ကော။ အဲဒီတော့ သမီးလေး ပိုအားငယ်သွားမှာပေါ့။ သား ကြာပဲ စောင့်ကြည့်ပါကွယ်။ သမီးလေးဆင့်က သားကို ယုံကြည်တယ် ဆိုတာ ဒေါ်ဒေါ်သိတယ်။ ဒါကြောင့် ဘယ်မှမသွားပါနဲ့။ ဘယ်သူနဲ့မှ ရန်မဆိုင်ပါနဲ့ကွယ်။ နော် သား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်စိုးရိမ်တကြီးပြောလျှင် သူ့ရင်မှာ တွေဝေလို့သွားသည်။

ဒေါ်ဒေါ်ပြောသလို ဆင့်လေး သူ့ခြံဆီ အားကိုးတကြီးရောက်လာရင် သူရှိမှဖြစ်မယ်လေ။

သူရှိမနေရင် ဆင့်လေး စိတ်ထိခိုက်သွားလိမ့်မယ်။

ဟုတ်တယ်။

ဆင့်က သူ့ကိုယုံတယ်။ သူ့ကိုလည်း ချစ်တယ်လေ။

ဒါကြောင့် သူ ကားပေါ်က ကမန်းကတန်းပြန်ဆင်းကာ လက်ကိုင်ဖုန်းကို ပြန်ယူပြီး ဆင့်ဖုန်းနံပါတ်နှိပ်၏။

ထိုဖုန်းနံပါတ်က ဆင့်နဲ့သူ နှစ်ယောက်တည်းသာ အဆက်အသွယ်ပြုလုပ်နိုင်တဲ့ ဖုန်းနံပါတ်။

သူ့ဘက်က အဆက်အသွယ်လုပ်ရင်း ဆင့်လေး သူ့ကို ပြန်ဆက်သွယ်မှာ သေချာသည်။

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ သား ဆင့်နဲ့ အချိတ်အဆက်ရအောင် အရင်လုပ်လိုက်မယ်"

"ကောင်းတယ် သား၊ ဆင့်လေးနဲ့ အဆက်အသွယ်ရပြီး သား စိတ်ကြိုက် စီစဉ်လို့ရတယ်လေ"

ဒေါ်ဒေါ်ပြောစကားလေး အဆုံးသတ်မှာ ဆင့်ဖုန်းကို ခေါ်ဆိုပြီး သား ဖြစ်သွားသည်။ ဒေါ်ဒေါ်ကလည်း ခုမှပဲ စိတ်အေးသွားဟန်နှင့် ဆောက်လုပ်လက်စ တိုက်ပုလေးဆီ ဝင်သွား၏။





"တူ တူ တူ"

ဖုန်းတန်းဝင်လျှင် သူ့ရင်အခုန် မြန်သွား၏။

"တူ တူ တူ"

ဖုန်းဝင်နေပေမယ့် ဖုန်းမကိုင်ပါ။ ထိုအခါ သူ့ရင်မှာ ပူလောင်သွား၏။

ဒီဖုန်းလေးက ဆင့်နဲ့သူနဲ့ နှလုံးသားလမ်းကြောင်းကို အဆက်အသွယ်ပြုနိုင်တဲ့ တစ်ခုတည်းသော လမ်းစပါ။

ဆင့် ဘာကြောင့် မကိုင်တာလဲ။

"လူကြီးမင်း ခေါ်ဆိုသောဖုန်းသည် သတ်မှတ်ချိန်အတွင်း ဖြေကြားခြင်းမရှိပါသဖြင့် ခေတ္တစောင့်ဆိုင်းပြီးမှ ပြန်လည်ခေါ်ဆိုပါရှင်"

ဖုန်းမှ ပြန်ဖြေကြားလျှင် မင်းကောန် ပို၍ စိတ်လှုပ်ရှားကာ နေမထိ ထိုင်မသာ ဖြစ်လို့သွားသည်။

ထိုဖုန်းက ဆင့်လက်ထဲမှာရှိမနေလို့လား။

ဒါမှမဟုတ် ရှိနှင့်လျက်နှင့် သူ့ကိုရှက်ရွံ့၍ မကိုင်တာလား။

ရှက်နေလို့ မကိုင်တာဆိုရင်။

ဟင့်အင်း၊ ဆင့်ရယ် မောင့်ကိုရှက်မနေပါနဲ့။

ချစ်တဲ့စိတ်နဲ့ မောင် ဆက်သွယ်တာပါ။ မောင့်ကို ဆက်သွယ်ခွင့်ပြုပါ ဆင့်ရယ်။ ဆင့်ကို မောင်ချစ်တယ်။ ဆင့် ဘယ်မှ ထွက်မသွားပါနဲ့။ မောင့်ရင်ခွင်နဲ့ဝေးတဲ့ဆီ မသွားပါနဲ့ချစ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ဘဝထဲ ဝင်ခဲ့ပါ။

မောင့်အချစ်ကို ခံစားလှည့်ပါ။

သူ့နှလုံးသားထဲက စကားလုံးတွေကို ဆင့်လေး ခံစားဖို့ မပြင်တမ်း message ပို့နေမိသည်။

ဆင့်ရယ်။

မောင့်ကို ပစ်ခွာမသွားပါနဲ့။

မောင်ရှူးလိမ့်မယ် ဆင့်။

✿ ✿ ✿

## အခန်း (၄၄)

"ဟင့် ဟင့် ဟင့် သမီး"

ဒေါ်ရွှေလှိုင်မွှင့် ထိထိရှရှ ငိုချမိ၏။

"တိတ်ပါ လှိုင်ရယ်၊ သမီးလေးကို တွေ့အောင် ကိုကို ရှာပေးဦးမယ်"

"ဘယ်မှာမှ ရှာလို့မတွေ့ဘူးလေ"

"အချိန်ယူပြီးရှာရင် တွေ့နိုင်ပါတယ် လှိုင်ရယ်"

"ဟင့်အင်း လှိုင် ခုချက်ချင်းတွေ့ချင်တယ်။ ဟင့် ဟင့် ဟင့်"

ဒေါ်ရွှေလှိုင်မွှင့် ဖွတ်အတင်းပြောနေလျှင် ဦးလှဝင်း သက်မရှည်ကြီးချ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး ခုလိုဖြစ်ရတာ ကိုကို့ကြောင့်"

ဦးလှဝင်းရင်မှာ ပို၍ ဆို့နစ်သွားသည်။

"ပြောပါလှိုင်ရယ် ပြောပါ။ သမီးခုလိုဖြစ်ရတာ ကိုကို့ကြောင့်ပါ။ ကိုကိုသာ သမီးလေးနဲ့ အရင်ဆွေးနွေးခဲ့ရင် ခုလို သမီးလေး အမြင်စွေ တစ်မျိုးတစ်ဖုံ ဖြစ်မှာမဟုတ်ဘူး။ သမီးလေးကို ကြိုတင်ဖွင့်မပြောခဲ့လို့ သမီးလေးက လှိုင်နဲ့ကိုကို့ကို တစ်မျိုးမြင်သွားတယ်"

"ဟုတ်တယ် အဲဒါ ကိုကို့ကြောင့်"

ဒေါ်ဖူလှိုင်ပွင့် နာနာကြည်းကြည်းပြောလိုက်မိသည်။ လှိုင့်ရဲ့ နာကြည်းမှုတွေကို သူ ခံယူဖို့အသင့်ပါလေ။

လှိုင်နဲ့သူ ချစ်သူဘဝက ပြဿနာပေါင်းသောင်းခြောက်ထောင် နှင့် နှစ်ဖက်မိဘ သဘောထားမတိုက်ဆိုင်မှုအပေါ်မှာ နီးစပ်ခွင့်နည်းပါး နေခဲ့သည်။

ထိုသို့ နီးစပ်ခွင့်နည်းနေခဲ့တာ လှိုင့်မှာ စွန့်စားချင်စိတ်မရှိလို့ဟု သူ စွပ်စွဲခဲ့မိသည်။

လှိုင်က မိဘကျေနပ်အောင် ကြိုးစားလိုသည်။

ဒီလိုနဲ့ပဲ နှစ်ယောက်သား သဘောထားတွေ မမျှဘဲ တင်းမာ နေခဲ့ကြသည်။

သို့သော်လည်း ဘယ်သူမှ မသိအောင် နီးတွေ့ခြင်းတွေနော က် သူ့နှလုံးသားခံစားချက်တွေကို သူ မထိန်းသိမ်းနိုင်ဖြစ်ကာ။





အဲဒီနောက်မှာ သူ့မိဘက သူ့ကို တခြားတစ်ယောက်နဲ့ ကျိတ် စီစဉ်၏။

ထိုအစီအစဉ်ကို သူက လှိုင်နဲ့ တစ်နေရာရာကို ရှောင်ပြေးဖို့ စီစဉ်ခဲ့သည်။

ထိုအချိန်မှာ လှိုင့်မိဘဆွေမျိုးတွေက လှိုင့်ကို အတင်းအကျပ် စောင့်ကြပ်ထိန်းသိမ်းထားလျှင် ဘယ်သူငယ်ချင်းနဲ့မှ အဆက်အသွယ် ပြုလို့မရအောင် ခက်ခဲနေခဲ့သည်။

လှိုင်နဲ့ အဆက်အသွယ်မရနိုင်ဖြစ်နေတဲ့ အတောအတွင်း သူ့ မိဘ ကျိတ်စီစဉ်တဲ့ကိစ္စ အကောင်အထည်ပေါ်လာသည်။

သူ ဘယ်လိုမှ ငြင်းမရတဲ့အဆုံးမှာ သူ တစ်ကိုယ်တည်း ထွန်းထွက်ရလေသည်။

သူငယ်ချင်းတစ်ယောက်ရဲ့အစီအစဉ်နဲ့ နယ်စပ်မြို့သွားပြီး တစ် ဖက်နိုင်ငံတွင်းဝင်ကာ မိဘတွေ လက်လှမ်းမမီတဲ့နေရာမှာ ရှောင်ခဲ့ သည်။

ထိုသို့ရှောင်နေခြင်းက သူနဲ့ ပို၍ဝေးစေသည်။ ထိုကတည်းက လှိုင်က သူ့ကိုစိတ်နာကာ စားပြီးနားမလည်တဲ့ချစ်သူဟု အပြစ်အတင် ထားခဲ့သည်။

ဒီလိုနဲ့ နှစ်ပေါင်းများစွာ အဆက်အသွယ်ပြတ်တောက်လျက် လွန်ခဲ့တဲ့နှစ်ပိုင်းလောက်မှာမှ လှိုင့်သတင်းသဲ့သဲ့ ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



လှိုင့်မှာ သမီးလေးတစ်ယောက်ရှိသည်ဟု ကြားရလျှင် သူ့ရင်အခုန်မြန်နေခဲ့သည်။

လှိုင်ဟာ သူ့ကြောင့် လှိုင့်မိဘအသိုင်းအဝိုင်းရဲ့ စွန့်ပစ်ခြင်းခံရကာ သမီးလေးကို လူမသိ သူမသိ မွေးဖွားခဲ့ရသည်။

ဒါ့ပြင် သူစိမ်း ပတ်ဝန်းကျင်ကြားမှာ ကျင်လည်ခဲ့ရတာ သမီးလေးရဲ့ သက်တမ်းတစ်လျှောက်ရယ်ပါ။

သူ့ကြောင့် လှိုင်နဲ့သမီးလေး ခုလိုခံစားရတာ။

ဒါကြောင့် လှိုင့်ကို သူ အနူးအညွတ်တောင်းပန်ခဲ့ရတာ နှစ်ကြာခဲ့ပြီ။

သို့သော်လည်း လှိုင့်နှလုံးသားက သံခဲလို မာကျစ်နေခဲ့သည်

သူ့ဘက်က ဖွတ်အတင်း ကြိုးစားကာမှ လှိုင်က လက်ခံ... သမီးက တလွဲမြင်နေသည်။

ဘာပဲဖြစ်ဖြစ် လှိုင့်အပေါ် သမီးလေး တလွဲမြင်နေတာ သူ့ကြောင့်လေ။

အဲဒီအတွက် သမီးလေး ကျေနပ်အောင် တောင်းပန်ဖို့ သူ့ဘက်က တာဝန်ရှိသည်။

တောင်းပန်ချင်လို့ ဖွင့်ပြောဖို့စီစဉ်ကာမှ သမီးလေး ရက်အားပိုပြီး လှိုင့်ရင်ခွင်ထဲက ပြေးထွက်သွားတဲ့ဖြစ်စဉ်။

“တိတ်ပါ လှိုင်ရယ်၊ ကိုကိုတွေ့အောင် ရှာပေးပါ့မယ်၊ သမီး





တွေ့အောင်ရှာဖို့လည်း ကိုကို စီစဉ်ပြီးသားပါ။ တိတ်ပါ လှိုင်ရယ်၊ တိတ်ပါ”

“ဟင့် ဟင့် ဟင့်”

လှိုင့်မျက်ရည်တွေ ရပ်တန့်သွားဖို့ သူ့ရင်ခွင်နဲ့ နှစ်သိမ့်ပေးရမယ်လေ။

ဒါကြောင့်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၅)

"ကေန်"

သူတကျော် လှမ်းခေါ်တာ ကြားရပေမယ့် သူ လှည့်မကြည့်ဖြစ်ပါ။ ဆင့် ဖုန်းလေးကိုသာ အဆက်မပြတ်ခေါ်ဆိုနေမိသည်။

ဖုန်းက ခေါ်တိုင်းဝင်ပေမယ့် ဆင့်ဘက်က မကိုင်တော့ သူ့နားမှာ မီးတောက်မီးလျှံနှယ် ပူလှ၏။

ဒါကြောင့် ဖုန်းခေါ်လိုက် message ပို့လိုက်နှင့် ဗျာများနေသည်။ သက်တန့်တို့ သူငယ်ချင်းတွေအားလုံး မင်းကေန်၏ ခံစားချက်ကို နားလည်ပေးနိုင်ပါသည်။

ထို့ကြောင့် မင်းကေန်ကို စိတ်ရှည်ရှည်နှင့် ဆက်ဆံနေမိခြင်း





ဖြစ်သည်။ ခုလည်း ဖုန်းနဲ့ အလုပ်ရှုပ်နေတဲ့ ကေန့်အပါး ဝိုင်းအားပေး၍

"ကေန် မင်းကို ဇေရတီက တွေ့ချင်လို့"

"ဘာ ဇေရတီ"

"ဟုတ်တယ်"

"ဘယ်က ဇေရတီလဲ"

မင်းကေန် လုံးဝမသိပါ။ မသိတဲ့ မိန်းကလေးတစ်ယောက်က သူ့ကို တွေ့ချင်တယ်ဆိုတော့ သူ တအံ့တသြ မော့ကြည့်မိသည်။

ဖင်ကိုတို့နဲ့ ယှဉ်လျက်ရပ်နေတဲ့ ပြေပြစ်ချောမောလှသော အမျိုးသမီးတစ်ဦး။ သူမက သူ့အသက်လောက်ရှိမည်ဟု ထင်ရသည်။

ဆင့်လို ငယ်ရွယ်နုသစ်သောအလှတို့ ဝေဖြာမနေ။

တည်ငြိမ်သောအလှဖြင့် ကြန့်ရှိနေသည်။

"ဇေရတီဆိုတာ ဒီအစ်မပဲ ကေန်"

ဗညားက မိတ်ဆက်ပေး၏။ သူက မျက်မှောင်ကုပ်ကြည့်၍ မေးလိုက်သည်။

"ဘာကိစ္စလဲ"

"ရှင်းပြစရာလေးရှိလို့ပါ ကိုကေန်"

"ဘာကိုရှင်းပြမှာလဲ"

"ဆင့်လေးနဲ့ကိုကို၊ အဲ ရာဇသစ်ကိစ္စ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဝုန်းခနဲ ထရပ်လိုက်သည်။ ဆင့်နဲ့ထိုလူကိစ္စ။ ဘာဖြစ်လို့ ထိုကိစ္စ သူ့ဆီလာပတ်သက်နေရတာလဲ။

သူတင်းမခံနိုင်အောင် ဖြစ်သွားတာကို သူမ အနည်းငယ်လန့်သွားဟန်။

သူငယ်ချင်းတွေ ရှိပ်မိတာကြောင့် သက်တန့်က ကမန်းကတမ်း ဝင်ပြောဟန်။

"ဇကန် မင်း စိတ်ငြိမ်ငြိမ်ထားပါကွာ။ ဒီအစ်မက ရိုးရိုး သားသား လာရှင်းပြတာပါ"

"ဟုတ်ပါတယ်၊ ဖေက ရာဇသစ်ကိုယ်စား လာရှင်းပြတာပါ ကိုကိုက ကိုဇကန့်ကို တိုက်ရိုက်ရှင်းပြချင်ပေမယ့် အဲဒီနေ့က ကိုဇကန် နှင်ထုတ်တာနဲ့ ပေါက်ကွဲပြီး နောက်ဆုတ်ခဲ့တာပါ။ တကယ်တော့ ကိုကို ဆင့်လေး ဘာမှမဖြစ်ပါဘူး။ အဲဒီညက"

သူမျက်လုံးစုံမှိတ်ထားလိုက်သည်။ မကြားချင်ဘူး။ မသိချင် ဘူးဆိုကာမှ အတင်းကာရော လာပြီး ရှင်းပြနေသည်။

"ရှင်းပြရတာကလည်း ကိုကို့စိတ်ဓာတ်နဲ့ ကိုယ်ကျင့်တရားကို ဖေ ယုံကြည်လို့ပါ ...။

ဆင့်လေးကို ကိုကို အရူးအမူး မြတ်နိုးနေခဲ့တာ သူမ သိသည် ထိုညက ဆင့်လေးကို သိုသန့်နားနေခန်းထဲ နေစေတာက ရိုးရိုးသားသား ပါ ...။





ဆင့်လေး အိပ်ပျော်နေပေမယ့် ကိုကိုက ထိုင်ကြည့်နေရုံတင် လေးပါ။ နောက်ပြီး ဆင့်လေးက ကယောင်ကတမ်းနဲ့ မင်းဇကန်ကို ချစ်တဲ့အကြောင်းတွေ ရေရွတ်နေတာလေ ...။

သူ့ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ လှုပ်ခါသွားသည်။ ရင်ထဲမှလည်း ချစ်သူကို ပို၍လွမ်းဆွတ်သွားဟန်။ ထိုအခါ ကိုကို့မှာ ဆင့်လေးကို ကရုဏာ သက်လို့သွားသည်။ ဆင့်လေးက ရုတ်တရက် ကိုကို့ကိုမြင်တော့ လန့်ဖျပ် ပြီး ထင်မိထင်ရာ ထင်တာလေ ...။

ဒါတင်မက ဆင့်မာမီက ဆင့်ကို ကိုကိုနဲ့ သဘောမျှနေတာမို့ ထိုအခြေအနေကို အသေဆုပ်ကိုင်တာမျိုး ...။

အဲဒီအတွက် ဖေ ရှင်းပြချင်တာပါ။ ကိုကိုက ရှက်လည်း ရှက်နေတယ်လေ။ ဆင့်မာမီက ငြိစွန်းနေတယ်လို့ ထုတ်ပြောတော့ မျက်နှာ အားမတတ်အောင် ဖြစ်သွားတာ။ အဲဒီအတွက် ဆင့်လေးကို ရှင်းပြဖို့ ကြိုးစားပေမယ့် မအောင်မြင်ဘူး။ ပြီးတော့ ကိုဇကန်ကိုလည်း ရှင်းပြချင် လို့ ကိုကိုလာတွေ့တာပါ။ အဲဒီကိစ္စ ရှင်းပြခွင့်မရရင် ကိုကိုလည်း ရှက်စိတ် နဲ့ တစ်ခုခုကို ထင်ရာလုပ်သွားနိုင်တယ်။ ဒါကြောင့် ဖေက ကိုဇကန့် သူငယ်ချင်းတွေကို အကူအညီတောင်းပြီး လာရှင်းပြတာပါ"

သူ သက်မရှည်ကြီး ချပစ်လိုက်သည်။

"ခုလို လာရှင်းပြလို့လည်း ဘာထူးမှာလဲ။ ဆင့်က ဘယ်သူနဲ့မှ အဆက်အသွယ် မလုပ်တော့ဘူး။ ဘယ်လိုမှလည်း ဆက်သွယ်လို့



www.burmeseclassic.com

www.burmeseclassic.com



မရတော့ဘူး''

''ဆင့်အတွက် ဖေတို့လည်း စိုးရိမ်ပါတယ်။ ဆင့်ဒယ်ဒီနဲ့မာ
လည်း လက်လှမ်းမီသလောက် စုံစမ်းနေပါတယ်။ ဖေတို့လည်း ဝိုင်းကူ
စုံစမ်းပေးမှာပါ။ စိတ်ချပါ ကိုမင်းကေန်။ ဆင့်ဆီလေးသတင်းရတာနဲ့ ဖေ
အကြောင်းကြားပေးမှာပါ''

''ဟုတ်သားပဲ ကေန်ရာ၊ အခုဆို ဆင့်အတွက် မင်းလို
အားလုံး ပူပန်နေကြတယ်ကွ''

သူ့သူငယ်ချင်းတွေကလည်း သူ့ကို ဝိုင်းပြောကြ၏။

''ကျေးဇူးပြုပြီး ဆင့်သတင်းသာ ရအောင်ကူညီဗျာ''

နောက်ဆုံး သူပြောနိုင်တာ ဒါပဲဖြစ်သည်။

✿ ✿ ✿

BURMESE CLASSIC

## အခန်း (၄၆)

''တီ တီ တီ''

''ဟင်''

သူ့လက်ကိုင်ဖုန်းလေး အသံမြည်လာ၏။ ကမန်းကတန်းဖြင့် ပေကျာပေါ်မှ ဖုန်းနံပါတ်ကို ကြည့်စဉ် ဆင့်လေးဖုန်းနံပါတ်။

ဆင့်ဖုန်းနံပါတ်ဖြစ်နေလျှင် သူ့ရင်အခုန်မြန်ကာ ချက်ချင်း ဖုန်းထူးကာ တရစပ်ပြောချလိုက်သည်။

''ဆင့် ဆင့်လေး အခု ဘယ်မှာလဲ။ မောင် လာခဲ့မယ်။ ဆင့် ဘယ်ကိုမှ ရှောင်ပြေးစရာလိုပါဘူး အချစ်ရယ်။ ဆင့်ကို မောင်ချစ်တယ်။ ဆင့်လည်း မောင့်ကိုချစ်တယ် မဟုတ်လား။ ဆင့်နဲ့မောင့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ချစ်တာကလွဲပြီး တခြား ဘာမှမလိုအပ်ဘူး။ ဆင့် အခု ဘယ်မှာလဲ။ ပြောလေ ဆင့် မြန်မြန်ပြောစမ်းပါ။ ဆင့်နဲ့ အဆက်အသွယ်မရရင် မောင် ရူးလိမ့်မယ် ဆင့်ရယ်။ ဆင့်"

"ဟို ဟို ဆရာကြီး"

"ဟင်"

သူ့ဘက်က စိတ်လှုပ်ရှားမှု ပြင်းထန်စွာပြောနေသလောက် တစ်ဖက်က ထွက်လာတဲ့ ယောက်ျားလေးသံ။

သူနဲ့ဆင့်တို့ ဆုံတွေ့ခြင်းအမှတ်သင်္ကေတ ထိုဖုန်းနံပါတ်က သူမဟုတ်တဲ့ တခြားယောက်ျားတစ်ယောက်ဆီ ဘာကြောင့် ရောက်နေရတာလဲ။ သူ့ရင်မှာ ပူလောင်တဲ့မေးခွန်းများစွာ ဖြစ်တည်ကာ–

"မင်း မင်း ဘယ်သူလဲ၊ ဘယ်ကလဲ။ ဆင့်လေးဖုန်း ဘာကြောင့် မင်းလက်ထဲ ရောက်နေရတာလဲ"

"ဟိုးထားဆရာကြီး။ အသက်လေး,ဘာလေး ရှူပါဦးဗျာ"

"ဟ မရှူနိုင်ဘူးကွ။ မင်း မြန်မြန်ပြောကွာ"

"ပြောမှာပါဗျာ။ ပြောချင်လွန်းလို့ ဒီဖုန်းမှာပေါ်နေတဲ့ တစ်ခု တည်းသော ခင်ဗျားဖုန်းနံပါတ်ကို ခေါ်မိတာဗျ။ ခင်ဗျား စိတ်တည်ငြိမ် အောင်ထားဗျာ"

"ဟင် စိတ်တည်ငြိမ်ထားရမယ်။ ဆင့် ဆင့် ဘာဖြစ်လို့လဲ"

"ကျွန်တော် ပြောမယ်၊ ခင်ဗျား ပါးစပ်ပိတ်ပြီး နားထောင်ပေးပါ





အိုကေနော်"

"ကျွတ်"

သူသိချင်နေသလောက် တစ်ဖက်ကလည်းပြောပြလိုသည်။ သို့ သော်လည်း သူ့ဘက်က စိတ်တွေ တအားလှုပ်ရှားနေမင့်သည်။

ဒါပြင် ဆင့်အကြောင်းလည်း သိလိုလှသည်။ သို့မို့ကြောင့် တစ်ဖက်က ပုဂ္ဂိုလ်လေးပြောတဲ့အတိုင်း သူ့ပါးစပ်လေး ပိတ်၊ နားထောင် နိုင်ဖို့ အရေးကြီး၏။

မင်းဇေကန် ခေါင်းလေးအသာဆတ်၍ –

"ကဲ ကဲ ပြော၊ ကိုယ်ပါးစပ်ပိတ်ပြီး နားထောင်ပေးမယ်"

"အိုကေ၊ အဲဒါဆို ကျွန်တော် ပြောမယ်။ သေချာနားထောင်"

သူ သေချာနားထောင်လျှင် ထိုကောင်လေး ဝဏ္ဏပြောသည်က သူ့ဆရာမဆီကို ညည်သည်မိန်းကလေး ရောက်လာသည်။ ထိုညည်သည် မမှာ လက်ကိုင်ဖုန်းတစ်လုံးမှလွဲ၍ ဘာမှပါမလာ။

ဆရာမနဲ့ မမ ဘာတွေပြောကြဆိုကြလဲဆိုတာ ဝဏ္ဏ နားထောင် ခွင့်မရပါ။

ထို့နောက် ထိုမမကို ဆရာမအနားဌနေရန် ဆရာမက ဖျောင်း ဖျ၏။ ထိုမမကလည်း ဆရာမကိုပဲ အားကိုးပြီးလာတာဆိုတော့ ဆရာမနဲ့ အတူနေမည်ပေါ့။

ဆရာမနဲ့မမ အတူနေသည်က ဝဏ္ဏအတွက် သာယာနိုယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားတာက မမရဲ့ဖုန်းက တစ်ချိန်လုံး အသံမြည်နေသော်လည်း ထိုမမ ဖုန်းမကိုင်ပါ။ ဖုန်းသံကို ပိတ်ထားရင်း တစ်ဒိုတည်း ဖြစ်နေရှာသည်။

ဒါ ဘာကြောင့်လဲ။

ဝဏ္ဏ သိလိုလှသည်။

ထို့ကြောင့် ထိုမမ အိပ်ပျော်နေတုန်း မလွှတ်တမ်းဆုပ်ကိုင်ထားတဲ့ ထိုဖုန်းကို ဝဏ္ဏ ဖျတ်ခနဲယူပြီး ဖွင့်ကြည့်၏။

Message တွေက များလိုက်တာ။

သေချာတာက မမဟာ မမချစ်သူ ဒါမှမဟုတ် မမအမျိုးသားနဲ့ စိတ်ကောက်ပြီး ရှောင်ပုန်းနေတာဟု ဝဏ္ဏ ယူဆလိုက်သည်။

ထိုအယူအဆ မှန်,မမှန် သိလိုလှသည်။

ဒါကြောင့် message တွေ ခင်းကြမ်းပို့ထားတဲ့ တစ်ခုတည်းသော ထိုဖုန်းနံပါတ်ကို ခေါ်ဆိုခြင်းဖြစ်သည်။

ထိုအခါ သူ့ရင်တဒိတ်ဒိတ်ခုန်နေသလို နှလုံးသားမှာလည်း တောင့်တလျက်။ ဝဏ္ဏ စကားမဆုံးခင် သူ ဒရဟောမေးလိုက်၏။

"အခု ညီဘယ်မှာလဲ၊ ကိုယ်လာခဲ့မယ်၊ ဆင့်လေးကို လုံးအသိမပေးနဲ့နော်"

"စိတ်ချ အစ်ကို"

"အိုကေ၊ ကိုယ် ခုချက်ချင်း လာခဲ့မယ်"

မိန်းကလေးတအုပ်တိုက်



သူ ဒါပဲပြောကာ ချက်ချင်း ကားပေါ် လွှားခနဲတက်၏။

"သား ဘယ်လဲ"

ဒေါ်ဒေါ်လှမ်းမေးသည်ကို သူ မဖြေအားတော့ပါ။ သူ့ရင်အခုန်မြန်စွာ ဦးတည်နေသည်က ချစ်သူဆီသို့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၅)

"ဆင့်လေး"

"____"

ရုတ်ခြည်းကြားလိုက်ရတဲ့ မောင့်ခေါ်သံ။ ခေါ်သံလေး မဆုံးခင် ဆင့် လှည့်ကြည့်မိ၏။

"ဟင်"

မောင့်ကို ဘွားခနဲမြင်လျှင် ဆင့်နှလုံးသား ရှက်စိတ်လေး ဟုန်းခနဲ ဆောင့်တက်လေသည်။ ထို့ကြောင့် တီချယ့်ပန်းပင်ကလေးများကို မြေဆွပြုပြင်နေရာမှ ဝုန်းခနဲ ထရပ်မိပြီး –

"မလာနဲ့"





"ဆင့်"

"ဟင့်အင်း မ မလာနဲ့"

ဆင့် စိတ်ဆူလောင်စွာပြောရင်း ခြံနောက်ဘက်ဆီသို့ ရှောင်ထွက်သွားလျှင် မင်းဇေကန် စိတ်နှလုံးသားလေး မခံနိုင်ရှာ။ ဆင့်လေးဆီ အပြေးကလေး လိုက်သွားရင်း –

"ဆင့်လေးရယ် ဆင့်လေးကို မောင်ချစ်တယ်။ ဘာဖြစ်လို့ ဆင့်လေး မောင့်ကို ရှောင်နေခဲ့တာလဲကွယ်"

"ဟင့်အင်း ဆင့်ရှက်တယ်"

"ရှက်စရာမလိုပါဘူး ဆင့်ရဲ့။ အချစ်မှာ ရှက်စရာတွေ မလိုအပ်ဘူး။ လာ ဆင့်"

ဆင့်လေးလက်များကို မင်းဇေကန် လှမ်းဆွဲလိုက်သလို ဆင့်ကိုယ်လုံးလေးကိုလည်း ဆွဲပွေ့လိုက်၏။

"ဟင်"

ဆင့်မျက်လုံးလေးအပြူးသားနှင့် ရင်ဖိုရလေသည်။

"မောင်"

"ဖြောင်း ဖြောင်း ဖြောင်း"

ဆင့်ခေါ်သံလေးမဆုံးခင် ဝဏ္ဏရဲ့လက်ခုပ်သံလေး ပေါ်ထွက်လာသည်။

လက်ခုပ်သံကြားရာ ခြံထောင့်ဘက်ဆီသို့ နှစ်ယောက်သား



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်တူကြည့်မိလျှင် တီချယ့်မွေးစားသားတပည့် ဝဏ္ဏကို မြင်သွားသော သည်။

ဝဏ္ဏက ကြည်စင်ရွှင်မြူးသောအပြုံးနုနုလေးနဲ့ သူတို့နှစ်ဦးကို စိုက်ကြည့်၏။ ဒါပြင် မောင်နဲ့ဆင့်ရဲ့ ဆုံတွေ့ခြင်းသင်္ကေတ လက်ကိုင်ဖုန်းလေးကို မြှောက်ပြ၏။

"အို"

ဆင့်နှလုံးသားမှာ ရှက်အားနဲ့ချစ်အားပိုသွားသည်က ဆင်းကယ်လေးထည့်ထားတဲ့ မောင့်လက်ကိုင်ဖုန်းလေးကြောင့် ဖြစ်လေပြီ။

ဒီလိုဆိုတော့လည်း အချစ်က တတီတီမြည်တဲ့ အရာဝတ္ထုလေး ဖန်တီးပေးတဲ့ ပွဲ့စာနယ်။

BURMESE CLASSIC

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

မိန်းကလေး

အမှတ် ၄၅ (B)၊ ၆-လွှာ၊ ဦးလွန်းလမ်း

အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉၄၄၉၂၅၁၄၁၇၊ ၀၉၂၅၅၈၀၃၂၅၇

မိန်းကလေးစာအုပ်တိုက်

www.burmeseclassic.com